စိတ်ကူးချိုချိုအနုပညာ



Randy Charles Epping

THE 21st CENTURY ECONOMY

# ၂၁ ရာစု စီးပွားရေး

ခင်မောင်ညို ( ဘောဂဗေဒ )

myyoe.com

mgyoe.com

Randy Charles Epping

# THE 21st CENTURY ECONOMY



KMN0032
2,700.00 KS

၂၁ ရာစု စီးပွားရေး
ခင်မောင်ညို(ဘောဂဗေဒ)

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၄၀၀ ၅၉၀ ၀၅၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၄၀၀ ၅၇၂ ၀၅၁၁ |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ |
| မျက်နှာဖုံးဒီဇိုင်း | - | အမ်အက်စ်အို |
| ကွန်ပျူတာစာစီ | - | အီးဂဲလ် |
| လက်ခွဲပလင် | - | အောင်ဇော် |
| စာအုပ်ချုပ် | - | ကိုတင်အေး(လှိုင်) |

၃၃၀
ခင်မောင်ညို(ဘောဂဗေဒ)
၂၁ ရာစုစီးပွားရေး /
ခင်မောင်ညို(ဘောဂဗေဒ) -ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၁၊
စာမျက်နှာ ၂၂၃ မျက်နှာ၊
၁၄ •၅ စင်တီ× ၂၁ စင်တီ
(၁) ၂၁ ရာစုစီးပွားရေး

၂၀၁၁၊ ဩဂုတ်လ၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၇၀၀ ကျပ်


mgyoe.com

mgyoe.com

# မာတိကာ


နိဒါန်း

၁။ ဖြန့်ကျက်ပေါက်ကွဲစီးပွားရေးဆိုသည်မှာ ၉

၂။ နိုင်ငံအဆင့်စီးပွားရေး (Macroeconomic) ဆိုသည်မှာ ၁၇

၃။ ဗဟိုဘဏ်များနှင့် ကမ္ဘာ့အကြပ်အတည်းများ ၂၃

ကမ္ဘာ့စီးပွားရေး အဆောက်အအုံကို မည်သူထိန်းချုပ်သနည်း

၄။ လွတ်လပ်သောကုန်သွယ်ရေးနှင့် အထီးကျန်ဝါဒ ၄၃

(၂၁) ရာစုတွင် ကုန်သွယ်မှုစစ်ပွဲများကို မည်သို့ရှောင်ရှားကြမည်နည်း

၅။ ကမ္ဘာ့စီးပွားရေးအဆောက်အအုံသစ်တွင် ငွေကြေးများအလုပ်လုပ်ပုံ ၆၀

၆။ ကမ္ဘာ့ဆန်လာခြင်းကို အဘယ်ကြောင့်မုန်းကြသနည်း ၇၃

၇။ ပုံရိပ်ယောင်စီးပွားရေးအဆောက်အအုံ ၈၁

၈။ ကမ္ဘာ့စီးပွားရေးအဆောက်အအုံတွင် ရင်းနှီးမြှုပ်နှံကြပုံ ၉၃

၉။ ၂၁ ရာစု စီးပွားရေးအဆောက်အအုံ၌ ရင်းနှီးမြှုပ်နှံမှုများကို နှိုင်းယှဉ်ကြပုံ ၁၁၈

၁၀။ ကမ္ဘာတစ်ဝှမ်းရှိ စီးပွားရေးအဆောက်အအုံများကို မည်သူများက ၁၂၄

အမှန်တကယ် ထိန်းချုပ်ကြသနည်း

၁၁။ ကုမ္ပဏီများ၏ အုပ်ချုပ်မှုနှင့် ကုမ္ပဏီများ၏ လောဘ ၁၃၄

၂၁ ရာစု စီးပွားရေးအဆောက်အအုံတွင် စီးပွားရေးလုပ်ငန်းများကို စီမံခန့်ခွဲပုံ

၁၂။ Hedge Fund And Derivative Traders ၁၄၄

အင်အားကြီး ရန်ပုံငွေအဖွဲ့များနှင့် ဆင့်ပွားငွေချေးစာချုပ် ရောင်းဝယ်သူများ

၁၃။ ဝင်ငွေ ဆုတ်ကပ်ကြုံနိမ့်မြင့်ကွာခြားမှုနှင့် ဖွံ့ဖြိုးမှု ၁၅၅

၂၁ ရာစုတွင် ဆင်းရဲမှုလျှော့ပါးရန် ဆောင်ရွက်ခြင်း

၁၄။ ၂၁ရာစုတရားမဝင်စီးပွားရေးအဆောက်အအုံ၊ မူးယစ်ဆေးဝါး ၁၆၉

ကျွန်ပြုမှုနှင့် တရားမဝင်သော ရောင်းဝယ်မှုများ

၁၅။ ၂၁ရာစုတွင် အကောင်းဆုံးသောစီးပွားရေးစနစ် ၁၈၅

၁၆။ လူဦးရေအပြောင်းအလဲက ကမ္ဘာ့စီးပွားရေးအဆောက်အအုံကို ပြောင်းလဲစေပုံ ၁၉၁

လူဝင်၊ လူထွက်နှင့် အခြားနိုင်ငံများသို့ အလုပ်များတင်ပို့ခြင်း

၁၇။ မြစိမ်းရောင်စီးပွားရေးအဆောက်အအုံဆိုသည်မှာ ၁၉၉

၁၈။ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ကမ္ဘာ့ကူးစက်ရောဂါများ ၂၁၃

ကမ္ဘာ့စီးပွားရေး အဆောက်အအုံတွင် အများပြည်သူ၏ ကျန်းမာရေးသည်

အဓိက အကြောင်းတရားဖြစ်လာပုံ

နိဂုံး ၂၂၁


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ဘာသာပြန်သူထံမှ

**သမီးကြီး – ညိုသူနွယ်...**

သမီးကို "သမီးကြီး" လို့ခေါ်တော့ "သမီးငယ်"တွေ ဘာတွေရှိသေးသလားလို့ ခင်မင်တဲ့ မိတ်ဆွေတွေက နောက်ကြတယ်။ တက္ကသိုလ်မရောက်ခင်က သမီးက "သမီးလေး" အခု တက္ကသိုလ်ကျောင်းသူကြီး ဖြစ်သွားတဲ့အတွက် "သမီးကြီး"လို့ ဖေဖေဖြေခဲ့တယ်။ ခါတိုင်း သမီး "ဆုနွယ်"ဒါမှမဟုတ် ငယ်နာမည်အတိုင်း "ကူးကူး" လို့မခေါ်ဘဲ "ညိုသူနွယ်" လို့ ခေါ်တာက သမီးရဲ့ "ကလောင်နာမည် "ဖြစ်တယ်ဆိုတာ ရင်းနှီးတဲ့သူတချို့ သိပြီးသားပါ။ သမီးက ဖေ့ဖေ့ နာမည်ထဲက "ညို" ၊ မေ့မေ့ကလောင်နာမည် မအိမ်သူထဲက "သူ" ရယ်၊ ပြီးတော့ သမီးရဲ့ နာမည်ရင်း (တကယ်တော့ ဖွားဖွားရဲ့နာမည်ကို အမွေဆက်ခံထားတာ) တွေနဲ့ ကလောင်နာမည် လုပ်ထားတာ မဟုတ်လား။

ဖေဖေ ၁၉၉၆ ခုနှစ်တုန်းက ပထမဆုံး နိုင်ငံခြားခရီးစဉ်အနေနဲ့ အမေရိကန်နိုင်ငံကို ရောက်စဉ် ဆန်ဖရန်စစ္စကို စာအုပ်ဆိုင်မှာ Randy Charles Epping ရဲ့ A Beginner's Guide to the World Economy ဆိုတဲ့ စာအုပ်လေး ရခဲ့တယ်။ စာအုပ်ကို ဘာသာပြန်ပြီး ဆောင်းပါး တွေခွဲလို့ အဲဒီအချိန်က မဂ္ဂဇင်းတွေမှာ ထည့်ခဲ့တယ်။ ပြီးတော့ "ကမ္ဘာ့စီးပွားရေး မိတ်ဆက်"ဆိုပြီး လုံးချင်းစာအုပ်အနေနဲ့ ထုတ်ဝေခဲ့တယ်။ ၂၀၀၈ ခုနှစ် ဇန်နဝါရီလမှာ ဦးစန်းဦးရဲ့ စိတ်ကူးချိုချို စာပေက ဒုတိယအကြိမ် ထုတ်ဝေခဲ့တယ်။

ဘယ်လိုရေစက်ရယ် မသိပါဘူး။ နောက်ထပ် အမေရိကန်နိုင်ငံကို (အခုအထိ) နှစ်ခေါက် ထပ်ရောက်သေးတယ်။ ဖေ့ဖေ့ ထုံးစံအတိုင်း စာအုပ်ဝယ်ဖို့ပဲ ချောင်းနေရာက ၂၀၀၉ ခုနှစ် ဧပြီလ ၆ ရက်နေ့ကျ မေရီလင်းပြည်နယ်၊ ရော့က်ဗီးလ်က စာအုပ်ဆိုင်တစ်ဆိုင်ကို ရောက်တယ်။ အဲဒီမှာ Randy Charles Epping ရဲ့ စာအုပ်အသစ်စက်စက် The 21st Century Economy ကို သွားတွေ့တော့ ဖေ့ဖေ့သား ကိုကျော်ကျော်သိန်းက ဖေ့ဖေ့ကို မွေးနေ့လက်ဆောင်အနေနဲ့ တခြား စာအုပ်တွေနဲ့အတူ ဝယ်ပေးလိုက်တယ်။

mgyoe.com

mgyoe.com အခုသမီးရဲ့ မွေးနေ့မှာ ဒီစာအုပ်ကို ဘာသာပြန်လို့ လုံးဝပြီးစီးတယ်။ ဒီကနေ့ပဲ အမေရိကန်ရောက် တစ်ခြားဖေ့ဖေ့သား (တပည့်တွေကို သားသမီးလို့ ခေါ်တာ၊ မသိတဲ့သူတွေက သားသမီး အရင်းတွေလို့ ထင်ကြတယ်။ သမီးတောင်မှ အဖေ့သားသမီးတွေက များလွန်းလို့ သမီးတောင် အကုန်မသိဘူးလို့ ပြောရသေးတယ် မဟုတ်လား) တစ်ယောက်က ဒီစာအုပ်ကို ဘာသာပြန်ဖို့ ကောင်းတယ်ဆိုတော့ ဖေဖေက ဘာသာပြန်ပြီးပြီ၊ ထုတ်ဝေခွင့်ပြုဖို့ လျှောက်ထားမယ်ဆိုတဲ့အကြောင်း ပြန်ပြောလိုက်ရတယ်။

ဟိုတစ်နေ့က သမီးကျောင်းတက်တော့ ပထမဆုံးအချိန်ရှိသေး၊ သမီးက စာအုပ်တစ်အုပ်လုံး ဖတ်ပြီးသွားပြီဆိုတော့ ငါ့သမီးနဲ့ တခြားလူငယ်တွေ ဖတ်စရာ ဘောဂဗေဒ စာအုပ်တွေ ရေးရဦးမယ်လို့ အတွေးဖြစ်မိတယ်။ ဘောဂဗေဒ ဆောင်းပါးတွေ ရေးရတာ ပင်ပန်း၊ ဖတ်သူလည်း နည်းလှပေမယ့် ဖတ်ချင်တဲ့သူ၊ ဖတ်ရမယ့်သူတွေအတွက် ဖတ်စရာ သိပ်ရှိတာ မဟုတ်လေတော့ အထောက်အကူဖြစ်စေဖို့ ရည်ရွယ်ချက်နဲ့ ဒီစာအုပ်လေးကို ရေးလိုက်တယ်။ သမီးရဲ့ ၁၇ နှစ်ပြည့် မွေးနေ့အတွက် ဖေ့ဖေ့ရဲ့ မွေးနေ့လက်ဆောင်အဖြစ် ရေးပေးခဲ့တယ်။ ဒီစာအုပ်ဟာ အရင်စာအုပ်ထက် ပိုခက်၊ ပိုပြီးအဆင့်မြင့်၊ ပိုပြီးရှုတ်ထွေးလို့ ဘာသာပြန်ရတာလည်း လက်ဝင်၊ သမီးတို့ ဖတ်ရတာလည်း လွယ်ကူလှမှာ မဟုတ်ပေမယ့် ကြိုးစားဖတ်ရင် သမီးတို့ နားလည်မယ်လို့ မျှော်လင့်ပါတယ်။

ချစ်သော ဖေဖေ
ခင်မောင်ညို (ဘောဂဗေဒ)
၂၀.၁၂.၂၀၁၀

mgyoe.com

mgyoe.com

# နိဒါန်း

ကမ္ဘာ့စီးပွားရေးအဆောက်အအုံကြီးကိုနားလည်ရေးသည် ယနေ့ခေတ်အခါလောက် မည်သည့်အခါမျှ အရေးမကြီးပါ။ ကမ္ဘာ့တစ်နေရာတွင် ဖြစ်နိုင်သည့်ကိစ္စတစ်ခုသည် ကမ္ဘာ တစ်ဝန်းရှိ ကျွန်တော်တို့နှင့် ကျွန်တော်တို့၏ မိသားစုများကို ယခင်နှစ်များက တွေးခေါ်၍ပင် မရသောနည်းများဖြင့် ဂယက်ရိုက်ခတ်မှုများဖြစ်စေနိုင်သည်။

အပြန်အလှန်ဆက်နွယ်မှုများရှိနေသည့် ကမ္ဘာ့စီးပွားရေးအဆောက်အအုံတွင် မဖြစ်နိုင် သည့်အရာမရှိ။ ကမ္ဘာ့တစ်နေရာတွင် စီးပွားရေးကျဆင်းမှုသည် နာရီပိုင်းအတွင်းမဟုတ်လျှင်ပင်၊ ရက်ပိုင်းအတွင်း ကမ္ဘာတစ်ဝှမ်း ဘဏ္ဍာရေးပြိုကွဲမှုကို ဖြစ်စေနိုင်သည်။ အမေရိကန်ပြည်ထောင်စု တွင် ဘဏ္ဍာရေးအကြပ်အတည်း၊ အိုးအိမ်အကြပ်အတည်းမှတစ်ဆင့် ၂၀၀၈ခုနှစ်တွင် ဘဏ္ဍာရေး အကြပ်အတည်းဖြစ်သွားစေသည့်အခါ မျက်မှောက်ခေတ်တွင် အကြီးမားဆုံး စတော့ဈေးကွက် ပြိုကွဲမှုကိုဖြစ်စေသည်။ ကုမ္ပဏီများ၊ နိုင်ငံများ၊ ကမ္ဘာတစ်ဝန်းရှိဘဏ်များ တစ်ခုပြီးတစ်ခုပြိုကွဲ သည့်အခါ ဈေးငွေအကြပ်အတည်းသည် မီးတောင်ကြီးပေါက်ကွဲသကဲ့သို့ ဖြစ်စေသည်။ ငွေများ ပျောက်ကွယ်သွားပြီး ကုမ္ပဏီများအနေဖြင့် ဝန်ထမ်းများကိုထုတ်ပယ်ခြင်း၊ ထုတ်လုပ်မှု လျှော့ချ ခြင်းများကို ပြုလုပ်ရသည်။ ချမ်းသာသည့်နိုင်ငံများမှ မိမိတို့၏ ဒေသတွင်ဆုံးရှုံးမှုများကို ကာမိရန် အတွက် ကမ္ဘာ့အရပ်လေးမျက်နှာတွင် အပ်နှံထားသည့်ရံပုံငွေများကို ဆွဲထုတ်ကြသည့်အခါ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ်၌လည်း ဂယက်ရိုက်ခတ်ခဲ့သည်။ အချိန်အနည်းငယ်အတွင်းပင် စီးပွားရေး အကြပ်အတည်းသည် နိုင်ငံရေးအကြပ်အတည်းနှင့် လူမှုရေးအကြပ်အတည်းဖြစ်လာခဲ့သည်။ လူအများအနေဖြင့် အလုပ်အကိုင်များဆုံးရှုံးကြ၊ အငြိမ်းစားဆုငွေများ ပျောက်ကွယ်ကြ၊ စားစရာ များပြတ်တောက်သွားသည်ကို အချို့နိုင်ငံများ၌ကြုံရပြီး အစိုးရများ ဒုက္ခရောက်ခြင်း၊ လူမှုရေး မငြိမ်မသက်ဖြစ်ခြင်းများကို ကြုံတွေ့ကြရသည်။

mgyoe.com

mgyoe.com

သို့ဖြစ်ရာ စီးပွားရေးပညာတတ်သူများ၊ စာတတ်သူများဖြစ်ပေါ်လာရန် အရေးကြီးသည်။ ဤစာအုပ်၏ ရည်ရွယ်ချက်မှာ ကမ္ဘာ့စီးပွားရေးအဆောက်အအုံတွင် ဘာဖြစ်နေသည်ကို နားလည်မှု ရှိရန်သာမဟုတ်။ အနာဂတ်တွင် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ စီးပွားရေး ဖြစ်ရပ်များ ပေါ်ပေါက်လာလျှင် သဘောပေါက်စေရန်လည်း ရည်ရွယ်သည်။ ယနေ့ခေတ်တွင် သတင်းစာများ ၏ ရှေ့ဖုံးမျက်နှာများ၌ စီးပွားရေးလုပ်ငန်းများ၊ စီးပွားရေးနှင့်ဆက်နွယ်သည့် ဆောင်းပါးများဖြင့် လျှံနေသည်ကိုတွေ့ရသည်။ အင်တာနက်ဝက်ဘ်ဆိုက်များသည်လည်း စီးပွားရေးအကြောင်းအရာ များကို ပို၍အသားပေးဖော်ပြလာကြသည်။ ကျွန်တော်တို့ ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့၌ တွေ့မြင် ရသည့် သတင်းများသည်လည်း စီးပွားရေးအကြောင်းအရာ များဖြစ်နေသည်ကိုတွေ့ရသည်။ သောက်ရေအိုးစင်ဘေးတွင်ရပ်၍ ပြောသည့်ကိစ္စများသည်ပင်လျှင် စီးပွားရေးအကြောင်းအရာ များဖြစ်နေသည်။ မိမိ၏စုငွေ အကြပ်အတည်းတွင်မည်သို့ဖြစ်သွားသနည်း။ ကွန်ဂရက် လွှတ်တော် က ကြုံတွေ့နေရသော အကြပ်အတည်းများမှ ကျော်လွှားနိုင်မည်လား၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံ သူများ ထွက်ခွာသွားကြသဖြင့် စီးပွားရေးပြိုလဲမည်လား၊ ကလေးများ အတွက် ပညာရေးစရိတ်၊ အငြိမ်းစားစရိတ်နှင့် ဆောင်းရာသီလောင်စာစရိတ်တို့ကို မည်သို့ ပေးကြမည်နည်း။ လာမည့်နှစ်များ တွင် ကမ္ဘာတစ်ဝန်း၌ စီးပွားရေးဦးမော့စေရန်အတွက် ငွေကြေး လုံလုံလောက်လောက်ရှိသလား ဟူသော မေးခွန်းများကို ပြောဆိုဆွေးနွေးနေကြသည်။

ကမ္ဘာ့စီးပွားရေးအဆောက်အအုံတွင် အလွန်တရာရှုပ်ထွေးမှုနှင့် ကြုံရပြီးနောက် လူ တော်တော်များများက ပခုံးတတွန့်တွန့်ဖြင့် " သိပ်ခက်တာပဲ၊ စီးပွားရေးပညာရှင်တွေ အဖြေရှာ လိမ့်မယ်" ဟု ပြောတတ်ကြသည်။ သို့သော် ဤထူးဆန်းသောကမ္ဘာသစ်ကြီးထဲ၌ ဆက်လက် ရှင်သန်ရန်၊ တိုးတက်ကြီးပွားရန်ဆိုလျှင် အခြေခံတွေကို နားလည်သဘောပေါက်မှဖြစ်မည်။ ကံဆိုး သည်မှာ ယနေ့ခေတ် စီးပွားရေးပညာရှင်တော်တော်များများက ရှင်းရှင်းလင်းလင်း လွယ်လွယ် ကူကူဖြစ်အောင် ရှင်းမပြတတ်ကြပေ။ ကျွန်တော်တက္ကသိုလ်တွင် တွေ့ကြုံရသည့် စီးပွားရေး ပါမောက္ခသည် အလွန်ထက်မြက်သော သူတစ်ယောက်ဖြစ်သည်။ သူ့ကိုမေးသည့် မေးခွန်း မှန်သမျှကို ဖော်မြူလာတွေ ရှုပ်ရှုပ်ထွေးထွေး ဇယားတွေဆွဲပြီးမှသာ ရှင်းပြတတ်သည်။ ဟုတ်တယ်၊ မဟုတ်ဘူးဟု မည်သည့်အခါမျှ မဖြေနိုင်ပေ။ ညီမျှခြင်းတစ်ခုကိုပြောပြပါရစေ၊ ဒီဂရပ်ကိုကြည့်ဟု စပြီးအမြဲတမ်းပြောလေ့ရှိသည်။ သင်ပုန်းပေါ်၌ရေးသည့် ဂဏန်းတွေ၊ ဂရိစာတွေကို စိုက်ကြည့်ကာ "ဒီလိုပြမှ ကမ္ဘာ့စီးပွားရေးပညာကို နားလည်တော့မှာလား" ဟု အံ့သြခဲ့ဖူးသည်။

ကျွန်တော့်အနေဖြင့် ယနေ့ ရာသီဥတုဘယ်လိုနေသလဲဟု တစ်ယောက်ယောက်က မေးလျှင် ထက်မြက်သည့် ဘောဂဗေဒပညာရှင်များက ဖော်မြူလာတွေ၊ ညီမျှခြင်းတွေချရေးကာ ဖြေမည်ဟုယူဆသည်။ တစ်ခါတစ်ရံ၌ ပြတင်းပေါက်မှလှမ်းကြည့်လိုက်လျှင် ပြီးသည့်ကိစ္စ ဖြစ်သည်။ အဖြေက ကိုယ့်ကို မျက်နှာတည့်တည့်စိုက်ကြည့်နေပြီးသားဖြစ်သည်။

စတော့ညွှန်ကိန်းဆိုသည်မှာဘာနည်း။ ဈေးကွက်တစ်ခုလုံးတွင် ဈေးတွေဘယ်လိုဖြစ်နေ သည်ကို သိရှိရန်အတွက် စတိုးဆိုင်ထဲရှိ ပစ္စည်းအချို့၏ဈေးနှုန်းကို ကြည့်သကဲ့သို့ပင်ဖြစ်သည်။

mgyoe.com

mgyoe.com
ဈေးငွေဖြင့် လိုက်ဝယ်သည့်ကိစ္စမှာ မည်သို့နည်း။ ဆီးဆောတစ်ခုတွင် တစ်ဖက်က အလေးတင်ကာ၊ တစ်ဖက်တွင်တင်ထားသည့်အလေးကို အခြားတစ်ဖက်တွင် အင်အားအနည်းငယ်သုံး၍ မနိုင်မည်ဖြစ်သည်။ ဤသဘောတရားအတိုင်းပင် ဈေးယူထားသောငွေဖြင့် အများအပြားဝယ်ယူနိုင်ရန်အတွက် ငွေကြေးရရှိကြခြင်းဖြစ်သည်။ ကျွန်တော်တို့အားလုံးသည် အပြန်အလှန်ဆက်နွယ်နေသည့် ကမ္ဘာ့စီးပွားရေး၏ နိုင်ငံသားများဖြစ်ကြရာ ကျွန်တော်တို့၏နေ့စဉ်ဘဝကို ဖန်တီးနေသည့် စီးပွားရေးအင်အားများကိုနားလည်မှသာလျှင် အကျိုးအမြတ်ရှိခြင်း၊ ဉာဏ်ပညာရှိရှိ ဆန့်ကျင်ခြင်းတို့ ပြုလုပ်နိုင်မည်။ ကျောင်းသားများ၊ လယ်သမားများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ရာဇဝတ်သားများ၊ ရှေ့နေများ၊ နိုင်ငံရေးသမားများ၊ အိမ်တည်ဆောက်သူများ၊ ပတ်ဝန်းကျင်လှုပ်ရှားရေးသမားအားလုံး မည်သူဖြစ်စေ မိမိ၏အခန်းကဏ္ဍနှင့်မိမိရှိကြသည်။ ကမ္ဘာ့စီးပွားရေးအဆောက်အအုံအကြောင်း အခြေခံနားလည်မှု၊ ကျွန်တော်တို့၏ဘဝများအပေါ်တွင် အကျိုးသက်ရောက်မှုကို နားလည်ခြင်းမရှိလျှင် လူ့အဖွဲ့အစည်းတွင် ထိရောက်ထက်မြက်သော သူများ မဖြစ်နိုင်ကြပေ။

ဤစာအုပ်၏ရည်ရွယ်ချက်မှာ ၂၁ ရာစု၏ စီးပွားရေးအဆောက်အအုံကို နားလည်လွယ်အောင် စစ်တမ်းတစ်ရပ်အသွင်ဖြင့် ဖော်ပြထားသည်။ စားသုံးသူဖြစ်စေ၊ မဲဆန္ဒရှင်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းရှင်ဖြစ်စေ၊ ကျောင်းသားဖြစ်စေ၊ မည်သူဖြစ်စေ ကမ္ဘာ့ဈေးကွက်အသစ်တွင် ရှင်သန်တိုးတက်နိုင်သည်။ ၂၁ရာစု ကမ္ဘာ့စီးပွားရေးအဆောက်အအုံမည်သို့ လည်ပတ်သည်ကို အခြေခံကျကျနားလည်ရန်သာလိုသည်။

ဤသို့ဆိုသဖြင့် ဤစာအုပ်သည် ဖြတ်လမ်းစာအုပ်မဟုတ်ပါ။ ကမ္ဘာ့ဈေးကွက်ထဲတွင် အောင်မြင်သည့်သူတစ်ယောက်ဖြစ်ရန်အတွက် ကမ္ဘာ့ဘဏ္ဍာရေးနှင့် စီးပွားရေးတို့အခြေစိုက်သည့် ဥပဒေသများကို ကောင်းကောင်းနားလည်ရန်လိုသည်။ အင်တာနက်အခြေစိုက် စတော့ရှယ်ယာရောင်းဝယ်မှုများကို၊ အင်တာနက်စီးပွားရေးအခြေခံအကြောင်း လုံးဝနားမလည်ဘဲ ရင်းနှီးမြှုပ်နှံရန် ကြိုးစားပုံကို စဉ်းစားကြည့်ပါ။ မြစိမ်းရောင်စီးပွားရေးအဆောက်အအုံ၏အခြေခံကို ကောင်းကောင်းနားမလည်ဘဲ အစိုးရကို ဇီဝလောင်စာအတွက် တိုးသုံးရန် ဆွဲဆောင်နေရပုံ၊ ထိုမူဝါဒများကြောင့် ကမ္ဘာ့စားနပ်ရိက္ခာအပေါ် မည်သို့အကျိုးသက်ရောက်သည်ကို မသိရှိဘဲ အစိုးရလက်ခံရန် ဆွဲဆောင်ရပုံကို စဉ်းစားကြည့်ပါ။ အစိုးရဒေဝါလီမခံရဘဲ ပြိုကွဲနေသည့်ဘဏ်များကို မည်သို့ ကယ်တင်နိုင်ကြောင်း စဉ်းစားကြည့်ပါ။


ဤစာအုပ်က အကြပ်အတည်းအခက်အခဲများ များပြားသောရာစုသစ်တွင် သွားသည့် ခရီးလမ်းတစ်လျှောက် အထောက်အကူဖြစ်မည်ဟု မျှော်လင့်ပါသည်။

ဤစာအုပ်ကို အစမှအဆုံးသို့လည်းကောင်း၊ အဆုံးမှ အစသို့လည်းကောင်း ကြိုက်သလိုဖတ်နိုင်သည်။ ဤသို့ဖတ်ရာ၌ ညီမျှခြင်းများ၊ ဂရပ်များ တစ်စုံတစ်ရာတွေ့ရမည်မဟုတ်ပါ။ ဤစာအုပ်ကိုဖတ်ပြီးသည့်အခါ ကျွန်ုပ်တို့၏ နေ့စဉ်ဘဝများကိုလွှမ်းမိုးနေသည့် စီးပွားရေးအင်အားစုများအကြောင်းကို နားလည်နိုင်မည်ဖြစ်သည်။ ၂၁ရာစု စီးပွားရေးအဆောက်အအုံကို

mgyoe.com

mgyoe.com
နားလည်ရန်အတွက် စီးပွားရေးသဘောတရားများကိုလည်း ရှင်းပြထားသည်။ နောက်ဆုံး၌ လိုအပ်သည့်အခါ သတင်းများ၌လည်းကောင်း၊ အလုပ်ခွင်၌လည်းကောင်း၊ အတန်းထဲ၌လည်းကောင်း၊ အင်တာနက်၌လည်းကောင်း၊ ရုပ်မြင်သံကြား၌သော်လည်းကောင်း တွေ့ကြုံရသည့်အခါ ၎င်းတို့ကို ကိုးကားနိုင်သည်။ နောက်ဆုံး၌ ၂၁ရာစု စီးပွားရေးအဆောက်အအုံကို နားလည်ရန် ခက်ခဲမည်မဟုတ်ပေ။ ဤစာအုပ်ကိုဖတ်ပြီးလျှင် ကမ္ဘာကြီးကို လေ့လာရန်၊ ပြောင်းလဲပစ်ရန်မှာ သင့်အလိုအတိုင်း သင်ရွေးချယ်သည့်အတိုင်းသာဖြစ်သည်။

■




mgyoe.com

mgyoe.com



# အခန်း ၂

## The 21st CENTURY ECONOMIC


### ဖြန့်ကြက်ပေါက်ကွဲစီးပွားရေးဆိုသည်မှာ
### What is the fusion economy?

ပေါင်းစည်းမှုကြီးမားလာသော ကမ္ဘာ့စီးပွားရေးအဆောက်အအုံက ၂၁ ရာစုတွင် လုံးဝပုံစံသစ်တစ်ခုကို ဖန်တီးခဲ့သည်။ ကမ္ဘာကြီးပူနွေးလာခြင်း၊ ဈေးငွေအကြပ်အတည်း၊ ငွေကြေးတန်ဖိုးများကျဆင်းခြင်း၊ စားနပ်ရိက္ခာအကြပ်အတည်းနှင့် ကုန်သွယ်ရေးစစ်ပွဲများစသည့် အဓိကအားဖြင့် စီးပွားရေးအကြောင်းတရားများအပါအဝင် အကြောင်းတရားများက ကျွန်ုပ်တို့၏ နေ့စဉ်ဘဝကို ပြောင်းလဲပစ်နေကြသည့် သာဓကေ အချို့သာရှိသေးသည်။ နျူကလီးယား ပေါက်ကွဲမှုဖြစ်သည့်အခါ ဟိုက်ဒြိုဂျင်မော်လီကျူးများ ပေါင်းစပ်မိပြီး ထိုသို့ပေါင်းစပ်ရာမှ စွမ်းအင်ပေါင်းမြောက်မြားစွာ ထွက်ပေါ်လာသကဲ့သို့ ပေါင်းစည်းမှုကြီးမားလာသော ကမ္ဘာ့စီးပွားရေးသည်လည်း စွမ်းအင်သစ်ပေါင်းများစွာကို ထုတ်လွှတ်နေပေရာ ထိုစွမ်းအင်များ မည်သို့အသုံးပြုမည်ကို လေ့လာဖော်ထုတ်ရန်လိုသည်။

ဤစီးပွားရေးအဆောက်အအုံသစ်က သာမန်ရိုးရိုးစင်းစင်း လေ့လာပုံနည်းလမ်းများကို အသုံးပြု၍ နားလည်ရန်မတတ်နိုင်အောင် အင်အားစုများ၊ တုံ့ပြန်မှုများကို စုစည်းဖြစ်ပေါ်စေသည်။ ယခင်က ခပ်ရိုးရိုးခတ်စင်းစင်းတွေးကာ စီးပွားရေးကောက်ချက်များကို ဆွဲခဲ့ကြသည်။ ထုတ်ကုန်ပစ္စည်းတစ်ခုပိုကောင်းလျှင် သို့မဟုတ် ကုမ္ပဏီတစ်ခု၏ စွမ်းရည်မြင့်လျှင် ထုတ်လုပ်မှုစွမ်းအားပိုတက်လာသည်။ အားလုံးအတွက် လူနေမှုအဆင့်အတန်းမြင့်မားလာသည်ဟုသာ အဓိပ္ပာယ်ကောက်ခဲ့ကြသည်။ ယခု ထိုမျှလောက် အလွယ်တကူမပြောနိုင်တော့ပေ။ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၌ စီးပွားရေးတိုးတက်လာသည့်အတွက် ကမ္ဘာကြီး ပိုမိုညစ်ညမ်းလာမည်၊ စားနပ်ရိက္ခာတွေ

mgyoe.com

mgyoe.com



ပို၍ ရှားပါးလာစေမည်ဆိုလျှင် တိုးတက်မှုကြောင့် ပို၍ကောင်းသည်ဟု မဆိုနိုင်ပေ။ အပေါင်ခံ လုပ်ငန်းများကို လူအများက လက်လှမ်းမီ သုံးစွဲနိုင်ခြင်းကြောင့် ပြန်ဆပ်နိုင်မည့်အခြေအနေမရှိဘဲ အိမ်ဝယ်ရန် ငွေချေးပြီး အမေရိကန်နှင့် ဥရောပဘဏ်များပြိုကွဲခြင်း၊ အာရှတွင် စတော့ရှယ်ယာ ဈေးကွက်များ ပြိုကွဲခြင်း၊ ကမ္ဘာ တစ်ဝန်း ချေးငွေအကြပ်အတည်းများ ဖြစ်ပေါ်ခြင်း တို့ကို ကြုံခဲ့ရလျှင် ကောင်းသည်ဟု ဆိုနိုင်ပါဦးမည်လား။

ဒေါ်လာ ဘီလီယံပေါင်းများစွာ တန်သော အပေါင်ခံလုပ်ငန်းများကို ကျောထောက် နောက်ခံပြုထားသည့်အာမခံစာချုပ် (Mortgage backed securities) များကို နှစ်စဉ်အရောင်းအဝယ်ပြုကြရာ တစ်ချိန်တွင် အဆင့်နိမ့်ကြွေးမြီဈေးကွက် (Sub-prime debt market) သည် ကမ္ဘာ့ပေါ်၌ အကြီးဆုံးချေးငွေစာချုပ်ဈေးကွက်ဖြစ်သော အမေရိကန်ငွေတိုက်စာချုပ်(U.S.Treasury Bonds) ဈေးကွက်တစ်ခုထက်ပင်ကြီး သွားသည်။ ဘဏ်နှင့် အပေါင်ခံလုပ်ငန်းများက ၎င်းတို့ထုတ်ဝေ ရောင်းချသော အပေါင်များအတွက် ကြုံတွေ့ရမည့် အန္တရာယ်ကို လက်ဆင့်ကမ်းလွှဲပြောင်းပေးနိုင်ကြောင်း သဘောပေါက်လာကြသောအခါ များများထုတ်ဝေ ရောင်းချရေးအတွက် ပို၍ အာရုံစိုက်လာကြပြီး၊ ချေးငွေကိုချေးယူသူတွေက ပြန်ဆပ်နိုင်စွမ်းရှိမရှိကို ဂရုမစိုက်တော့။ ထို့ကြောင့် ချေးငွေရယူရန် သတ်မှတ်ထားသည့်စည်းကမ်းများကိုလျှော့ပေးကာ ဆင်းရဲသားများ၊ ဝင်ငွေနိမ့် ချေးယူသူများကိုပါ အိမ်ဝယ်ရန်၊ အပေါင်ခံသဖြင့် အိမ်ဈေးတွေ မတန်တဆတက်စေခဲ့သည်။ ငွေချေးသူတွေ အတော်များများကလည်း ဈေးတက်လာပြီး ကြွေးတွေပြန်ဆပ်နိုင်မည်ဟု ယူဆကာ အိမ်ဈေးတွေတက်လာလျှင် ငွေထပ်ရမည်ဟုတွက်ပြီး သူတို့မတတ်နိုင်သော အိမ်တွေကို ဝယ်ကြသည်။

အိမ်ဈေးကွက် အရှိန်နှေးသွားသောအခါ အရည်အသွေးနိမ့်ငွေချေးသူများသည် သူတို့ချေးငွေတွေတွေအတွက် ငွေလည်းထပ်မရနိုင်တော့ မူလချေးငွေကိုအသာထား၍ အတိုးကိုပင်မပေးနိုင်တော့ပေ။ ပေါင်နှံပြီးရယူထားသောချေးငွေများကို ပြန်မဆပ်နိုင်မှုများတိုးပွားလာသောအခါ အနိမ့်စားအပေါင်ခံလုပ်ငန်းများကိုအခြေခံ၍ ထုတ်ဝေရောင်းချသော ငွေချေးစာချုပ်များ၏ တန်ဖိုးလည်း ကျလာတော့သည်။ အနိမ့်စားငွေချေးသူအတော်များများ ဒေဝါလီခံရသောအခါ အနိမ့်စားအပေါင်ခံစာချုပ်များ၏ ဈေးနှုန်းလည်း ကျဆင်းသွားတော့သည်။

နောက်ဆုံး၌ အပေါင်ခံလုပ်ငန်းများကို ကျောထောက်နောက်ခံပြုထားသည့် ငွေချေး

mgyoe.com

စာချုပ်များကို ဝယ်ယူထားကြသော ဘဏ်များ၊ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများသည် ကြွေးမြီမူလ တန်ဖိုး၏ ၈၀% တစ်ခါတစ်ရံ လျော့ပစ်ရသည့်အထိ ဖြစ်လာခဲ့သည်။ ထိုသို့ဖြင့် ကမ္ဘာပေါ်က ကုမ္ပဏီများ၊ ငွေကြေးအဖွဲ့အစည်းများ ဆက်လက်လည်ပတ်ရန်လိုအပ်သောငွေကြေးကို တခြား ဘဏ်များ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများက ထုတ်မပေးနိုင်ဟု ငြင်းဆန်ကာ ကမ္ဘာအနှံ့ ချေးငွေ အကြပ်အတည်းကိုဖြစ်စေသည်။ ကမ္ဘာတစ်ဝှမ်းက ဘဏ်များကို ငွေကြေးပြတ်တောက်နေသော အစိုးရများက ကယ်တင်ကြရသည်။ အမေရိကန်ပြည်ထောင်စုတွင် (lehman Brothers) ဆိုသည့် နိုင်ငံတွင်အကြီးဆုံးသော ရင်းနှီးမြှုပ်နှံမှုဘဏ်ကြီး ဒေဝါလီခံရကာ အခြားရင်းနှီးမြှုပ်နှံမှု ဘဏ် ဖြစ်သော Bear Sterns လို အမေရိကန်ဗဟိုဘဏ်၏ အကူအညီဖြင့် မူလတန်ဘိုးမှ မတန်တဆ ဈေးချကာ ရောင်းချခဲ့ကြသည်။ ကမ္ဘာပေါ်တွင် အကြီးဆုံးသော အာမခံလုပ်ငန်းကြီး (AIG) ကို လည်း အမေရိကန်ဗဟိုဘဏ်က ဝင်၍ အာမခံရသည်။ ငွေကြေးအဆောက်အအုံများ စတင် ပြိုဆင်းသောအခါ မည်သို့မျှ မရပ်တန့်နိုင်တော့ပေ။

## အရည်အသွေးနိမ့်အပေါင်များ (Sulbprime Mortagages) ဆိုသည်မှာ

၂၁ ရာစုအစတွင် အိမ်ဈေးများကောင်းသည့်အချိန်က အမေရိကန်ပြည်ထောင်စုရှိ ဘဏ် များနှင့် အပေါင်ခံလုပ်ငန်းများက သာမန်အားဖြင့်ချေးငွေမရနိုင်သော အိမ်ဝယ်သူများကို ချေးငွေ များစတင်ထုတ်ပေးသည်။ ထို 'အရည်အသွေးနိမ့်' ငွေချေးသူများသည် သာမန်အတိုးနှုန်းထက်၊ အနည်းငယ်မျှပိုပေးကာ ချေးနိုင်ကြသည်။ အတိုးနှုန်းများသည် ဈေးကွက်အခြေအနေပေါ် မူတည်ပြီး အတက်အကျဖြစ်နေသည်။ ထိုအရည်အသွေးနိမ့်ချေးငွေများကို ပြန်လည်စုစည်းပြီး၊ ငွေချေးစာချုပ်များအဖြစ်ပြန်လည်ရောင်းချကာ ဖရန့်ဖတ် (ဂျာမနီ) အစ တိုကျို၊ ဂျပန်နှင့် ဇူးရစ် အဆုံး ဘဏ်များ၊ ငွေကြေးကုမ္ပဏီများ အပါအဝင် ကမ္ဘာတဝှမ်းလုံးရှိ ရင်းနှီးမြှုပ်နှံသူများကို ပြန်လည်ရောင်းချသည်။ ငွေချေးစာချုပ်အတော်များများသည် ပြန်မဆပ်နိုင်သည့် အလားအလာ နည်းပါးသည့်အဆင့် AAA ဟူ၍ သတ်မှတ်ထားသည်။ ကံဆိုးစွာ ထိုငွေချေးစာချုပ်အတော် များများသည် တန်ဖိုးမဲ့ဖြစ်ပြီး ကမ္ဘာတဝန်းရှိဘဏ်များ၊ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများ၊ အာမခံလုပ်ငန်း များကို ပြိုကျသွားစေခဲ့သည်။

## အပေါင်ကျောထောက်နောက်ခံပြု အာမခံစာချုပ်များ ဆိုသည်မှာ

အိမ်ဝယ်သူက အိမ် ရောင်းသူ ကို မည်မျှ ပေးရန်ရှိပါသည်ဟု အာမခံချက်ထုတ်ပေးလေ့ ရှိသည် (I OWE YOU) ။ အပေါင်ကို ကျောထောက်နောက်ခံပြုထားသော အာမခံလုပ်ငန်းများ သည် အပေါင်ကို အခြေပြု၍ ငွေချေးယူသည့်ပုံစံတစ်မျိုး၊ ချေးငွေတွေ အပေါင်တွေကဲ့သို့သော အကြောင်းများဖြင့် ကျောထောက် နောက်ခံ ပြုထားသော ငွေချေးစာချုပ် (သို့မဟုတ်) အခြား အာမခံစာချုပ်များကို ဆိုလိုသည်။ ၂၁ ရာစု အစပိုင်း၌၊ အရည်အသွေးနိမ့် အပေါင်များကို ပြန်လည်

mgyoe.com

စုစည်းပြီး၊ ရင်းနှီးမြှုပ်နှံသူများသို့ ငွေချေး စာချုပ်များအဖြစ် ရောင်းချသည်။ ထိုသို့ရောင်းချရာတွင် အနာဂတ်ကာလတစ်ချိန်ချိန်၌ ချေးငွေသည် ငွေချေး စာချုပ်၏တန်ဖိုးကို ကာမိမည်ဟု နားလည်မှု ရှိသည်။ အများမျှော်လင့်ထားသည်ထက် အိမ်မြေ ဈေးများကျသောအခါ အပေါင်ကိုကျောထောက် နောက်ခံပြု အာမခံစာချုပ် ဈေးကွက်လည်း ပြိုကွဲခြင်းကြောင့် ကမ္ဘာတဝန်း ဘဏ္ဍာရေးဈေးကွက် များကို ပြိုကျသွားစေခဲ့သည်။ ကမ္ဘာတစ်ဝန်းရှိ ဘဏ်များ၊ ငွေကြေးအာဏာပိုင်များသည် ပြန်မဆပ် နိုင်ကြသည့် 'အဆိပ် အတောက်ဖြစ် toxic' နေသော အပေါင်နောက်ခံ အာမခံစာချုပ်အမျိုးမျိုးကို မလွှဲသာဘဲ လက်ခံရယူလိုက်ကြရသည်။

ဘဏ္ဍာရေးပြဿနာကိုသာမက ဟယ်ရီကိန်းမုန်တိုင်းနှင့် ကမ္ဘာကြီးပူနွေးလာမှုတို့သည် လည်း ကျယ်ပြန့်လာသော ၂၁ ရာစု စီးပွားရေးအဆောက်အအုံ၏ ဩဇာလွှမ်းမိုးမှုကို ခံရသည်။ အနာဂတ်တွင် ဘာဖြစ်မည်ဟု တွက်ဆရန် ခက်ခဲသော အင်အားစုများကို စုစည်းပေးလိုက်သည်။ ဥပမာ–စီးပွားရေးအတွက် အမေဇုန်မိုးသစ်တောများကို ဖျက်ဆီးလိုက်ခြင်းကြောင့် လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် မီသိန်းဓာတ်ငွေ့ ထုတ်လွှင့်မှုကို များပြားစေသည်။ ထို့အပြင် အမေရိကန်၊ ဥရောပနှင့် တရုတ်စက်ရုံများက ထုတ်လုပ်လိုက်သော အညစ်အကြေးများသည် အာတိတ်ဒေသရှိ ရေခဲတောင်များကို လျင်မြန်စွာအရည်ပျော်စေကာ ကမ္ဘာကြီးကိုပိုမိုပူနွေးလာစေသည်။ ဤဖန်လုံ အိမ် အကျိုးသက်ရောက်မှုက ကမ္ဘာကြီး၏ အချို့နေရာများ၌ အပူရှိန်မြင့်တက်သွားစေသည်။ ဤဖြစ်ရပ်တွေ ဘယ်အချိန်၊ ဘယ်နေရာမှာ ဆုံးမည်ဟုမည်သူမျှမသိ။

ဇီဝလောင်စာထုတ်လုပ်ကာ ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချရန်ကြိုးစားမှုများသည် လည်း ခုတ်ရာတစ်ခြား ရှရာတလွဲဖြစ်စေသည်။ မရည်ရွယ်သော၊ မျှော်လင့်မထားသော ရလဒ် များကို ဖြစ်ပွားစေသည်။ သကြားနှင့် ပြောင်းအခြေခံ ဇီဝလောင်စာများထုတ်လုပ်ရာတွင် ရေ အမြောက်အများ အသုံးပြုရသည့်အပြင် လူသားများစားသုံးရန်ထုတ်လုပ်သော လယ်ယာ မြေများ လျော့ကျသွားသဖြင့် ကမ္ဘာ့ဈေးကွက်တွင် ဆန်၊ ပြောင်း၊ ဂျုံပြတ်လပ်မှုဖြစ်ပေါ်ကာ အချို့နိုင်ငံများ၌ အဓိကရုဏ်းများဖြစ်ပွားပြီး အခြားနိုင်ငံများ၌ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒ ခေါင်းထောင် လာစေခဲ့သည်။

စုစည်းလာသောကမ္ဘာ့စီးပွားရေးအဆောက်အအုံသည် သမားရိုးကျကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပုံစံများကိုလည်း လှုပ်ခါပစ်လိုက်သည်။ သာဓကအားဖြင့် ၂၁ ရာစု မတိုင်မီက လူအများစုသည် ပြည်တွင်းရှိ စတော့ရှယ်ယာများ၊ ငွေချေးစာချုပ်များကိုသာ ဝယ်ယူမြှုပ်နှံကြ သည်။ ရင်းနှီးမြှုပ်နှံမှုတွေ တန်ဖိုးတက်လာစေရန် စိတ်ရှည်လက်ရှည် စောင့်ဆိုင်းကြရသည်။ ယနေ့ခေတ်တွင် ပင်စင်ရံပုံငွေတွေ၊ အစိုးရတွေ၊ ဘဏ်တွေမှာ ကိုယ်မြှုပ်နှံထားသောငွေတွေကို အလွန်တရာခက်ခဲရှုပ်ထွေးသော အာမခံစာချုပ်အမျိုးမျိုး၊ ရင်းနှီးမြှုပ်နှံမှု နည်းလမ်းအမျိုးမျိုး အတွက် ကိုယ်သိသိမသိသိ ဝယ်ယူမြှုပ်နှံနေကြသည်။

၂၁ ရာစု စီးပွားရေးအဆောက်အအုံက ရင်းနှီးမြှုပ်နှံသူများအကြားတွင်လည်းကောင်း၊ ဈေးကွက်များအကြားတွင်လည်းကောင်း ဆက်ဆံမှု ဆက်နွယ်မှုအသစ်များကို ဖြစ်ပေါ်စေသည်။

mgyoe.com

mgyoe.com

ထွက်ပေါ်လာသည့် ရလဒ်များမှာလည်း ကမောက်ကမနိုင်လှသည်။ တစ်နေရာတွင် အရှုံးပေါ်သော ရင်းနှီးမြှုပ်နှံသူများသည် ၎င်းတို့၏ကြွေးမြီကို ပေးဆပ်ရန်အတွက် တခြားကဏ္ဍ၊ ကမ္ဘာ၏ အခြားနေရာတွင် ရင်းနှီးမြှုပ်နှံထားသည်များကို ရောင်းချပစ်ရသည်။ ဥပမာ– အမေရိကန်နှင့် ဥရောပတွင် စတော့ရှယ်ယာဈေးများ ထိုးကျသောအခါ ဘရာဇီးလ်အစ ဘင်္ဂလားဒေ့ရှ်အဆုံး တက်သစ်စနိုင်ငံများ၏ ရုံပုံငွေများသည်လည်း ထိုးကျနိုင်သည်။ ပြည်တွင်းမှာ ရှုံးထားသမျှကို ကာမိစေရန် နိုင်ငံခြားကရှယ်ယာတွေကို ရင်းနှီးမြှုပ်နှံသူတွေက ထုတ်ရောင်းကြသည်။ ဈေးကစားသူတွေက ဒေါ်လာနှင့် ယန်းတို့ကဲ့သို့သော စိတ်ချရသောငွေကြေးများကို အလုအယက်ရယူကြသည့်အခါ ယခင်က ကမ္ဘာတဝန်းရှိ ကြံ့ခိုင်သော စီးပွားရေးအဆောက်အအုံများပင် ပြိုကွဲကြရသည်။

ဂျပန်နိုင်ငံ တိုကျိုမြို့တော်၌ လိပ်ပြာတစ်ကောင် တောင်ပံခတ်လိုက်လျှင် ရက် အနည်းငယ်အတွင်း အမေရိကန်နိုင်ငံ နယူးယောက်မြို့လည်း ပန်းခြံ၌ မုန်တိုင်းမိုးရွာသွန်းသည်ဟု ဆိုရိုးစကားတစ်ခုရှိသည်။ ၂၁ ရာစု ကမ္ဘာ့စီးပွားရေး အဆောက်အအုံသည် ဤဆက်စပ်မှုကို နောက်တစ်ဆင့်မြှင့်တင်ပေးလိုက်သည်။ အကြောင်းတရားတွေ၊ အကျိုးတရားတွေ ရောထွေးကုန်ပြီး ကျွမ်းကျင်သူတွေကိုယ်တိုင်ပင်လျှင် ဘာဖြစ်လို့ ဘာဖြစ်နေမှန်းမသိတော့သော ရှုပ်ထွေးသည့် ကွန်ယက်တွေကို ဖြစ်ပေါ်စေသည်။ (Metcalfe's Law) မက်ကဲ့ဖ်၏ နိယာမအရ ကွန်ယက်တစ်ခု၏တန်ဖိုးသည် ထိုကွန်ယက်ကို သုံးစွဲသူ အရေအတွက်၏နှစ်ထပ်ကိန်းနှင့် တိုက်ရိုက်အချိုးကျသည်ဆိုသကဲ့သို့ပင် ကျယ်ပြန့်လာသော ကမ္ဘာ့စီးပွားရေးအဆောက်အအုံကြီးသည်လည်း ထိမ်းမနိုင်သိမ်းမရလောက်အောင် ကြီးချင်တိုင်းကြီး၊ ကျယ်ချင်တိုင်းကျယ်လာခဲ့သည်။ ထို့အပြင် ပြောင်းလဲသောနှုန်းကလည်း အဆမတန်မြန်လာခဲ့သည်။ ယနေ့ခေတ်မီ စီးပွားရေးအဆောက်အအုံ၌ ဖြစ်ရပ်များက ချက်ချင်းလက်ငင်းဂယက် ရိုက်ခတ်မှုရှိသည်။

တရုတ်နိုင်ငံ၌ စတော့ရှယ်ယာဈေးနှုန်းများကျလျှင် ကမ္ဘာတဝန်းရှိ ဈေးကွက်များ၌လည်း ချက်ချင်းထိုးကျကုန်ကြသည်။ လုပ်ကြံသတ်ဖြတ်ခံရခြင်း၊ မမျှော်လင့်သောရွေးကောက်ပွဲရလဒ် ပေါ်ထွက်လာခြင်းကဲ့သို့သော နိုင်ငံရေးဖြစ်ရပ်များ (သို့မဟုတ်) ငလျင်လှုပ်ခြင်း၊ အကြမ်း ဖက်သမားတို့၏ တိုက်ခိုက်မှု ခံရခြင်းကဲ့သို့သော ကြုံရကျပမ်းဖြစ်တတ်သည့် ဖြစ်ရပ်များကလည်း ဈေးကွက်၏ မမြင်ရသော လက် (Invisible Hand) ကို ပိုပိုပြီးရောင်းအောင် ဝယ်အောင် ဖြစ်စေသည်။



mgyoe.com

 mgyoe.com 

**စျေးကွက်၏ မမြင်ရသောလက်ဆိုသည်မှာ**

၁၈ ရာစုနှစ်တွင် စီးပွားရေးတွေးခေါ်ရှင် 'အဒမ်စမစ်'က စားသုံးသူများနှင့် စီးပွားရေးလုပ်ငန်းများ ဆုံးဖြတ်ချက်မှန်မှန်ကန်ကန်ချမှတ်နိုင်ရန်အတွက် လမ်းညွှန်ပေးနေသော 'မမြင်ရသည့်လက်'ဟူသည့် အတွေးအခေါ်ကို ဖော်ထုတ်ခဲ့သည်။ သူ၏သီအိုရီအရဆိုလျှင် စျေးကွက်ကို သူ့အတိုင်းလွှတ်ထားလိုက်လျှင် အကောင်းဆုံးလုပ်ပုံလုပ်နည်းတွေကို တွေ့သွားမည်ဟူ၍ ဖြစ်သည်။ တကယ်တော့ 'မမြင်ရသောလက်' ဆိုသည်မှာ သန်းပေါင်းများစွာသော အကျိုးအမြတ်ရှာနေသည့် စားသုံးသူများ၊ ထုတ်လုပ်သူများက ဆင်ခြင်တုံတရားရှိသော စီးပွားရေး ဆုံးဖြတ်ချက်များကို ချမှတ်ရာမှ ပေါ်ထွက်လာခြင်းဖြစ်သည်။ မမြင်ရသည့်လက်က စျေးကွက်ကို ယုတ္တိအရှိဆုံးလမ်းကြောင်းရောက်အောင် ကြိုးကိုင်ပေးပြီး စီးပွားရေးအင်အားစုအားလုံးကို ဘက်မျှစေသည်ဟု တွက်ဆကြသည်။

အထက်၌ ဖော်ပြခဲ့သော တိုကျိုညြ လိပ်ပြာတစ်ကောင်တောင်ပံခတ်လိုက်သကဲ့သို့ပင် သေးငယ်သော ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက်တွေက ကမ္ဘာ့စျေးကွက်အပေါ် ဂယက်ရိုက်ခတ်မှု ရှိသည်။ အမေရိကန် ငွေတိုက်စာချုပ်တွေကို တရုတ်နိုင်ငံက ထရီလီယံနှင့်ချီပြီး ဝယ်ယူကိုင်ဆောင်ထားချိန်၌ သာဓကအားဖြင့် အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းချရန်ဆုံးဖြတ်ခြင်း သို့မဟုတ်၊ အမေရိကန်ကွန်ဂရက်လွှတ်တော်၌ တရုတ်နိုင်ငံ၏ ငွေတန်ဖိုးကို ပြင်ဆင် သတ်မှတ်စေရန် ကြိုးပမ်းဆောင်ရွက်ခြင်းကဲ့သို့သော လာမည့်နှစ်အနည်းငယ်အတွင်း ဒေါ်လာတန်ဖိုးကျစေနိုင်သည့် အရိပ်အယောင်များသည် နိုင်ငံရေးနှင့် စီးပွားရေးအပြောင်းအလဲဖြစ်ပေါ်စေရန် တွန်းပို့ပေးလိုက်ပြီး ဒေါ်လာကို ကမ္ဘာပေါ်တွင် လူသုံးအများဆုံးသီးသန့်ငွေသားအဖြစ်မှ နန်းချခံရသည့် အခြေအနေသို့ ဆိုက်ရောက်သွားနိုင်သည်။

၂၁ ရာစုအစပိုင်းက ယူရိုငွေသည် ကမ္ဘာ့ငွေကြေးအဖြစ် ဒေါ်လာနေရာတွင် စတင်အစားထိုးနေရာယူလာခဲ့သည်။ ယခုဆိုလျှင် လည်ပတ်နေသော ယူရိုငွေစက္ကူနှင့် ငွေကြေးတွေက ဒေါ်လာထက်ပင်များလာပြီ။ နိုင်ငံတကာငွေချေးစျေးကွက်တွင်လည်း ဒေါ်လာဖြင့် အရောင်းအဝယ်ပြုသော ငွေချေးစာချုပ်တွေထက် ယူရိုသုံးစာချုပ်တွေကို ပို၍ထုတ်ဝေရောင်းချလာကြပြီ။ နိုင်ငံအတော်များများက ကုန်စည်နှင့်အခြားပစ္စည်းများကို နိုင်ငံတကာစျေးကွက်တွင်ရောင်းဝယ်ရာ၌ ဒေါ်လာထက် ယူရိုကို ပိုသုံးလာကြသဖြင့်၊ ကမ္ဘာ့စျေးကွက်တွင် ဒေါ်လာကိုရောင်းကာ အခြားငွေကြေးများ ဝယ်ယူကြသဖြင့် ဒေါ်လာတန်ဖိုး သိသိသာသာ ကျဆင်းလာခဲ့သည်။


ဘက်ပေါင်းစုံက ပုံစံဟောင်းများခေတ်ကုန်သွားပြီး ကမ္ဘာ့အစီအစဉ်သစ်တစ်ရပ်ကို တည်ထောင်လာသည်။ ဥပမာ ၂၁ ရာစုအစတွင် အာရှ၏ ပို့ကုန်အဆမတန်တိုးပွားလာမှုသည် အမေရိကန်စားသုံးသူများကို ထုတ်ကုန်များ ဦးတည်ရောင်းချရာမှ ပေါ်ပေါက်လာခြင်းဖြစ်သည်။ အမေရိကန်စားသုံးသူတွေသာမရှိလျှင် အာရှစီးပွားရေးအဆောက်အအုံများ၏ တိုးတက်မှု နှေးကွေးသွားကာ စီးပွားရေး၊ နိုင်ငံရေးဒုက္ခများဖြစ်ပေါ်စေနိုင်သည်။ အမေရိကန်စီးပွားရေး ဆက်လက်ရှင်သန်ရေးအတွက် အာရှဗဟိုဘဏ်များ၏ မီးခံသေတ္တာအတွင်းရှိ သီးသန့်နိုင်ငံခြားငွေများ လုံခြုံ

mgyoe.com

mgyoe.com
စိတ်ချရေးအတွက် အာရှနိုင်ငံများသည် အမေရိကန်ပြည်ထောင်စု၏ အကြီးမားဆုံးသော မြီရှင်များဖြစ်လာရသည်။

အမေရိကန်အစိုးရ၏ ဒေါ်လာထရီလီယံချီတန်သော ငွေတိုက်စာချုပ်များကို အာရှနှင့် ရေနံကြွယ်ဝသော အရှေ့အလယ်ပိုင်းနိုင်ငံများကို ရောင်းချနိုင်သဖြင့် အမေရိကန်ပြည်ထောင်စုသည် များပြားသော ဘတ်ဂျက်လိုငွေနှင့် ကုန်သွယ်ရေးလိုငွေတို့ကို ဖြည့်ဆည်းရန် ငွေရသွားသည်။ အမေရိကန် စီးပွားရေးအဆောက်အအုံကို အထောက်အပံ့ပေးရန် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဘဏ်များနှင့် ဗဟိုဘဏ်များက ဆုံးဖြတ်ခဲ့ကြခြင်းကြောင့် အမေရိကန် အိမ်ယာမြေဈေးများတက်စေရန် ငွေချေးပေးခဲ့ပြီး နောက်ဆုံးတွင် အာရှနှင့် အရှေ့အလယ်ပိုင်းက ငွေချမ်းသာသောနိုင်ငံများကိုပါ ထိခိုက်စေသည်အထိ ဘဏ္ဍာရေးပြိုကွဲမှုဖြစ်ခဲ့ရသည်။ ထိုအချက်က ကမ္ဘာကြီးတွင် အာဏာချိန်ခွင်လျှာ အပြောင်းအလဲဖြစ်ကာ အပြန်အလှန်ဆက်စပ်မှုများ မည်မျှကြီးမားလာသည်ကို ပြသသည်။

ကမ္ဘာ့သမိုင်းတွင် အကြီးမားဆုံးသောစီးပွားရေး တော်လှန်မှုကြီးဖြစ်သည့် ၂၁ ရာစုနှစ် ကမ္ဘာ့စီးပွားရေးအဆောက်အအုံ ချဲ့ထွင်မှုတွင် ပါဝါချိန်ခွင်လျှာသည် ဖွံ့ဖြိုးပြီးနိုင်ငံများမှ ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ပြောင်းရွှေ့သွားသည်။ ထိုလမ်းကြောင်း၌ ဘရာဇီးလ်၊ ရုရှ၊ အိန္ဒိယနှင့် တရုတ်ဟူသော BRIC ဟုခေါ်သည့် နိုင်ငံများက ဦးဆောင်နေကြသည်။ ဝယ်နိုင်စွမ်းအားကိုပါ ထည့်တွက်မည်ဆိုလျှင် တက်သစ်စနိုင်ငံများ၏ စီးပွားရေးအဆောက်အအုံသည် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ထွက်ကုန်ကိုပင် ကျော်လွန်နေသည်။ ၎င်းတို့၏စီးပွားရေးယန္တရားသည် ကမ္ဘာ့လောင်စာ၏တစ်ဝက်ကျော်ကို စားသုံးကာ ၂၁ ရာစုပထမပိုင်းနှစ်များအတွင်း၊ ရေနံသုံးစွဲမှုတိုးတက်လာရာ၌ ၈၀ %သည် ၎င်းတို့ကြောင့် ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ပို့ကုန်တင်ပို့သော နိုင်ငံများသည် ကမ္ဘာ့နိုင်ငံခြား သီးသန့်



mgyoe.com

mgyoe.com

ရုံပုံငွေ၏ လေးပုံသုံးပုံကျော်ကိုရယူကာ ၎င်းတို့ကုမ္ပဏီ စတော့ရှယ်ယာများ၏ ဈေးကွက်ပေါက်ဈေးကို အဆမတန်တိုးပွားစေသည်။ ထို့ကြောင့် တက်သစ်စနိုင်ငံများတွင် ပိုမိုမြုပ်နှံကြရန်၊ ရင်းနှီးမြှုပ်နှံမှု ရံပုံငွေအဖွဲ့များ၏မန်နေဂျာများကို ဆွဲဆောင်နိုင်ပြီး ပို၍တိုးတက်စေ၊ ကမ္ဘာ့ သယံဇာတ စွမ်းအားစုများကို ပိုမို၍စားသုံးစေသည်။

ဤဇာတ်လမ်း မည်သည့်အခါ အဆုံးသတ်မည်နည်း။ ချေးငွေအကြပ်အတည်းမှအစ အကြမ်းဖက်တိုက်ခိုက်မှုအဆုံး ကမ္ဘာတဝန်းတွင် စီးပွားရေးနှင့် နိုင်ငံရေးဖြစ်ရပ်များအလျင်အမြန် ဖြစ်ပွားနေချိန်တွင် နိုင်ငံတစ်နိုင်ငံက စီးပွားရေးမြင်ကွင်းကို ထိန်းချုပ်နိုင်စွမ်း၊ ပြောင်းလဲနိုင်စွမ်းသည် အနာဂတ်တွင် နည်းသည်ထက်နည်းလာနေသည်။

## ဘတ်ဂျက်လိုငွေနှင့် ကုန်သွယ်ရေးလိုငွေ ခြားနားချက်

ဥပမာ အစိုးရက အခွန်အကောက်မှ ရငွေထက်၊ သေနတ်တွေ၊ ထောပတ်တွေအတွက် ပိုသုံးလျှင် ဘတ်ဂျက်လိုငွေပြသည်ဟု ခေါ်သည်။ နိုင်ငံတကာဈေးကွက်တွင် နိုင်ငံတစ်နိုင်ငံက ရငွေထက် ပိုသုံးလျှင် ကုန်သွယ်ရေးလိုငွေပြသည်ဟု ခေါ်သည်။ သွင်းကုန်ကပို့ကုန်ထက်များသည့်အခါ ဥပမာ နိုင်ငံခြားမှ ရေနံတွေ၊ ကစားစရာတွေကို အဝယ်များပြီး ဂျုံတွေ၊ ကွန်ပျူတာ ပရိုဂရမ်တွေ ရောင်းသည်ကနည်းနေလျှင် နိုင်ငံတစ်နိုင်ငံသည် ကုန်သွယ်ရေးလိုငွေပြသည်။ သွင်းကုန်တွေပိုများနေခြင်းသည် နိုင်ငံခြားမှ ဝယ်ယူမှုများကိုပေးချေရန် ငွေပိုသုံးသည့် အဓိပ္ပာယ်ဖြစ်သည်။

## BRIC နိုင်ငံများဆိုသည်မှာ

ဖွံ့ဖြိုးဆဲနိုင်ငံများမှ စက်ရုံများတည်ရန် အသုံးပြုသည့် အုတ်ခဲဟုထင်ပါသလား။ ၂၁ ရာစုတွင် အကြီးဆုံးဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်သည့် ဘရာဇီးလ်၊ ရုရှ၊ တရုတ်နှင့် အိန္ဒိယနိုင်ငံအမည်များမှ ရှေ့ဆုံးစာလုံးများကိုယူကာ (BRIC) ဟု ခေါ်ခြင်းဖြစ်သည်။ ဤဝေါဟာရကို ၂၀၀၃ ခုနှစ်တွင် Goldman Sach က စတင်သုံးစွဲသည်။ နောက်ဆုံးတွင် မက္ကဆီကို ထပ်ထည့်ကာ (BRIMC) နှင့် ကိုရီးယားကို ထပ်ထည့်ကာ (BRIMCK) ဟုလည်းခေါ်ကြသည်။

၂၁ ရာစုတွင် အနာဂတ် ၁၁ နိုင်ငံ (The Next Eleven) သို့မဟုတ် (N-11) ဟူ၍ ၂၁ ရာစုတွင် စီးပွားရေးတိုးတက်မှု အရှိန်အဟုန်ကောင်းမွန်သည့် ဘင်္ဂလားဒေ့ရှ်၊ အီဂျစ်၊ အင်ဒိုနီးရှား၊ အီရန်၊ မက္ကဆီကို၊ နိုက်ဂျီးရီးယား၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ တောင်ကိုရီးယား၊ တူရကီနှင့် ဗီယက်နမ်တို့ကို ထည့်သွင်းထားသည်။

■

mgyoe.com

mgyoe.com

# အခန်း ၂

## 21st CENTURY ECONOMIC

### နိုင်ငံအဆင့်စီးပွားရေး (Macroeconomic) ဆိုသည်မှာ

ဘောဂဗေဒသည် သိပ္ပံပညာရပ်တစ်ခုဖြစ်သကဲ့သို့ ဝိဇ္ဇာပညာရပ်လည်းဖြစ်သည်။ ၂၁ ရာစုတွင် ဘောဂဗေဒပညာသည် သိပ္ပံပညာအနေနှင့်ရော ဝိဇ္ဇာပညာတစ်ခု အနေနှင့်ပါ၊ သိသိသာသာပြောင်းလဲလာခဲ့သည်။ ယခင်ကဆိုလျှင် ဘောဂဗေဒပညာရှင်တွေက အစိုးရများ၊ လုပ်ငန်းများနှင့် လူတစ်ဦးချင်းတို့၏ အပြုအမူများကို သေသေချာချာ ဘောင်ခတ်ကာ လေ့လာသည်။ ငွေဖောင်းပွမှု၊ အလုပ်လက်မဲ့နှင့် အတိုးနှုန်းဟူသော နိုင်ငံအဆင့်စီးပွားရေး၏ အစဉ်အလာ အစိတ်အပိုင်းများကို အဓိကထားလေ့လာကြသည်။ မည်သူကမျှ အဓိကနေရာသို့ ရောက်မလာ။

ယခု ဇာတ်ခုံအလယ်သို့ တက်လာကြသော ကစားသမားအသစ်တွေ ပေါ်ထွက်လာခဲ့ကြသည်။ အင်အားကြီး ရံပုံငွေအဖွဲ့များ၊ စံချိန်နိမ့် အပေါင်ခံလက်မှတ်များ၊ မှောင်ခိုဈေးကွက်၊ တစ်ဆင့်ကန်ထရိုက်ပေးခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းခွင့်၊ ကာဗွန်ခြေရာစသည်တို့သည် ကမ္ဘာစီးပွားရေး အဆောက်အအုံကြီး၏ အစိတ်အပိုင်းဖြစ်လာခဲ့သည်။ အတိုးနှုန်းအတက်အကျ၊ အခွန်အတက်အကျတွေက လုပ်ငန်းများနှင့် လူတစ်ဦးချင်း၏ အပြုအမူကို ပြောင်းစေသကဲ့သို့ပင် အရေးပါလာခဲ့သည်။

ကမ္ဘာ့စီးပွားရေးအဆောက်အအုံကို လေ့လာခြင်းသည် အခြေခံအားဖြင့် နိုင်ငံအဆင့်စီးပွားရေး စစ်တမ်းကောက်သည်နှင့်တူသည်။ သို့သော် ကမ္ဘာကြီးနှင့် ကမ္ဘာကြီးတွင် ပါဝင်လှုပ်ရှားနေသူများ၏ အပြန်အလှန်အားပြိုင်မှုတွေကို တွေ့ရသည်။ စတိုးဆိုင်သွားပြီး၊ နိုင်ငံခြားမှာ စိုက်သည့် ငှက်ပျောသီးတွေ ဝယ်ယူသည့်အခါ ပြည်ပမှတင်သွင်းလာသော ရေနံဖြင့် ဓာတ်ဆီ

mgyoe.com

mgyoe.com

တိုင်ကီကိုဖြည့်သည့်အခါ ရုပ်မြင်သံကြားမှာသော်လည်းကောင်း၊ အင်တာနက်မှာသော် လည်းကောင်း၊ နိုင်ငံခြားသီချင်း ဗွီဒီယိုကိုကြည့်သည့် အခါများသည် ကမ္ဘာ့စီးပွားရေး အဆောက်အအုံတွင် ပါဝင်ပတ်သက်နေကြခြင်း ဖြစ်သည်။ ပြည်ပမှသွင်းကုန် ကုန်စည်နှင့် ဝန်ဆောင်မှုများကို စားသုံးသူများအဖြစ်သာ ကမ္ဘာ့စီးပွားရေး အဆောက်အအုံတွင် ပါဝင်ဆောင်ရွက်ကြသည် မဟုတ်ပေ။ ပင်စင်ရံပုံငွေများ၊ ကောလိပ်ရံပုံငွေများကို နိုင်ငံခြားဈေးကွက်တွင် ရင်းနှီးမြှုပ်နှံကာ ပင်စင်စရိတ်၊ တက္ကသိုလ်ဝင်းအတွင်း အဆောက်အဦအသစ်တစ်ခု ဆောက်လုပ်ရေးတို့အတွက် ပေးချေသည်။

အမေရိကန် စီးပွားရေး အဆောက်အအုံအတွင်း နိုင်ငံခြားမှ လာရောက်၍ ရင်းနှီးမြှုပ်နှံမှုများ၊ အစိုးရ၏ ချေးငွေစာချုပ်များကို နိုင်ငံခြားမှ ဝယ်ယူမှုများက လိုအပ်သော အရင်းအနှီးနှင့် အလုပ်အကိုင်များ ဖြစ်ပေါ်စေကာ အမေရိကန်တို့၏ ဘဝကို ပိုမိုကောင်းမွန်စေသည်။

ကံဆိုးသည်က ၂၁ ရာစု ကမ္ဘာ့စီးပွားရေး အဆောက်အအုံတွင် တရားဝင်လုပ်ငန်းတွေသာ ရှိနေကြသည်မဟုတ်။ မူးယစ်ဆေးဝါးတွေ ဝယ်ယူလျှင်သော်လည်းကောင်း လက်တင်အမေရိကရှိ လယ်သမားများ ဆေးခြောက်ပင်တွေကို စားစရာသီးနှံတွေနှင့် အစားထိုးရေးအတွက် ကူညီကာ တရားမဝင် မူးယစ်ဆေးဝါးများတိုက်ဖျက်ရေးတွင် ပါဝင်လျှင်သော်လည်းကောင်း၊ နိုင်ငံတကာ ကုန်သွယ်ရေးနှင့် ဘဏ္ဍာရေးတွင် ပါဝင်ဆောင်ရွက်နေခြင်း မည်ပေသည်။ လူ့ အခွင့်အရေး ချိုးဖောက်မှု၊ ပတ်ဝန်းကျင်ဖျက်ဆီးမှုတို့နှင့် ဆက်စပ်ကာ နိုင်ငံခြားအစိုးရများကို စီးပွားရေးပိတ်ဆို့ခြင်းသည်လည်း ကမ္ဘာ့စီးပွားရေး အဆောက်အအုံ၏ တစ်စိတ်တစ်ဒေသဖြစ်သည်။ နိုင်ငံတကာ နယ်နိမိတ်များကို ဖြတ်ကျော်သည့် အရာတစ်ခုခုကို ဝယ်ယူခြင်းသည် အင်တာနက်မှ တရားမဝင်သီချင်းရယူခြင်းမှအစ ဆေးခြောက်တင်သွင်းခြင်းအဆုံး၊ တစ်နေ့တခြားကျယ်ပြန့်လာသော ကမ္ဘာ့စီးပွားရေး အဆောက်အအုံတွင် ကျွန်ုပ်တို့ကို ပေါင်းစည်းပေးလိုက်ခြင်းဖြစ်သည်။

နိုင်ငံတစ်ခု၏ စီးပွားရေးအဆောက်အအုံကို မည်သို့တိုင်းတာကြသနည်း။ အဓိကအားဖြင့် စီးပွားရေး အဆောက်အအုံအတွင်းထုတ်လုပ်သော ကုန်စည်နှင့် ဝန်ဆောင်မှုတို့ကို တန်ဖိုးသင့်ခြင်းဖြင့် ရရှိသည်။ စုစုပေါင်း ပြည်တွင်းထုတ်ကုန် (Gross Domestic Product- GDP) နှင့် စုစုပေါင်းတိုင်းပြည်ထုတ်ကုန် (Gross National Product – GNP) တို့သည် နိုင်ငံတစ်နိုင်ငံက နှစ်တစ်နှစ်တွင် ထုတ်လုပ်သည့် ကုန်စည်နှင့်ဝန်ဆောင်မှု စုစုပေါင်းပမာဏကို ဖော်ပြရန်အတွက် ဘောဂဗေဒပညာရှင်များ အသုံးပြုကြသည့် ဝေါဟာရများပင်ဖြစ်သည်။

တစ်ခါတစ်ရံ GNP က ကြီး၍ GDP က GNP ထက် ကြီးသည့်အခါလည်း ရှိသည်။ အိုင်ယာလန်ကဲ့သို့သော ပြည်တွင်းကုမ္ပဏီ အများစုကို နိုင်ငံခြားသားများက ပိုင်ဆိုင်သည့်နိုင်ငံတွင် GNP က GDP ထက် သေးနေသည်။ GDP မှ နိုင်ငံခြား စတော့ရှယ်ယာရှင်များသို့ ပေးရသောငွေကို နုတ်ရ၍ဖြစ်သည်။ တစ်ဖက်၌ ဗြိတိန်၊ အမေရိကန်နှင့် ဆွစ်နိုင်ငံသားများသည် ပြည်ပတွင် ကုမ္ပဏီများစွာပိုင်ဆိုင်ကြသဖြင့် သူတို့၏ ဂျီအင်ပီသည် ဂျီဒီပီထက် သိသိသာသာကြီးမားသည်။ ပြည်တွင်းတွင် မပါဝင်သော နိုင်ငံခြားထုတ်လုပ်မှုမှရသော ဝင်ငွေများ ဂျီအင်ပီတွင် ပါဝင်သောကြောင့် ဖြစ်သည်။ ငွေကြေးအမျိုးမျိုး သုံးစွဲသော နိုင်ငံများ၏ ဂျီဒီပီကို မည်သို့နှိုင်းယှဉ်မည်နည်း၊

mgyoe.com

mgyoe.com


ကျင့်သုံးနိုင်သော နည်းလမ်းတစ်ခုမှာ အမေရိကန်ဒေါ်လာကဲ့သို့သော ဘုံငွေကြေးတစ်ခုအဖြစ်သို့ ပြောင်းလဲကာ နှိုင်းယှဉ်ခြင်းဖြစ်သည်။

တရားဝင်ငွေဖလှယ်နှုန်းများသုံး၍တွက်လျှင် နိုင်ငံ၏စီးပွားရေးအခြေအနေကို တကယ် မသိရနိုင်။ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ စရိတ်သည် တူညီကြသည် မဟုတ်ပေ။ ဥပမာ အိန္ဒိယနှင့် တရုတ်တွင် သားငါးအစ၊ ရုပ်ရှင်လက်မှတ်အဆုံး ချမ်းသာသည့် နိုင်ငံများဖြစ်သော အမေရိကန်နှင့် ပြင်သစ်တို့ထက် ဈေးပေါသည်။ ထို့ကြောင့် တကယ်ရှိသင့် ရှိထိုက်သည်ထက် ဂျီဒီပီသည် အများကြီးငယ်နေတတ်သည်။ ထို့ကြောင့်ပင် ဘောဂဗေဒပညာရှင်များက ဝယ်နိုင်စွမ်းအားညီမျှခြင်း(Purchasing Power Parity – PPP) ဟု ခေါ်သည့်၊ လက်တွေ့လောက ဖလှယ်နှုန်းကို အသုံးပြုသည်။ နိုင်ငံအသီးသီးရှိ ကုန်စည်နှင့် ဝန်ဆောင်မှုတစ်ခုကို အသုံးပြုကာ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ ဂျီဒီပီ ချင်းနှိုင်းယှဉ်နိုင်ရန် အသုံးပြုသည်။ တွက်ရသည်လည်း လွယ်ကူသည်။




အမေရိကန်ကဲ့သို့သော နိုင်ငံတစ်နိုင်ငံကို အခြေခံနိုင်ငံအနေဖြင့်ထားသည်။ အခြားနိုင်ငံများ၏ ဂျီဒီပီကို ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ တကယ့်တန်ဖိုးအပေါ် နှိုင်းယှဉ်ကာတွက်သည်။ ငွေဖလှယ်နှုန်းအပေါ် အခြေမခံ။ ဥပမာ တရုတ်နိုင်ငံတွင် ဖိနပ်ဝယ်ခြင်း၊ ဆံပင်ညှပ်ခြင်း

mgyoe.com

mgyoe.com

စရိတ် သက်သာသည်ကိုထည့်တွက်ကာ အမေရိကန်နိုင်ငံတွင် ပေါက်နေသော ဈေးနှုန်းနှင့် ပြန်ညှိသည်။ ဗီပီပီကို တွက်ချက်ရာ၌ အသုံးပြုသော ကုန်စည်နှင့်ဝန်ဆောင်မှုတစ်ခုတွင် အိမ်ငှါးခ၊ အစားအစာ၊ သယ်ယူပို့ဆောင်ခကဲ့သို့သော နေ့စဉ်သုံးပစ္စည်းအမျိုးမျိုးပါဝင်သည်။

မက္ကဒိုနယ်လ် ဟမ်ဘာဂါများ၏ ဈေးနှုန်းနှိုင်းယှဉ်တွက်ချက်မှုကို Big Mac Index ဟုခေါ်သည်။ ထို့အပြင် အခြားသော နည်းလမ်းများကိုအသုံးပြုပြီး လက်တွေ့ကျသော ကမ္ဘာ့စီးပွားရေး အဆောက်အအုံတွင် နိုင်ငံအသီးသီး၏ အရွယ်အစားကို ပိုမို၍မြင်သာသော ပိုမို၍လက်တွေ့ကျသော ဂျီဒီပီဖြစ်ရန်ကြိုးစားသည်။ ထုတ်လုပ်သောကုန်စည်နှင့်ဝန်ဆောင်မှု တန်ဖိုးကို တရားဝင်နိုင်ငံခြားငွေဖလှယ်နှုန်းဖြင့် တွက်ချက်ပါက ဈေးချသတ်မှတ်တတ်သော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပီပီပီကိုသုံးပြီးတွက်လျှင် ဂျီဒီပီများ ပိုကြီးလာသည်ကို တွေ့ရမည်။ ဥပမာ တရားဝင် ကိန်းဂဏန်းများအရ ၂၁ ရာစုအစတွင် အမေရိကန် စီးပွားရေးအဆောက်အအုံ၏ ၁၂ ရာခိုင်နှုန်းရှိရာမှ ၂၀ ရာခိုင်နှုန်းအထိ ကြီးမားလာခဲ့သည်။ သို့သော် ပီပီပီကိုသုံးပြီးနှိုင်းယှဉ်ပါက တရုတ်နိုင်ငံသည် အမေရိကန်၏ ၄၅ %မှ ၁၀၀% အထိ ၂၁ ရာစုအရှေ့ပိုင်း နှစ်များအတွင်း ကြီးထွားလာခဲ့ကြောင်း တွေ့ရသည်။

နိုင်ငံ၏ စုစုပေါင်း ဂျီဒီပီကို လူဦးရေနှင့် ယှဉ်တွက်ကာ တစ်ဦးချင်း မည်မျှချမ်းသာသည်ကိုလည်း လေ့လာနိုင်သည်။ သီရိလင်္ကာနှင့် ကိုစတာရီကာကဲ့သို့သော နိုင်ငံများက၊ တရုတ်နှင့် အမေရိကန်ကဲ့သို့ပင် နွေရာသီ အိုလံပစ်ပွဲ၌ ဆုတံဆိပ်တွေ အများကြီးရသည်ကို စဉ်းစားကြည့်ပါ။ ထို့ပြင်စီးပွားရေးတိုးတက်မှုကို လူတစ်ဦးချင်းအတွက် နှိုင်းယှဉ်ကြည့်လိုက်သောအခါ မြင်ကွင်း သိသိသာသာပြောင်းသွားသည်။ အမေရိကန်၊ ဘရာဇီးလ်နှင့် အိန္ဒိယကဲ့သို့သော လူဦးရေတိုးတက်နေသည့် နိုင်ငံများ၌၊ လူဦးရေတိုးတက်မှုကို ထည့်တွက်လျှင် ထွက်ကုန်အနည်းငယ်သာ တိုးတက်သည်ကို တွေ့ရသည်။ သို့သော် ရုရှနှင့် ဂျပန်တို့ကဲ့သို့ လူဦးရေတန့်နေ (သို့မဟုတ်) ကျနေသည့် နိုင်ငံများတွင် တစ်ဦးချင်းကို အခြေခံ၍ ကြည့်လိုက်သောအခါ သိသိသာသာစီးပွားရေး တိုးတက်နေသည်ကို တွေ့ရသည်။

စီးပွားရေးတိုးတက်မှုနှင့် စီးပွားရေးအင်အားကို တိုင်းတာရုံမျှဖြင့်၊ စီးပွားရေးမြင်ကွင်းကို အပြည့်အဝမြင်နိုင်မည်မဟုတ်ပေ။ ဥပမာ ဘဝ၏ အရည်အသွေးကို သမားရိုးကျ ဂျီဒီပီ တိုင်းတာမှုများတွင် ထည့်သွင်းတိုင်းတာခြင်းမရှိပေ။

ပြင်သစ်မိသားစုတစ်ခုက Provence ရှိ ကျေးလက်နေအိမ်၌သော်လည်းကောင်း၊ အတ္တလန္တိတ်ကမ်းခြေ၌သော်လည်းကောင်း နွေရာသီ၌ ၅ ပတ်ကြာ ငွေကြေးအနည်းငယ် အကုန်အကျခံ သုံးစွဲမှုသည် မိသားစုအတွက် ကျေနပ်မှုများများစားစား ရရှိနိုင်သော်လည်း သမားရိုးကျ တိုင်းပြည်ဝင်ငွေ ဂျီဒီပီတွက်ချက်ရာတွင် အရေးမပါလှပေ။ တစ်ဖက်၌ အမေရိကန်နှင့် ဂျပန်တို့သည် လစာများများရရေး၊ ကျောင်းသားတွေ နွေရာသီစခန်းချရာတွင် အကုန်အကျခံနိုင်ရေး၊ နေ့ကလေးထိန်းကျောင်းပို့နိုင်ရေးတို့အတွက် နွေရာသီတွင် ခေတ္တမျှ အနားယူနိုင်ကြခြင်းသည်၊ တိုင်းပြည်ဝင်ငွေတွက်ရာတွင် သိသိသာသာ ကြီးကြီးမားမား အကျိုးသက်ရောက်မှုရှိသည်။ အချို့

mgyoe.com

သော စီးပွားရေးပညာရှင်များက ဤစီးပွားရေးလုပ်ငန်းများသည် မိသားစု၏ဘ၀ အရည်အသွေးအတွက် အနည်းငယ်မျှသာ အကျိုးရှိသော်လည်း နိုင်ငံ၏စီးပွားရေးအတွက် ကြီးကြီးမားမားအထောက်အကူပြုသည်ဟု ရှုမြင်ကြသည်။ မိသားစုဘ၀၏ အရည်အသွေးများကို တစ်ခါတစ်ရံ၌ စုစုပေါင်းအမျိုးသားပျော်ရွှင်မှု (Gross National Happiness) ဟုခေါ်သည်။

## နိုင်ငံအဆင့်စီးပွားရေး Macroeconomics နှင့် တစ်ဦးချင်း၊ လုပ်ငန်းတစ်ခုချင်းအဆင့် စီးပွားရေး Microeconomics ခြားနားချက်

အင်တာနက်ကိုသုံးကာ ကိုယ့်နိုင်ငံမြေပုံကိုရှာကြည့်ပါ။ ပြီးလျှင် မြေပုံကို အကျယ်ချဲ့ကာ ကိုယ့်အိမ်ကိုရှာကြည့်ပါ။ Macroeconomics သည် နိုင်ငံ၏ မြင်ကွင်းကျယ် ကိစ္စများဖြစ်သော ငွေဖောင်းပွမှု၊ အလုပ်လက်မဲ့နှင့် စီးပွားရေးတိုးတက်မှုတို့ကိုကြည့်သည်။ Microeconomics သည် လူတစ်ဦးချင်း၏ စီးပွားရေးလုပ်ငန်းအပြုအမူ၊ စီးပွားရေး အခြေအနေအမျိုးမျိုးရှိ လုပ်ငန်းများ၊ စီးပွားရေးဆုံးဖြတ်ချက်ချမှတ်ပုံတို့ကို လေ့လာသည်။

## Gross Domestic Product (GDP) စုစုပေါင်း ပြည်တွင်းထုတ်ကုန်နှင့် Gross National Product (GNP) စုစုပေါင်းတိုင်းပြည်ထုတ်ကုန်တို့၏ ခြားနားချက်

ပြည်တွင်းဆိုသည်မှာ နိုင်ငံအတွင်းကို ဆိုလိုခြင်းဖြစ်သည်။ ဂျီဒီပီက နိုင်ငံတစ်ခု၏ နယ်နိမိတ်အတွင်းရှိ စီးပွားရေးလှုပ်ရှားမှုများကို အာရုံစိုက်ပြီး ဂျီအင်ပီက နိုင်ငံတကာ ဝင်ငွေနှင့် အသုံးစရိတ်များဖြစ်သည့် လုပ်ငန်းများမှဝင်ငွေ၊ နိုင်ငံခြားရှိ စတော့ရှယ်ယာများမှဝင်ငွေ၊ နိုင်ငံတစ်နိုင်ငံရှိ အစိုးရက အခြားအစိုးရသို့ ရောင်းချသော ငွေချေးစာချုပ်များအပေါ်မှ အတိုးစသည်တို့ ပါဝင်သည်။ နိုင်ငံတစ်နိုင်ငံ၏ အစိုးရက အခြားအစိုးရများသို့ ရောင်းချသော ငွေချေးစာချုပ်အပေါ်မှရသည့် အတိုးသည် ၂၁ ရာစုကမ္ဘာ့စီးပွားရေး အဆောက်အအုံတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လာကြသည်။ တရုတ်နှင့် ကိုရီးယားကဲ့သို့သော နိုင်ငံများသည် အမေရိကန်ငွေတိုက်စာချုပ်များ ဒေါ်လာ၊ ဘီလီယံပေါင်းရာချီ၍ ကိုင်ဆောင်ထားကြသည်။ မည်သည့် ကိန်းဂဏန်းကို အသုံးပြုသည်ဖြစ်စေ၊ ၃ လပတ်အတွက်ဖြစ်သည်၊ တစ်နှစ်လုံးစာဖြစ်သည်ကို သတိထားပါ။ ပထမ ၃ လပတ်အတွက် ဂျီဒီပီ ၁% တက်သည်ဟု ဆိုခြင်းသည်၊ တစ်နှစ်တာအတွက် ၄% ကျော်တက်သည့် သဘောကို ညွှန်ပြသည်။

mgyoe.com

mgyoe.com

## မက်ဒေါ်နယ်ဟမ်ဘာဂါ (Big Mac) အညွှန်းကိန်း

ကမ္ဘာတစ်ဝန်းက နိုင်ငံအမျိုးမျိုး၌ မက်ဒေါ်နယ်လ် ဟမ်ဘာဂါဆိုင်တွေထဲ ဝင်သွားပြီး ဈေးနှုန်းတွေယှဉ်ကြည့်သလို သဘောထားပါ။ (PPP) ကို တွက်ရန် ကမ္ဘာတစ်ဝန်းက လက်တွေ့ငွေဖလှယ်နှုန်းကို တွက်ရန်အတွက် အကောင်းဆုံးနည်းတစ်နည်းသည် နိုင်ငံအသီးသီးတွင် ရောင်းချနေသော တူညီသည့် ပစ္စည်းတစ်ခု၏ ဈေးနှုန်းများကို နှိုင်းယှဉ်ရန်ပင်ဖြစ်သည်။ Economist မဂ္ဂဇင်းကြီးက ကမ္ဘာတစ်ဝန်းလုံးရှိ မက်ဒေါ်နယ်ဟမ်ဘာဂါ၏ ဈေးနှုန်းကို ယူတွက်သည်။ အကယ်၍ Miami ထက် လန်ဒန် တွင်ပေးရသည့် ဟမ်ဘာဂါဈေးနှုန်းက နှစ်ဆဖြစ်နေလျှင် လက်ရှိငွေဖလှယ်နှုန်းသည် ဗြိတိသျှ စီးပွားရေးအဆောက်အအုံကို အမှန်အတိုင်းမပြနိုင်။ ဟမ်ဘာဂါဈေးနှုန်းကို ယူကာ လက်တွေ့ငွေဖလှယ်နှုန်းကို ယူတွက်လျှင် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးနှင့် တစ်ခြားတစ်နိုင်ငံ၏ စီးပွားရေး အဆောက်အအုံ အရွယ်အစားကို ပိုမိုကောင်းမွန်စွာ နှိုင်းယှဉ်နိုင်မည်။

## တစ်ဦးကျဝင်ငွေ Per Capita income ဆိုသည်မှာ

လက်တင်ဘာသာ capita သည် ခေါင်းဟု အဓိပ္ပာယ်ရသည်။ တစ်ဦးကျ per capita သည် စီးပွားရေး စာရင်းအင်းများကို လူဦးရေဖြင့် စားထားခြင်းဖြစ်သည်။ စာရင်းများ၏ နိုင်ငံသားတစ်ယောက်အပေါ် ဂယက်ရိုက်ခတ်မှုကို နားလည်နိုင်သည်။ တစ်ဦးကျဝင်ငွေက တိုင်းပြည်၏ စုစုပေါင်း ကုန်စည်နှင့် ဝန်ဆောင်မှု ထုတ်လုပ်မှု (စုစုပေါင်း ပြည်တွင်းထုတ်ကုန်) ကို၊ စုစုပေါင်း လူဦးရေနှင့် စားလျှင် မည်မျှရသည်ကို ညွှန်ပြသည်။ စီးပွားရေး စာရင်းအင်းများတွင် ညွှန်ပြခြင်း မရှိသည့် လူ့အကြောင်းကို ထည့်သွင်းစဉ်းစားထားသည်။

■

mgyoe.com

mgyoe.com



အခန်း

The 21st CENTURY
# ECONOMIC ၃

**ဗဟိုဘဏ်များနှင့် ကမ္ဘာ့အကြပ်အတည်းများ**
**ကမ္ဘာ့စီးပွားရေး အဆောက်အအုံကို မည်သူထိန်းချုပ်သနည်း**

အမေရိကန်ပြည်ထောင်စုတွင် အိမ်ယာမြေဈေးကွက် ပြိုလဲမှုမှ စတင်ခဲ့သော ကမ္ဘာတစ်ဝန်းဈေးငွေအကြပ်အတည်းသည် ၂၁ ရာစု ပထမပိုင်းအတွင်း ဗဟိုဘဏ်နှင့် အခြားအာဏာပိုင်များ တွေ့ကြုံရင်ဆိုင်ရသော အကြပ်အတည်းပေါင်းများစွာတွင် တစ်ခုအပါအဝင်ဖြစ်သည်။ သို့သော် ဘဏ္ဍာရေးပြိုကွဲမှု အတိုင်းအတာ ကြီးမားခြင်းကြောင့် အစိုးရနှင့် ဗဟိုဘဏ်များအနေဖြင့် ကမ္ဘာ့စီးပွားရေး အဆောက်အအုံတွင် မကြုံစဖူး ဝင်ရောက်ဆောင်ရွက်လာကြရသည်။ အမေရိကန်၌ အကြီးဆုံးသော ရင်းနှီးမြှုပ်နှံမှုဘဏ်ကြီးများတွင် တစ်ခုအပါအဝင်ဖြစ်သည့် Lehman Brothers ကို ဒေဝါလီခံခွင့်ပြုလိုက်ပြီးနောက် ဗဟိုဘဏ်သည် အကြီးမားဆုံး အာမခံကုမ္ပဏီကြီးဖြစ်သော AIG ကိုလည်း အာမခံကယ်တင်လိုက်ရသည်။ ထိုအချိန်အထိ ဒေါ်လာ (၈၅) ဘီလီယံဖိုး အာမခံကယ်တင်ခြင်းသည် အမေရိကန်စီးပွားရေးသမိုင်းတွင် အကြီးမားဆုံး အာမခံကယ်တင်ခြင်း (Bail Out) ဖြစ်သည်။

အမေရိကန်စံနိမ့်စတော့ရှယ်ယာများ ဝယ်ယူ၍ ရင်းနှီးမြှုပ်နှံမှု မှားယွင်းခြင်း၊ ဘဏ်အချင်းချင်း ချေးငွေများရပ်တန့်သွားခြင်းတို့ကြောင့် ကမ္ဘာတဝန်းတွင် ဘဏ်များစတင်ပြိုလဲသောအခါ အပြည့်အဝ ကမ္ဘာအနှံ့အကြပ်အတည်းကြီး ဖြစ်ပေါ်နေကြောင်း ရှင်းရှင်းလင်းလင်းသဘောပေါက်လာကြသည်။ အချို့နိုင်ငံများတွင် စတော့ရှယ်ယာဈေးကွက် ၅၀ % ကျဆင်းကာ ကမ္ဘာ့စီးပွားရေး အရည်ပျော်ကျမှုဟုပင် ခေါ်ဝေါ်လာရတော့သည်။ အမေရိကန်ဗဟိုဘဏ်၊ အင်္ဂလန်ဘဏ်၊ ဥရောပဘဏ်၊ ဂျပန်ဘဏ်တို့ အပါအဝင် ကမ္ဘာ့ဘဏ်ကြီးများ၏ တက်ညီလက်ညီ ကြိုးပမ်း

mgyoe.com

mgyoe.com

အားထုတ်မှုသည် ခေတ္တမျှသာငြိမ်သက်သွားစေခဲ့သည်။ သို့သော် နိုင်ငံများပါ စတင် ယိုင်လဲလာသောအခါ အိုက်စလန်နှင့် ယူကရိန်းတို့သည် အာမခံရသော နိုင်ငံများတွင် ပထမဆုံး နိုင်ငံများဖြစ်လာကြပြီး ၂၀၀၈ ခုနှစ် အကြပ်အတည်းသည် လာမည့်နှစ်ပေါင်းများစွာ ကြာဦးမည်ကို သဘောပေါက်လာကြသည်။

စီးပွားရေးအကြပ်အတည်းများကို ဖြေရှင်းရာတွင် အဖြေမှန်ရရှိရေးအတွက်သော့ချက်မှာ အနာဂတ်တွင် ပို၍ဆိုးမသွားစေဘဲ လက်ငင်းပြဿနာကို ဖြေရှင်းရန်ပင်ဖြစ်သည်။ အချို့က ၂၀ ရာစုနှစ်အဆုံးတွင် နည်းပညာကုမ္ပဏီများ (ဒေါ့ကွမ်း) ပြိုကွဲမှုနှင့် ပတ်သက်၍ ဗဟိုဘဏ်၏ တုံ့ပြန်မှုသည် ငွေတွေပေါများသွားစေကာ အတိုးနှုန်းတွေကို ကျစေသည်။ ထို့ကြောင့် နှစ်ပေါင်းများစွာကြာသည့်အခါ ဘဏ္ဍာရေးဈေးကွက်ပြိုကျအောင် အခြေအနေကိုဖန်တီးပေးရာ ရောက်သည်။ နိမ့်ကျနေသယောင်ရှိသော အတိုးနှုန်းများကြောင့် မချေးသင့်သောသူများကို ငွေချေးရန် ဆွဲဆောင်သလို ဖြစ်သွားပြီး ထိုအခါ ဗဟိုဘဏ်ဖြစ်ချင်သလိုမဖြစ်ဘဲ မဖြစ်ချင်သော စီးပွားရေးအကြပ်အတည်းကို တည့်တည့်တိုးမိခြင်းပင်ဖြစ်သည်ဟု ဝေဖန်ကြသည်။

အင်ဂျင်စက်တစ်လုံး၏ လည်ပတ်မှုအရှိန်သည် လောင်စာရရှိမှုအပေါ်တွင် မူတည်သကဲ့သို့ နိုင်ငံတစ်ခု၏ စီးပွားရေးအဆောက်အအုံသည် ငွေကြေးပမာဏကို ထိန်းချုပ်မှုအပေါ်တွင် မူတည်သည်။ နိုင်ငံတိုင်း၏ ငွေကြေးမူဝါဒကို ဗဟိုဘဏ်က တာဝန်ယူအကောင်အထည် ဖော်ရသည်။ ဗြိတိန်၌ အင်္ဂလန်ဘဏ်၊ ဆွစ်ဇာလန်၌ ဆွစ်အမျိုးသားဘဏ်၊ ယူရိုဇုန်က နိုင်ငံများအတွက် ဥရောပဗဟိုဘဏ်၊ ဂျပန်နိုင်ငံအတွက် ဂျပန်ဘဏ်တို့က တာဝန်ယူရသည်။ ထို အစိုးရတစ်ပိုင်းအဖွဲ့အစည်းများကို အစိုးရက တည်ထောင်ပေးသော်လည်း နိုင်ငံရေးသမားအမျိုးမျိုးက ထင်သလို ကြိုးဆွဲချယ်လှယ်မှုများမရှိဘဲ စီးပွားရေး အဆောက်အအုံကို ထိန်းချုပ်ရန်အတွက် လွတ်လပ်ခွင့်ပြုထားသည်။


စာနယ်ဇင်းလောကက နောက်ဆုံးပေါ်အဓိကရ စီးပွားရေးစာရင်းတွေကို အာရုံစိုက်ကြသော်လည်း နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးမည်မျှအရှိန်မြန်နေသည် ထိုသို့အရှိန်မြန်နေခြင်းကြောင့် ငွေဖောင်းပွမှုဖြစ်သည်ဟု ညွှန်ပြနိုင်သော တစ်ခုတည်းသော ညွှန်းကိန်းမရှိပါ။ ထို့အပြင် ကံဆိုးသည်မှာ ငွေကြေးမူဝါဒအပြောင်းအလဲကို စီးပွားရေးအဆောက်အအုံက မည်မျှ မြန်မြန်တုံ့ပြန်မည်ကိုသိနိုင်သည့် နည်းလည်းမရှိပါ။ ဥပမာ လှည့်ပတ်ငွေကြေး များနေအောင်လုပ်ခြင်းဖြင့် စီးပွားရေးအဆောက်အအုံ လျှင်မြန်စွာ တိုးတက်အောင် ဗဟိုဘဏ်က ခွင့်ပြုထားသည်ဆိုပါစို့။ ထိုလုပ်ရပ်သည် ပူပေါင်းလိုဖောင်းကာ ငွေဖောင်းပွမှုဖြစ်နိုင်သည်။ စီးပွားရေး အဆောက်အအုံ အရှိန် မတန်တဆ လျှော့အောင်လုပ်မိပြန်လျှင် စီးပွားရေးနှေးကွေးမှုဖြစ်ကာ ဘဏ္ဍာရေး ကမောက်ကမဖြစ်မှု လူအများအပြားအလုပ်လက်မဲ့ ဖြစ်မှုတို့ကို ပေါ်ပေါက်စေနိုင်သည်။

သို့ဖြစ်၍ ဗဟိုဘဏ်များက အမြဲတမ်း နိုးနိုးကြားကြား တက်တက်ကြွကြွ ရှိနေရသည်။ စီးပွားရေးတိုးတက်မှု အရှိန်လွန်ခြင်းကြောင့် ဖြစ်တတ်သော ငွေဖောင်းပွမှုကို မျက်စိတစ်ဖက်က မြင်နေသကဲ့သို့ စီးပွားရေးတိုးတက်မှုနှေးကွေးခြင်းကြောင့် ဖြစ်တတ်သော အလုပ်လက်မဲ့ကိုလည်း

mgyoe.com

မျက်စိတစ်ဖက်က ကြည့်နေရသည်။ ၂၁ ရာစုနှစ်တွင် ငွေကြေးပမာဏ (Money Supply) ကို ထိန်းချုပ်ခြင်းသည် အလွန်ခက်ခဲသော အလုပ်တစ်ခုဖြစ်လာသည်။ ကမ္ဘာတဝန်း လည်ပတ်နေသော အရင်းအနှီးက နိုင်ငံများ၏ ငွေကြေးပမာဏထက် အဆပေါင်းများစွာများသော အခါ ငွေကြေးမူဝါဒ၏ ကမ္ဘာအပေါ် အကျိုးသက်ရောက်မှုကို မဆိုထားနှင့် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအဆောက်အအုံအပေါ် မည်မျှ ဂယက်ရိုက်ခတ်မှုရှိသည်ကို တိတိကျကျ သိရှိရန် မဖြစ်နိုင်ပေ။

၂၁ ရာစုတွင် ငွေဖောင်းပွမှုနှင့် အလုပ်လက်မဲ့တို့သည် အဖိုနှင့်အမဖြစ်နေကြသည်။ တစ်ခုတက်လျှင် အခြားတစ်ခုကျသည်။ နှစ်ခုစလုံး မကောင်းသော်လည်း မကြာသေးမီနှစ်များတွင် စီးပွားရေးဆုံးဖြတ်ချက်ချမှတ်သူများကို၊ ငွေဖောင်းပွမှုက လွှမ်းမိုးထားသည်။ စီးပွားရေးအဆောက်အအုံ အလျှင်အမြန်တိုးတက်နေသည်ဆိုသော သတင်းတွေကြောင့် ဈေးကွက်ကို ကျေနပ်စေသည်။ စက်ရုံတွေ စီးပွားရေးလုပ်ငန်းတွေက စွမ်းအားပြည့်လည်ပတ်လုပ်ကိုင်နေသည်။ လူတိုင်းအလုပ်အကိုင်တွေ ရနေကြပြီဆိုလျှင် စန်းပွင့်နေသော စီးပွားရေးအဆောက်အအုံ၌ လူတိုင်း အခြေအနေပိုကောင်းနိုင်သည်ဆိုပြီး ဝမ်းသာအားရ ကြိုဆိုလက်ခံကြမည်။




သို့သော် လွန်ခဲ့သော ဆယ်နှစ်ခန့်အတွင်း နိုင်ငံအတော်များများတွင် ထိန်းမနိုင် သိမ်းမရအောင် ဈေးနှုန်းတွေတက်သွားခဲ့ပြီးနောက် ငွေဖောင်းပွမှုကို ထိတ်လန့်နေကြကာ ခေါင်းဆောင်များက စီးပွားရေးတိုးတက်မှု သိပ်မြန်လွန်းနေလျှင် ကောင်းလွန်းအားကြီးပြီး မကောင်းသည့်ဘက်ရောက်သွားကြောင်း သဘောပေါက်လာကြသည်။ အလုပ်လက်မဲ့တွေ လျှော့ချခြင်း ဆိုသည်မှာ ကုမ္ပဏီများကို ရှားပါးအလုပ်သမားများအား

လုပ်ခတိုးပေးခိုင်းခြင်း၊ တိုးလာသော စရိတ်ကို ကာမိရန် ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းကို မြှင့်တင်ရန် လိုအပ်ခြင်းဟူ၍လည်း အဓိပ္ပာယ်ထွက်သည်။

စန်းပွင့်နေသောစီးပွားရေး အဆောက်အအုံတစ်ခုတွင် စားသုံးသူများနှင့် စီးပွားရေး လုပ်ငန်းများက ရှားပါးလာသော စွမ်းအားစုများကို အပြိုင်အဆိုင်၊ အလုအယက်ရယူစ ပြုလာကြ၍ ရှားပါးမှုကြောင့် ဈေးနှုန်းများကိုတက်စေသည်။ ရလဒ်မှာ လုပ်ခတက်၍ ဈေးနှုန်းတက်၊ ဈေးနှုန်းတက်၍လုပ်ခတက်ဟူသော ဆိုးသွမ်းသံသရာဖြစ်ပေါ်စေ၍ လူတိုင်းကိုထိခိုက်သည်။ အထူးသဖြင့် ပုံသေဝင်ငွေရရှိသူများသည် ဈေးနှုန်းတက်လာလေ ၎င်းတို့၏ ဝယ်နိုင်စွမ်းအား ကျဆင်းလေဖြစ်ကာ ပိုမိုထိခိုက်ကြရသည်။

နိုင်ငံတကာဈေးကွက်က နိုင်ငံတိုင်း၏ ငွေဖောင်းပွမှုကို သေသေချာချာကြည့်သည်။ စီးပွားရေး အဆောက်အအုံအရှိန်နှေးနေသည် အရှိန်မြန်နေသည်ကိုဖော်ပြသည့်၊ အရိပ်နိမိတ်တွေကို အမြဲစောင့်ကြည့်သည်။ ပင်စင်ရံပုံငွေအဖွဲ့များ၊ အင်အားကြီးရံပုံငွေအဖွဲ့များ၊ နိုင်ငံတကာဘဏ်များ အပါအဝင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများသည် ကမ္ဘာတဝန်း တစ်ရက်တစ်ရက်တွင် ဒေါ်လာတွေ၊ ပေါင်စတာလင်တွေ ယူရိုနှင့် ယန်းငွေတွေကို ဘီလီယံ၊ တစ်ခါတစ်ရံ ထရီလီယံနှင့်ချီ၍ ရွှေ့ပြောင်းကာ ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုအပေါ်မှ အကျိုးအမြတ်အများဆုံးကို ရှာဖွေနေကြသည်။ နိုင်ငံတစ်နိုင်ငံ အရှိန်မြန်နေပုံရကာ ငွေဖောင်းပွမှု ခေါင်းပြုလာသည်ဆိုလျှင် တစ်ခဏချင်း နိုင်ငံတကာ ရင်းနှီး မြှုပ်နှံသူတွေက ၎င်းတို့ကို ငွေကြေးကိုထုတ်ယူကာ စီးပွားရေးတိုးတက်မှု ပိုမိုတည်ငြိမ်သော ငွေဖောင်းပွမှုပို၍နိမ့်သော နိုင်ငံများတွင် မြှုပ်နှံလိုကြသည်။

ဆင်ခြင်တုံတရားရှိသည့် ယာဉ်မောင်းသည် ရှေ့လမ်းကို မျက်ခြည်မပြတ် ကြည့်နေ သကဲ့သို့ပင် နိုင်ငံတစ်နိုင်ငံ၏ ဗဟိုဘဏ်ကလည်း စီးပွားရေးအဆောက်အအုံ လမ်းဖြောင့်ဖြောင့် သွားနေစေရန် ထိန်းသည်။ ဗဟိုဘဏ်သည် စက်ရုံကုန်အမှာစာများ၊ အိမ်ပြန်လည်ဆောက်မှုများ၊ စားသုံးသူချေးငွေများ၊ လက်လီအရောင်း၊ ကုန်ချောထုတ်လုပ်မှု၊ ဆောက်လုပ်ရေး၊ အလုပ်အကိုင် စသည်တို့ကဲ့သို့သော စီးပွားရေးကိန်းဂဏန်းများ အားလုံးကိုကြည့်ရန်လိုအပ်သည်။ အချို့ ကိန်း ဂဏန်းများသည် ရှေ့ပြေးညွှန်ကိန်းများဖြစ်ပြီး အချို့သည်နောက်ချန်ညွှန်ကိန်းများဖြစ်သည်။ စီးပွားရေးတိုးတက်မှု အရှိန်လွန်ခြင်း သို့မဟုတ် စီးပွားရေးနှေးကွေးခြင်းမဖြစ်ရလေအောင် အမြဲ စောင့်ကြည့်နေရသည်။

အများအားဖြင့် ငွေကြေးပမာဏကို မြှင့်ခြင်း၊ ချခြင်းအားဖြင့် ဗဟိုဘဏ်သည် စီးပွား ရေးတိုးတက်မှုဖြစ်အောင် အတော်လေးထိပါးနိုင်သည်။ သို့သော် ၂၁ ရာစုတွင် ဗဟိုဘဏ် အနေ ဖြင့် စီးပွားရေးအဆောက်အအုံမည်မျှ မြန်မြန်တိုးတက်နေသည်ကို သိရှိရန်ပိုခက်လာသည်။ ခေတ်မီ စီးပွားရေး အဆောက်အအုံအတော်များများ၌ ငွေစက္ကူနှင့်အကြွေတို့သည် စုစုပေါင်း ငွေကြေး ပမာဏ၏ ရာနှုန်းအနည်းငယ်ဖြစ်သော ၁၀% အောက်သာရှိကြသည်။ သို့သော်လည်း စုစုပေါင်း ငွေကြေးပမာဏကို ဗဟိုဘဏ်များက သေသေချာချာထိမ်းချုပ်ကြသည်။ ဗဟိုဘဏ်များက စီးပွားရေးလုပ်ငန်းများနှင့် စားသုံးသူများအတွက် နေ့စဉ်သုံးစွဲရန်လိုအပ်ချက်ကို ဖြည့်ဆည်းရုံ

mgyoe.com

mgyoe.com

လောက်သာ ငွေစက္ကူရိုက်နှိပ်ကြသည်။ အီလက်ထရွန်းနစ်နည်းသုံးပေးချေမှုများ အသုံးတွင်လာသောအခါ ငွေစက္ကူသုံးစွဲမှု သိသိသာသာကျဆင်းသွားသည်။ ယခင်ကလို လုည့်ပတ်သုံးစွဲရန် ငွေများများစားစားမလိုတော့ လုပ်ခတွေ၊ ဘဏ်အပ်ငွေတွေကို ကာမိရုံလောက်ဆိုလျှင်ရပြီ။ အချို့ဘောဂဗေဒပညာရှင်များက ဆယ်စုနှစ်များအတွင်း ငွေကြေးသုံးစွဲမှုရပ်ဆိုင်းသွားမည်ဟုပင် ဟောကိန်းထုတ်ကြသည်။

ဆင့်ပွားများ (Derivatives) အပေါ်နောက်ခံပြုအာမခံသော အာမခံချေးငွေများကဲ့သို့သော အခြားဘဏ္ဍာရေးနည်းလမ်းများ သုံးစွဲမှုတိုးတက်လာခြင်းကြောင့် (ဗဟိုဘဏ်အနေဖြင့်၊ ခေတ်မီစီးပွားရေးအဆောက်အအုံများတွင် ငွေကြေးပမာဏနှင့် ချေးငွေကိုထိထိရောက်ရောက်ထိန်းချုပ်ရန်မဖြစ်နိုင်သလောက်ဖြစ်လာခဲ့သည်။

နိုင်ငံတကာစာရင်းရှင်းလင်းရေးဘဏ်က အလွတ်ဝယ်နိုင်ရောင်းနိုင်သော ဆင့်ပွားများသည် ၂၁ ရာစု ပထမပိုင်းနှစ်များတွင် ဒေါ်လာ ၄၀၀ ထရီလီယံကျော် ကျန်ရှိနေသေးသည်ဟုဆိုသည်။ ထိုအချိန်က ကမ္ဘာပေါ်တွင် အကြီးဆုံးအမေရိကန် စီးပွားရေးအဆောက်အအုံ ပမာဏသည် ဒေါ်လာ ၁၅ ထရီလီယံပင်မပြည့်ပေ။ ဗဟိုဘဏ်များအတွက် ပြဿနာမှာ ရင်းနှီး မြှုပ်နှံမှုနည်းလမ်းအသစ်များသည် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ငွေအနည်းငယ်သုံးစွဲရုံဖြင့် နာမည်ခံအက်ဆက်ပေါင်းများစွာကို ပိုင်ဆိုင်နိုင်ခြင်းဖြစ်သည်။ ထိုရင်းနှီးမြှုပ်နှံမှုနည်းလမ်းအသစ်များ၏ ဈေးနှုန်းများတက်သွားသောအခါ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ငွေထပ်ချေးနိုင်ကြသည်။ တန်ဘိုးတက်သွားသော အိမ်အတွက် ဒုတိယအကြိမ်ထပ်ချေးနိုင်သည်။

ကမ္ဘာ့ငွေကြေးပမာဏတွေ ကမ္ဘာတဝှမ်းတွင် လည်ပတ်နေသည့်အတွက် ဗဟိုဘဏ်များအတွက် လုံးဝပုံစံသစ်တွေနှင့် တွေကြုံရစေသည်။ ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံများဖြင့် ဖွဲ့စည်းထားသည့် (OECD) အဖွဲ့ဝင်နိုင်ငံများသည် ကမ္ဘာ့ငွေကြေးပမာဏကို ထိန်းချုပ်နိုင်စွမ်းရှိခဲ့ဖူးသည်။ သို့သော် ၂၁ ရာစုအစတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးလျှင်မြန်စွာ တိုးတက်လာမှုကြောင့် ကမ္ဘာ့ငွေကြေးပမာဏ တိုးတက်မှု၏ တဝက်ကျော်သည် ထွန်းသစ်စနိုင်ငံများတွင် ဖြစ်ပွားခဲ့သည်။ အထူးသဖြင့် ဘရာဇီးလ်၊ ရုရှား၊ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့တွင်ဖြစ်ပြီး တရုတ်(တိုင်ပေ)၊ တောင်ကိုရီးယားနှင့် ဗီယက်နမ်တို့ကဲ့သို့သော အနည်းငယ်ငယ်သည့် ကုန်သွယ်ဖက်နိုင်ငံများတွင်လည်း တွေ့ရသည်။ အဆိုပါနိုင်ငံငယ်များ၌လည်း နိုင်ငံခြားငွေတွေ ကောင်းကောင်းပိုလျှံလာခဲ့ကြသည်။

ကမ္ဘာတစ်ဝန်းတွင် ငွေကြေးဖောင်းပွမှုကို မည်သို့ဆုံးဖြတ်ကြ တိုင်းတာကြသနည်း။ အဓိကအားဖြင့် သာမန်နိုင်ငံသားတစ်ယောက်၏ နေ့စဉ်လိုအပ်ချက်ကို ကိုယ်စားပြုသော ကုန်စည်နှင့်ဝန်ဆောင်မှုတစ်ခုကို အသုံးပြုသည်။ ဥပမာ– ဖွံ့ဖြိုးဆဲနိုင်ငံအချို့တွင် နေ့စဉ်လိုအပ်ချက်၏ ၆၀ % သည် အစားအသောက်ဖြစ်သည်။ တရုတ်နိုင်ငံတွင် ၃၀ %ရှိပြီး အမေရိကန်နိုင်ငံတွင် ၁၀ %သာ ရှိသည်။ သာမန် အမေရိကန်စားသုံးသူတစ်ယောက်သည် ၁၀ % လောက်သာ အစားအသောက်စရိတ်အတွက်သုံးရပြီး ကျန်အသုံးစရိတ်ကိုအခြား ကုန်စည်နှင့် ဝန်ဆောင်မှုများအတွက် အသုံးပြုသည်။ ဤအချက်က စားနပ်ရိက္ခာဈေးနှုန်းတက်ခြင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင်

mgyoe.com

ချမ်းသာသည့်နိုင်ငံများထက် ဂယက်ရိုက်ခတ်မှု ကြီးမားသည်ကို ညွှန်ပြနေသည်။

နိုင်ငံတစ်နိုင်ငံ၏ ငွေဖောင်းပွမှုနှုန်းကို ဆုံးဖြတ်ရန် အသုံးပြုသည့် ကုန်စည်နှင့်ဝန်ဆောင်မှု တခုကို အစိုးရ(သို့) အစိုးရထိန်းချုပ်သော အဖွဲ့အစည်းတစ်ခုက သတ်မှတ်သည်။ ထိုသို့ သတ်မှတ်ရာတွင် အမျိုးမျိုးဖြစ်နိုင်သည်။ ဥပမာ ၂၁ ရာစုအစပိုင်းက အာဂျင်တီးနားအစိုးရသည် ဈေးအတက်မမြန်သည့် ကုန်စည်နှင့်ဝန်ဆောင်မှုတစ်ခုကို ရွေးချယ်သတ်မှတ်ပြီး ငွေဖောင်းပွမှုနှုန်းကို လျော့ပြခဲ့သည်။ ကမ္ဘာတဝှမ်းရှိ ငွေတန်ဖိုးများကို နှိုင်းယှဉ်ရန် အသုံးပြုသည့် အခြားကုန်စည်နှင့် ဝန်ဆောင်မှုတစ်ခုကို နိုင်ငံတကာအဖွဲ့အစည်းများ ဘဏ်များ၊ မဂ္ဂဇင်း၊ သတင်းစာနှင့် အင်တာနက် ဝက်ဘ်ဆိုက်ကဲ့သို့သော စာနယ်ဇင်းများက သတ်မှတ်ပြီး ဝယ်နိုင်စွမ်းအားညီမျှမှု (Purchasing Power Parity) ဟုခေါ်သည်။

ဗဟိုဘဏ်က ငွေဖောင်းပွမှုသည် ထိန်းမနိုင်သိမ်းမရဖြစ်နေပြီ၊ နိုင်ငံ၏စားသုံးသူ ဈေးဆနှုန်းကိန်း သိသိသာသာတက်နေပြီဆိုလျှင် နိုင်ငံ၏စီးပွားရေးကို ထိန်းချုပ်ရန် နည်းလမ်း အမျိုးမျိုး သုံးနိုင်သည်။ အများဆုံးအသုံးပြုသောနည်းလမ်းမှာ အဆင့်တိုင်းအဆင့်တိုင်း ငွေကြေးပမာဏကို လျှော့ချခြင်းဖြစ်သည်။ အများအားဖြင့် အလွယ်တကူရနိုင်သောငွေသည် ဘဏ်အပ်ငွေများဖြစ်ရာ ဗဟိုဘဏ်တစ်ခုအနေဖြင့် ငွေကြေးပမာဏကို ထိန်းချုပ်နိုင်ရန်အတွက် အထိရောက်ဆုံးနည်းမှာ ဘဏ်ချေးငွေနှင့် ဘဏ်အပ်ငွေများကိုထိန်းချုပ်ခြင်းဖြစ်သည်။ အခြေခံအားဖြင့် ဘဏ်တွေက ဖောက်သည်တွေကို ပိုချေးလေ စီးပွားရေးအဆောက်အအုံ တိုးတက်လေဖြစ်ပြီး ဘဏ်ချေးငွေ လျှော့လျှင် စီးပွားရေးတိုးတက်မှုနှေးကွေးသည်။

ဤနည်းလမ်းအကျိုးသက်ရောက်မှုရှိရခြင်းမှာ ဆပွားအကျိုးသက်ရောက်မှု (Multiplier Effect) ကြောင့်ဖြစ်သည်။ ဘဏ်တစ်ခုတွင်အပ်နှံသော ငွေကြေးကို ဘဏ်က အခြားလူတွေကို မဖြစ်မနေပြန်ချေးသည်။ ဥပမာ– ဆီယက်တ်လ်ရှိဘဏ်တစ်ခု၌ အပ်နှံထားသော ဒေါ်လာ ၁၀၀ သည်။ Keywest က စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်သို့ ချေးငွေအဖြစ် အဆုံးသတ်သွားနိုင်သည်။ ဘဏ်အပ်ငွေ၏ တစ်ချို့တစ်ဝက်ကို သီးသန့်ငွေသားအဖြစ် ဖယ်ထားပြီးနောက် ကျန်ငွေကို ဘဏ်များက လွတ်လွတ်လပ်လပ်ထုတ်ချေးနိုင်သည်။ ထို့ကြောင့် ငွေစက္ကူထပ်မံရိုက်နှိပ်စရာမလိုပဲ ငွေကြေးပမာဏတိုးပွားနိုင်သည်။

အခြေခံအားဖြင့် ဘဏ်တစ်ခုက ထုတ်ချေးနိုင်သောငွေကြေးပမာဏသည် အပ်ငွေနှင့် သီးသန့်ငွေသားလိုအပ်ချက်တို့ အပေါ်တွင်မူတည်သည်။ သီးသန့်ငွေသားလိုအပ်ချက်ကို ဗဟိုဘဏ်က ချမှတ်သည်။ ဘဏ်အတော်များများက ဥပမာ– အပ်ငွေ၏ ၁၀%ကို သီးသန့်ငွေသားအဖြစ် ဖယ်ထားရပြီး ဖောက်သည်တွေကို ပြန်မချေးဘဲထားရသည်။ ဗဟိုဘဏ်ကသီးသန့်ငွေသားလိုအပ်ချက်ကိုမြှင့်တင်လိုက်သောအခါ ငွေကြေးပမာဏကို လျော့သွားစေသည်။ ဘဏ်များက စီးပွားရေးလုပ်ငန်းတွေ ဖောက်သည်တွေကို ထုတ်ချေးနိုင်သောငွေတွေလျော့သွားသည်။ တစ်ဖက်၌ သီးသန့်ငွေသားလိုအပ်ချက်ကို လျှော့ချလိုက်သောအခါ ဘဏ်တွေကပိုချေးနိုင်ပြီး ချေးနိုင်သော ငွေတွေများလာသဖြင့် စီးပွားရေးအဆောက်အအုံ အရှိန်ကောင်းအောင် လုပ်ပေးလိုက်သလို

mgyoe.com

mgyoe.com

ဖြစ်စေသည်။ ၂၀၀၈ ခုနှစ် ချေးငွေအကြပ်အတည်းကာလတွင် ဗဟိုဘဏ်အများစုက ဤနည်းကို ကျင့်သုံးခဲ့သည်။

အတိုးနှုန်းလျှော့ချခြင်းသည် စီးပွားရေးတိုးတက်မှုကို ထိန်းချုပ်ရန် ဗဟိုဘဏ်များ သုံးသည့် လူအများမြင်သာသော လက်နက်တစ်ခုဖြစ်သည်။ ဗဟိုဘဏ်တစ်ခုက စီးပွားရေးနှေး နေသည်ဟု ယူဆလျှင် ဘဏ်များသို့ချေးသော ချေးငွေတွေအပေါ်တောင်းခံသည့် အတိုးနှုန်းကို လျှော့ချနိုင်သည်။ အတိုးသက်သက်သာသာ၊ ဈေးပေါပေါဖြင့် ချေးငွေတွေရသောအခါ စီးပွားရေး လုပ်ငန်းတွေက စားသုံးသူတွေကို သက်သက်သာသာ ငွေချေးနိုင်ကာ စီးပွားရေးတိုးတက်မှု အတွက် အရေးပါသော လှုံ့ဆော်မှုဖြစ်လာသည်။

ထို့အတူပင် အတိုးနှုန်းကိုမြှင့်ခြင်းဖြင့် ဗဟိုဘဏ်တစ်ခုသည် စီးပွားရေးလုပ်ငန်းတွေ၊ စားသုံးသူတွေက ငွေချေးရာတွင် ဈေးကြီးစေရန်လုပ်ခြင်းဖြင့် စီးပွားရေးတိုးတက်မှုကို နှေးကွေး သွားစေသည်။ ကွန်ပျူတာတွေ၊ ကားတွေ၊ စက်ရုံတွေဝယ်ယူမှု လျော့ကျစေကာ စီးပွားရေး နှေးသွားစေသည်။ ခေါင်းတွဲတစ်တွဲက တွဲတွေအများကြီးကို ဆွဲသကဲ့သို့ ဗဟိုဘဏ်အတိုးနှုန်းများ က စီးပွားရေးအဆောက်အအုံတစ်ခုလုံး၏ နှုန်းများကို အကျိုးသက်ရောက်မှုရှိသည်။

ဗဟိုဘဏ်တစ်ခုက အခြားဘဏ်များသို့ချေးသော ချေးငွေများအပေါ်မှ တောင်းခံသော အတိုးနှုန်းဖြစ်သည့် လျှော့လဲနှုန်း (Discount Rates) ကိုပြောင်းလဲလိုက်လျှင် တစ်နိုင်ငံလုံးရှိ အတိုးနှုန်းများအားလုံး လိုက်ပါပြောင်းလဲသည်။ ဥပမာ – ဥရောပတွင်ဘဏ်အချင်းချင်းအကြား အတိုးနှုန်း (interbank rates) ဟုခေါ်ပြီး အမေရိကန်ပြည်ထောင်စုတွင် ဗဟိုဘဏ်အတိုးနှုန်း (Fed funds rates) ဟုခေါ်သော အတိုးနှုန်းသည် ဗဟိုဘဏ်မှချေးရာတွင်ပေးရသော အတိုးနှုန်း တက်လျှင် လိုက်တက်ပြီး ဗဟိုဘဏ်သို့ပေးရသော အတိုးနှုန်းကျလျှင် လိုက်ကျသည်။ ငွေချေး ရာတွင် စရိတ်ကြီးမားလာသည့်ဒဏ်ကို ချေးငွေအပေါ် အတိုးတင်သည့်ပုံစံဖြင့် စားသုံးသူများနှင့် စီးပွားရေးလုပ်ငန်းများသို့ ဆက်၍လက်ဆင့်ကမ်းသည်။

အခြားကုန်ပစ္စည်းများကဲ့သို့ပင် ငွေကြေးသည်လည်း လက်ပြောင်းလက်လွှဲလုပ်၍ ရသဖြင့် အတိုးနှုန်းများအားလုံးသည် အချိတ်အဆက်ရှိသည်။ ဘဏ်များနှင့်လူအများက ငွေကြေး ကို စရိတ်သက်သက်သာသာ အတိုးနှုန်းအနည်းဆုံးနှင့် ရရှိနိုင်သောနေရာကို လိုက်ရှာကြမည်။ ဥပမာ– ဝါရှင်တန်ရှိ ဗဟိုဘဏ်တွင် အတိုးနှုန်းပြောင်းလဲခြင်းသည် မီယာမီနှင့်မင်နီ ဆိုတာရှိ စားသုံးသူများနှင့်စီးပွားရေးလုပ်ငန်းများက ချေးသောချေးငွေ၏ အတိုးနှုန်းများအပေါ်၌ သာမက ယခုအခါ ကမ္ဘာတစ်ဝန်းလုံးရှိ အတိုးနှုန်းများအပေါ်ကိုပါ ဂယက်ရိုက်ခတ်မှုရှိသည်။

ကမ္ဘာတစ်ဝန်းက ဗဟိုဘဏ်များ၏ လှုပ်ရှားမှုများသည်လည်း အမေရိကန်ပြည်ထောင်စု အတွင်းရှိ အတိုးနှုန်းများအပေါ် ဂယက်ရိုက်ခတ်မှုကြီးသည်ထက် ကြီးမားလာခဲ့သည်။ နိုင်ငံ တကာ ငွေကြေးဈေးကွက်တည်း ဟူသောကမ္ဘာရွာ၌ အတိုးနှုန်းသည် စီးပွားရေးလှုပ်ရှားမှုများ၏ ရင်ခုန်သံနှင့်တူပြီး ကမ္ဘာ့စီးပွားရေးအဆောက်အအုံများသည် အပြန်အလှန်ဆက်သွယ်မှု ကြီးမား သည် ထက်ကြီးမားလာနေသည်။

mgyoe.com

mgyoe.com

ဗဟိုဘဏ်တစ်ခုအနေဖြင့် ငွေကြေးပမာဏ အတင်အချပြုလုပ်ရာတွင် အသိသာဆုံး နည်းလမ်းမှာ လွတ်လပ်သော ဈေးကွက်တွင်ဝင်ရောက်ဆောင်ရွက်ခြင်း (Open market Operations) ဖြစ်သည်။ ဗဟိုဘဏ်က ဈေးကွက်တွင် အစိုးရငွေတိုက်စာချုပ်ကဲ့သို့သော ငွေချေး သက်သေခံလက်မှတ် အမြောက်အမြားကို အရောင်းအဝယ်လုပ်သည့် နည်းဖြစ်သည်။ ဘဏ် တစ်ခုမှသော်လည်းကောင်း၊ ငွေချေးသက်သေခံလက်မှတ်များ အရောင်းအဝယ်လုပ်သော ကုမ္ပဏီ တစ်ခုမှလည်းကောင်း စာချုပ်အမြောက်အမြားဝယ်ခြင်းဖြင့် ဗဟိုဘဏ်ကစီးပွားရေး အဆောက် အအုံအတွင်းသို့ ငွေအမြောက်အများထည့်ပေးလိုက်သည်။ ယခင်က စီးပွားရေးအဆောက်အအုံ အတွင်းရှိမနေသော ငွေကြေးပမာဏကို လွှတ်ပေးလိုက်သည်။ ချေးငွေစာချုပ်တွေရောင်းချရသော ငွေကို ဘဏ်များက စားသုံးသူများ၊ စီးပွားရေးလုပ်ငန်းများသို့ ထုတ်ချေးနိုင်သည်။

ဤနည်း မည်သို့အဆင်ပြေသနည်း။ အခြေခံအားဖြင့် ဗဟိုဘဏ်တစ်ခုက မီးခံ သေတ္တာ ထဲမှ ငွေနှိုက်ထုတ်ပြီး ဘဏ်များမှချေးငွေစာချုပ်တွေကို ဝယ်ယူတိုင်း၊ ငွေကြေးဖန်တီးရာ ရောက် သည်။ ငွေသားဖြင့်ပေးသည်ဖြစ်စေ၊ အဆိုပါဘဏ်များ၏ ငွေစာရင်းတွင်ထည့်ပေး လိုက်သည် ဖြစ်စေ ဈေးကွက်မှငွေချေးစာချုပ်ဝယ်တိုင်း စီးပွားရေးအဆောက်အအုံအတွင်းသို့ ငွေအသစ် ထပ်ထည့်ရာ ရောက်သည်။

အလားတူပင် ဗဟိုဘဏ်တစ်ခုက လွတ်လပ်သောဈေးကွက်တွင် ချေးငွေစာချုပ်တွေ ချရောင်းခြင်းသည် စီးပွားရေးအဆောက်အအုံ၏ ငွေကြေးပမာဏကို လျှော့ပါးစေသည်။ ဘဏ်များ၊ ငွေချေးသက်သေခံစာချုပ် ရောင်းဝယ်ရေးကုမ္ပဏီများက ဝယ်ယူသော ချေးငွေစာချုပ် များအတွက် ပေးချေလိုက်သောငွေသည် ဗဟိုဘဏ်၏ မီးခံသေတ္တာတည်းဟူသော တွင်းနက် ထဲသို့ ရောက်သွားကာ စီးပွားရေးအဆောက်အအုံအတွင်းမှ လုံးဝဖယ်ရှားခြင်းခံရသည်။

ငွေကြေးမူဝါဒသည် ခက်ခက်ခဲခဲစဉ်းစားဆောင်ရွက်ရသော ကိစ္စဖြစ်သည်။ တစ်ခါ တစ်ရံတွင် ဗဟိုဘဏ်များသည် ၎င်းတို့ဖြေရှင်းရန် ကြိုးစားသောပြဿနာများထက် ကြီးမားသော ပြဿနာများကို ဖန်တီးမိကာ ဆေးအတွက်လေးတတ်သည်။ ဥပမာ– ၂၁ ရာစုအစပိုင်းတွင် ဖြစ်ပွားသော အိမ်ယာမြေဈေးနှုန်းများ တိုးတက်သွားသည့်ကိစ္စသည် အင်တာနက်ကုမ္ပဏီ (ဒေါ့ကွမ်း) များ၏ အစုရှယ်ယာဈေးနှုန်းများ ရုတ်တရက်ထိုးကျသွားပြီး နောက် စီးပွားရေး အဆောက်အအုံကို ပြန်လည်လှုံ့ဆော်ရန်အတွက် ဗဟိုဘဏ်ကဆုံးဖြတ် ဆောင်ရွက်ခဲ့မှု အတော် များများကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ၂၀၀၁ ခုနှစ်တွင် ဗဟိုဘဏ်က အတိုးနှုန်း ၀.၅ % လျှော့ကာ ၆ ရာခိုင်နှုန်းဖြစ်သွားစေခဲ့ပြီး နောက် (၃) နှစ်အတွင်း ဆက်တိုက်အတိုးနှုန်းများ လျှော့ချကာ ၂၀၀၁ စက်တင်ဘာလ ကမ္ဘာ့ကုန်သွယ်ရေး ဗဟိုဌာနအကြမ်းဖက်သမားတို့၏ တိုက်ခိုက်မှုကြောင့် ဖြစ်ပေါ်လာသော ဒဏ်ရာဒဏ်ချက်များမှ သက်သာရာရရန် စားသုံးသူများ၏ ယုံကြည်မှု လျင်မြန်စွာကျဆင်းနေခြင်းတို့ကို ကုစားရန်ဆောင်ရွက်ခဲ့သည်။ ဤအလွန်အမင်း နိမ့်ကျသော အတိုးနှုန်းကြောင့် စားသုံးသူများ၊ အလွန်အကျွံအိမ်ဝယ်စေရန် အားပေးရာရောက်ပြီး၊ အိမ်ပေါင်ရန် သတ်မှတ်ချက်များ စည်းကမ်းလျှော့နေသည်ကို အခွင့်ကောင်းယူခဲ့ကြသည်။

mgyoe.com



ထိုပြင် ကမ္ဘာ့စီးပွားရေးအဆောက်အအုံအတွင်းရှိ ဖွံ့ဖြိုးဆဲနိုင်ငံများ၊ အရှေ့အလယ်ပိုင်းက ရေနံထုတ်လုပ်သောနိုင်ငံများတွင် စုဆောင်းမှုတွေအလျှံပယ်ဖြစ်လာခဲ့သည်။ ၂၁ ရာစုတွင် ဖွံ့ဖြိုးဆဲနိုင်ငံများထဲမှ ထွန်းသစ်စနိုင်ငံများသည် သိုးသန့်ငွေသားအပိုအလျှံ၊ ထရီလီယံနှင့်ချီပြီး စုဆောင်းမိခဲ့ကြရာ ရင်းနှီးမြှုပ်နှံရန်ဆုံးဖြတ်ခဲ့ကြသည်။ ထိုသို့ဖြင့် အပေါင်ခံလုပ်ငန်းများ၊ စားသုံးသူများ (သို့) ချေးသောချေးငွေများအတွက် ငွေတွေရစေခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် ဗဟိုဘဏ်က အတိုးနှုန်းတွေကို စတင်မြှင့်တင်ခဲ့သည့် နောက်ပိုင်း၌ပင် နိုင်ငံခြားမှငွေကြေးများ လိမ့်ဝင်လာဆဲဖြစ်ပြီး မကြုံစဖူးသော စားသုံးသူတို့ အလွန်အကျွံသုံးစွဲမှုဖြစ်ပေါ်ရန်အတွက် မီးလောင်ရာ လေပင့်ပေးခဲ့သည်။

၂၀၀၇ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်တွင် ချေးငွေတွေအဆမတန် များပြားလာသောအခါ လူတော်တော်များများက အပေါင်ခံ လုပ်ငန်းများတိုးပွားလာမှုကို ဖြစ်စေသောရှုပ်ထွေးသည့် ငွေချေးအရှုပ်အထွေး အမျိုးမျိုးကိုလည်းကောင်း၊ အန္တရာယ်စီမံခန့်ခွဲမှုပုံစံများ၏ မအောင်မြင်မှုကိုလည်းကောင်း အပြစ်မြင်ခဲ့ကြရာ ချေးငွေများ၏ အဆင့်အတန်းသတ်မှတ်ပေးသည့် ကုမ္ပဏီများပင်လျှင် အပြစ်တင်ခံရခြင်းမှ မလွတ်ခဲ့ကြပေ၊ အဆုံးတွင်ငွေဖောင်းပွမှုနှုန်းထက် နိမ့်ကျသောအတိုးနှုန်း (အနှုတ်လက္ခဏာ၊ အမှန်တကယ်အတိုးနှုန်း) ကို ခွင့်ပြုခဲ့ခြင်းအတွက် ဗဟိုဘဏ်များ အပြစ်တင်ခံရသည်။

ကမ္ဘာ့အကြပ်အတည်းနှင့် တွေ့ကြုံပြီးနောက် ဗဟိုဘဏ်များသည် အတော်လေး အကြပ်တွေ့ခဲ့ကြသည်။ Long Term Capital Management ကုမ္ပဏီပြိုကွဲမှု၊ ရုရှကြွေးမြီပြန်မဆပ်နိုင်မှု ၂၀ ရာစုနှစ် ကုန်ခါနီးတွင် အာရှအကြပ်အတည်းစသော အခက်အခဲများ တွေ့ကြုံခဲ့ရပြီးနောက် ဗဟိုဘဏ်များသည် ၎င်းတို့၏ အဓိကတာဝန်နှစ်ခုဖြစ်သော တည်ငြိမ်မှုကို ထိန်းသိမ်းကာကွယ်ရေးနှင့် ငွေဖောင်းပွမှုတိုက်ဖျက်ရေး ဟူသောတာဝန်နှစ်ရပ်ကို သေသေချာချာ ချိန်ဆလာကြသည်။ မအောင်မြင်သောဘဏ်များ ရင်းနှီးမြှုပ်နှံသူများကို အာမခံရ၊ ကယ်ရ လုပ်နေပြီးနောင်တွင်လည်းအလားတူ မတော်မတရားမှုများ ပြုလုပ်ရန် အားပေးသလိုဖြစ်နေခြင်း၊ နောက်ထပ်ဈေးကွက် ပူပေါင်းတွေပေါက်ရန် ဖန်တီးနေခြင်းတို့တွင် ဘဏ္ဍာရေးတည်ငြိမ်မှုရှိအောင် ဘယ်လောက်လုပ်နိုင်မည်နည်းဟု မေးစရာရှိသည်။

ဤလုပ်ငန်းသည် အလွန်ခက်ခဲသည်။ စီးပွားရေးတိုးတက်မှု မြန်လွန်းအားကြီးနေသည်ကို ကုစားခြင်းကြောင့် စီးပွားရေးနှေးကွေးမှုမှရသော အကျိုးကျေးဇူးသည် အလှူ့လက်မဲ့

mgyoe.com

 mgyoe.com 

များပြားခြင်း၊ လစာနှုန်းနှင့် အမြတ်များနိမ့်ကျခြင်း၊ ကုမ္ပဏီအတော်များများ ဒေဝါလီခံရခြင်း တည်းဟူသော စရိတ်စခများထက်ကြီးမားနိုင်သည်။ ၂၀ ရာစုနှစ်အစောပိုင်းက ထင်ရှားပြီး အမြင်ကျယ်သော ဘောဂဗေဒပညာရှင် Joseph Schumpeter က၊ စီးပွားရေးကျချိန်တွင် 'တည်ထွင်ဖန်တီးမှုရှိသော ဖျက်ဆီးမှု' မျိုးရှိနိုင်သည်ဟုရှုမြင်ခဲ့သည်။ သေလုမျောပါးကုမ္ပဏီများထံမှ အရင်းအနှီးတွေထွက်လာပြီး ကုမ္ပဏီသစ်တွေ ရှင်သန်ရန်အခြေအနေကို ဖြစ်ပေါ်စေသည်ဟု သူကဆိုခဲ့သည်။

ထို့ကြောင့် ဗဟိုဘဏ်များက အချို့သောစီးပွားရေးနှေးကွေးမှုမျိုးကို ဖြစ်စေချင်ပုံရသည်။ သို့သော် ၁၉၃၀ ပြည့်လွန်နှစ်များက ဖြစ်ပွားခဲ့သော စီးပွားရေးပျက်ကပ်မျိုးကို ဖြစ်စေချင်ပုံမရ။ ထိုကပ်မျိုးသည် စီးပွားရေးအဆောက်အအုံကို ဆိုးဆိုးဝါးဝါးထိခိုက်စေခြင်းကြောင့် မည်သူ့အတွက်မျှအကျိုးမရှိ။

လိုင်းဒဏ်လေဒဏ်ကြားထဲမှာ စီးပွားရေးအဆောက်အအုံကို ပဲ့ကိုင်ပေးရရုံမျှသာမက ဗဟိုဘဏ်သည် နိုင်ငံ၏ဘဏ်နှင့် ဘဏ္ဍာရေးစနစ်ကို ကြီးကြပ်သူအဖြစ်လည်း ဆောင်ရွက်ရသည်။ နိုင်ငံအတော်များများ၌ ထိုတာဝန်များကို ထိထိရောက်ရောက်၊ စွမ်းရည်ပြည့်ပြည့် ထိန်းဆောင်နိုင်ရန်အတွက် အတိုင်းအတာတစ်ခုအထိ ဗဟိုဘဏ်များကို လွတ်လပ်ခွင့်ပေးထားတတ်ကြသည်။ ဥပမာ– အမေရိကန်ပြည်ထောင်စုတွင် ဗဟိုဘဏ်ဥက္ကဋ္ဌကိုသမ္မတက ခန့်အပ်သည်။ သို့သော် ခန့်ပြီးလျှင်အစိုးရက ဗဟိုဘဏ်ကို ငွေကြေးပမာဏနှင့်ပတ်သက်၍ မည်သို့ထိန်းသိမ်းပါ၊ နိုင်ငံ၏ဘဏ္ဍာရေးစနစ်ကို မည်သို့ကြီးကြပ်ပါ၊ဟူ၍ လုံးဝပြောပိုင်ခွင့်မရှိတော့ပေ။ အချို့နိုင်ငံများ၌ ဗဟိုဘဏ်များသည် အခြားသောတာဝန်များကိုလည်း ထပ်ယူကြရသည်။ ဥပမာ– အင်္ဂလန်ဘဏ်သည် ဘဏ်စနစ်ကို ကြီးကြပ်ကွပ်ကဲရုံမျှသာမက ငွေစက္ကူရိုက်နှိပ်ရန်လည်း တာဝန်ယူရသည်။ ဖရန့်ဖတ်တွင်အခြေစိုက်သော ဥရောပဗဟိုဘဏ်သည် ယူရိုဇုန်နယ်နိမိတ်အတွင်းရှိ နိုင်ငံများအားလုံး၏ ငွေကြေးမူဝါဒကို ကြီးကြပ်ရသော်လည်း၊ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးရာကိစ္စများတွင် မည်မျှသာ ဝင်ရောက်စွက်ဖက်နိုင်သည်ဟု ကန့်သတ်ထားသည်။ အမေရိကန်ပြည်ထောင်စုတွင် အမေရိကန်ငွေတိုက်နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေတိုက်စာချုပ်များ၊ ချေးငွေစာချုပ်များထုတ်ဝေကာ အစိုးရသုံးရန်အတွက် ငွေချေးပေးသည်။ ဗဟိုဘဏ်ဘုတ်အဖွဲ့က ငွေကြေးမူဝါဒကိုချမှတ်ပြီး ငွေစက္ကူထွင်းထုပုံနှိပ်ရေးဗျူရိုက ငွေစက္ကူရိုက်နှိပ်မှုကိုကြီးကြပ်ရသည်။ ဂျပန်ဘဏ်က အစိုးရ၏ ချက်လက်မှတ်များကိုထုတ်ဝေကာ နိုင်ငံခြားငွေများအပ်နှံမှုကို လက်ခံသည်။ ဆွစ်အမျိုးသားဘဏ်ကဲ့သို့သော အချို့ဗဟိုဘဏ်များကိုပုဂ္ဂလိက အစုရှယ်ယာရှင်များက တစိတ်တပိုင်းပိုင်ဆိုင်ကြပြီး၊ ငွေကြေးမူဝါဒချမှတ်ရာ၌ နိုင်ငံအတွက် အကျိုးရှိရေးမဟုတ်ပဲ ဗဟိုဘဏ်အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားအတွက်ဖြစ်သည်ကိုတွေ့ရသည်။

အကြီးအကျယ် ဘဏ္ဍာရေးကသောင်းကနင်းဖြစ်ချိန်၌ ဗဟိုဘဏ်သည် 'နောက်ဆုံးငွေချေးငှားသူ'အဖြစ်ဆောင်ရွက်လေ့ရှိပြီး နိုင်ငံ၏ဘဏ္ဍာရေးစနစ် တည်ငြိမ်မှုရစေရန် ဆောင်ရွက်ပေးလေ့ရှိသည်။ အဓိကနိုင်ငံတကာဘဏ္ဍာရေး အကြပ်အတည်းများ၌ ဗဟိုဘဏ်များသည်

mgyoe.com

၎င်းတို့ကိုယ်ပိုင် ဗဟိုဘဏ်ဖြစ်သော ဆွစ်ဇာလန်နိုင်ငံ၊ Basel ၌အခြေစိုက်သော နိုင်ငံတကာ စာရင်းရှင်းလင်းရေးဘဏ် (The Bank for International Settlements) ကို အားကိုးကြရသည်။ ကမ္ဘာ့ဘဏ္ဍာရေးပြဿနာများကို ကူညီဖြေရှင်းပေးရန်အတွက်၊ နိုင်ငံတကာစာရင်း ရှင်းလင်းရေးဘဏ်က ကမ္ဘာတဝန်းရှိ ဒုက္ခရောက်နေသောဘဏ်များကို ကယ်တင်ရန်အတွက် ယာယီရံပုံငွေများ ထောက်ပံ့လေ့ရှိသည်။ ရေရှည်ငွေကြေးထောက်ပံ့ရေးကိစ္စများကို စီစဉ်နိုင် လျှင်နိုင်ချင်း ပြန်ဆပ်ရသည့် 'ပေါင်းကူးချေးငွေ' ဟုခေါ်သော ရေတိုချေးငွေများကို ထောက်ပံ့သည်။

နိုင်ငံတကာ စာရင်းရှင်းလင်းရေးဘဏ်သည် ကမ္ဘာ့ဘဏ်လောကကို ထိန်းချုပ်ရန်အတွက် စည်းကမ်းသစ်များချမှတ်ရေးအဖွဲ့အစည်း တစ်ခုအဖြစ်လည်း ဆောင်ရွက်ရသည်။ ဥပမာ ၂၀၀၇ ခုနှစ်က ကမ္ဘာတဝန်းရှိဘဏ်များ သီးသန့်ငွေသားအဖြစ် ကိုင်ဆောင်ထားရန်လိုအပ်သော အရင်းအနှီးပမာဏနှင့် ပတ်သက်၍သဘောတူညီချက်အသစ်တစ်ရပ်ကို ချမှတ်ခဲ့သည်။ ထိုသဘောတူညီချက်ကို Basel II ဟုခေါ်ပြီး ကမ္ဘာ့စီးပွားရေးအဆောက်အအုံအတွင်းရှိ ရင်းနှီးမြှုပ်နှံသူများ ရရှိနိုင်သော ငွေချေးစာချုပ်အသစ်အမျိုးမျိုးတွင် တွေ့ရသော အန္တရာယ်များကို၊ သေသေချာချာ အကဲဖြတ်ရန် ဘဏ်များအားတိုက်တွန်းခဲ့သည်။ Merrill Lynch, UBS နှင့် အခြားသောဘဏ်များက အပေါင်ခံမှုကို ကျောထောက်နောက်ခံလုပ်ထားသော ငွေချေးစာချုပ် အများအပြား ပိုင်ဆိုင်ခြင်း၏ အန္တရာယ်ကို အကဲဖြတ်ရန် ပျက်ကွက်ခဲ့သည့်အတွက်၊ ဒေါ်လာဘီလီယံနှင့်ချီ၍ ဆုံးရှုံးခြင်း၊ လူအတော်များများ ငွေရေးကြေးရေးအရ ဒုက္ခရောက်ခြင်းတို့ကို ဖြစ်ပေါ်စေခဲ့သည်။

နိုင်ငံတကာ စာရင်းရှင်းလင်းရေးဘဏ်သည် ကမ္ဘာတဝန်းရှိ ဗဟိုဘဏ်များ၊ ဘဏ်လုပ်ငန်း ကမ္ဘာ့ဆန်လာမှု ပေါင်းစည်းမှုရှိလာသော ကမ္ဘာ့စီးပွားရေးအဆောက်အအုံတွင် ဗဟိုဘဏ်များ၏ အခန်းကဏ္ဍတို့ကို ဆွေးနွေးရန်နေရာတစ်ခုလည်းဖြစ်သည်။ ကမ္ဘာ့စီးပွားရေးအဆောက်အအုံတွင် တရုတ်နှင့်အိန္ဒိယကဲ့သို့သော အင်အားကောင်းလာသည့် နိုင်ငံသစ်များ ပေါ်ပေါက်လာသဖြင့် နိုင်ငံတကာစာရင်းရှင်းလင်းရေးဘဏ် အသင်းဝင်ဗဟိုဘဏ်ဦးရေသည်လည်း ၂၁ ရာစုအစပိုင်းနှစ်များတွင် ဆယ်နှစ်အတွင်း ၃၆ ဘဏ်မှ ၅၅ ဘဏ်အထိဖြစ်လာခဲ့သည်။

နိုင်ငံတကာ ငွေကြေးရံပုံငွေအဖွဲ့က အကြပ်အတည်းတွေ့နေသော နိုင်ငံများကို ပေါင်းကူးငွေများထုတ်ပေးလေ့ရှိသည်။ နိုင်ငံတကာငွေကြေးရံပုံငွေအဖွဲ့က ခွင့်ပြုသော၊ အဆောက်အအုံပံ့သဏ္ဌာန် ပြုပြင်ညှိနှိုင်းရေးလုပ်ငန်းစဉ်များသည်၊ အခြားနေရာများမှ ရေရှည်အတွက် ရံပုံငွေမရရှိသောကာလတွင် ဒုက္ခရောက်နေသော နိုင်ငံများအတွက် အရေးပါသော ပထမခြေလှမ်းဖြစ်သည်။

နိုင်ငံတကာငွေကြေးရံပုံငွေအဖွဲ့သည် ဝါရှင်တန်ဒီစီ၌ အခြေစိုက်သော်လည်း ကမ္ဘာတဝှမ်းရှိ အဖွဲ့ဝင်နိုင်ငံအမျိုးမျိုးထံမှ ရံပုံငွေရရှိသည်။ ကမ္ဘာ့ဘဏ္ဍာရေးစနစ် အကျပ်အတည်းဖြစ်လျှင်ကူညီရန်၊ ချမ်းသာသည့် နိုင်ငံများက ကတိပြုထားသောငွေသားများ ရယူနိုင်သည့်အပြင်၊ ၂၁ ရာစုအစပိုင်း၌ သီးသန့်ရွှေတန်ချိန် ၃၀၀၀ ကျော်ကို ကိုင်ထားကာ ဈေးကွက်အခြေအနေကို တန်ပြန်ချိန်ညှိရန်နှင့် ကမ္ဘာ့အကြပ်အတည်းကာလများတွင် ဘဏ္ဍာရေးအရမတည်မငြိမ်ဖြစ်နေ

 mgyoe.com 

သော အစိုးရများအား ကူညီရန်ဆောင်ရွက်နိုင်သည်။

နိုင်ငံတကာငွေကြေးရံပုံငွေအဖွဲ့က အကျပ်အတည်းနှင့် ကြုံတွေ့နေရသော နိုင်ငံများအား ညွှန်းသည့် စီးပွားရေးလုပ်ထုံးလုပ်နည်းများ၊ စီးပွားရေးဆေးဝါးများသည် အဝင်ဆိုးသဖြင့် ဆင်းရဲသောနိုင်ငံများအတွက် အန္တရာယ်ဖြစ်စေသည်ဟုပင် ဝေဖန်ကြသည်။ ဥပမာ– နိုင်ငံတကာ ငွေကြေးရံပုံငွေအဖွဲ့က မြီစားနိုင်ငံများအား အကြပ်အတည်းဖြစ်ချိန်၌ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများအားပေးသည့် ထောက်ပံ့ကြေးလျှော့ချရန် အကြံပြုရာ ပေါင်မုန့်၊ ဓာတ်ဆီ၊ ပြည်သူအများ ခရီးသွားလာရေးကဲ့သို့သော မူလကထောက်ပံ့ကြေးပေးထားသော ကုန်စည်နှင့်ဝန်ဆောင်မှုများ၏ စရိတ်ကိုမြင့်မားစေသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဆင်းရဲသား အတော်များများသည် ဖူလုံရုံ အဆင့်၌သာ ရှိနေကြသေးရာ အခြေခံကုန်စည်များ၏ စရိတ်ကို အနည်းငယ်မျှမြင့်တင်လိုက်လျှင်ပင် စီးပွားရေးအရ ဒုက္ခရောက်နိုင်သည်။ ရေခဲသေတ္တာမရှိလျှင် ဖြစ်သော်လည်း ရေခဲသေတ္တာထဲ ထည့်စရာ အစားအသောက်မရှိ၍ မဖြစ်ပေ။ နိုင်ငံတကာငွေကြေး ရံပုံငွေအဖွဲ့က ညွှန်းသော စီမံကိန်းကို နိုင်ငံတစ်နိုင်ငံက လက်ခံလိုက်ခြင်းသည် စရိတ်နှင့်ထိခိုက်နစ်နာမှု မည်မျှပင် ကြီးမားစေကာမူ စီးပွားရေးဝေဒနာကို အလေးအနက်ကုစားမည်ဟု ပြင်ဆင်ထားပြီး ကမ္ဘာ့ဘဏ်နှင့် အခြားအရင်းအမြစ်များမှ ရေရှည်ရံပုံငွေများ ပိုမိုရရှိရေးအတွက် လမ်းခင်းပေးခြင်းဖြစ်သည်ဟု နားလည်ရသည်။ နောက်ဆုံးတွင် နိုင်ငံတကာငွေကြေး ရံပုံငွေအဖွဲ့က ပြဋ္ဌာန်းသော ချွေတာရေး အစီအစဉ်များသည် ရေတိုတွင်ခံရခက်သော ပြန်လည်ညှိနှိုင်းရေး စီမံကိန်းများ၏ ဒဏ်ကို ခံရသော်လည်း အဆုံးတွင် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဆင်းရဲသားများ၏ ဘဝကိုတိုးတက် ကောင်းမွန်စေသည်။

တစ်ဦးကျပျမ်းမျှဝင်ငွေ တစ်နှစ်လျှင်ဒေါ်လာ ၁၀၀၀ မှ ဒေါ်လာ ၆၀၀၀ အတွင်းရှိသည့် ဝင်ငွေအလတ်တန်းစားရှိနိုင်ငံများ (Middle- Income Countries – MICs) က ကိုယ်ပိုင်သီးသန့် ရံပုံငွေများအမြောက်အများစုဆောင်းကာ အကြပ်အတည်းဖြစ်လျှင် နိုင်ငံတကာငွေကြေး ရံပုံငွေအဖွဲ့ကို အားကိုးမနေရစေရန် ကြိုးစားခဲ့ကြသည်။ အာဂျင်တီးနား၊ ဘရာဇီးနှင့် အင်ဒိုနီးရှားကဲ့သို့သော နိုင်ငံများသည် အချိန်မတိုင်မီပင် နိုင်ငံတကာငွေကြေးရံပုံငွေအဖွဲ့မှ ရယူထားသော ချေးငွေများကို ပြန်လည်ပေးဆပ်ခဲ့ကြသည်။ တစ်ဘက်တွင် နိုင်ငံတကာငွေကြေးရံပုံငွေအဖွဲ့က နိုင်ငံတကာငွေကြေး ရံပုံငွေအဖွဲ့၏လည်ပတ်ပုံ၊ ရံပုံငွေများဖြန့်ဖြူးပုံတို့နှင့် ပတ်သက်၍ ဆုံးဖြတ်ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများကို မဲပေးခွင့်တိုးပေးကာ ပြောရေးဆိုခွင့် ပိုမိုရရှိစေမည်ဟု ကျေညာခဲ့သည်။ စက်မှု (၇) နိုင်ငံ ရုရှပါထည့်လျှင် (၈) နိုင်ငံအုပ်စုထိပ်သီးအစည်းအဝေးများ ကမ္ဘာ့စီးပွားရေးဖိုရမ်နှင့်ကုလသမဂ္ဂတို့ကလည်း ကမ္ဘာ့စီးပွားရေးအကြပ်အတည်း သက်သာရန်နှင့် ကျော်လွှားနိုင်ရန်အတွက် ကူညီရာတွင် အသုံးဝင်သောအခန်းကဏ္ဍမှပါဝင်သည်။ စက်မှု(၇)နိုင်ငံအုပ်စုတွင် ကနေဒါ၊ အမေရိကန်၊ ဂျပန်၊ ဂျာမနီ၊ အီတလီ၊ ဗြိတိန်နှင့်ပြင်သစ်တို့မှ ခေါင်းဆောင်များ ပါဝင်ကြသည်။ မူလက နှစ်စဉ်ကျင်းပသော အစည်းအဝေးများသည် စီးပွားရေးဆွေးနွေးပွဲတစ်ခုဖြစ်ရန် ရည်ရွယ်သည်။ ကမ္ဘာ့ခေါင်းဆောင်များ၊ စီးပွားရေးအကြောင်းအရာများကို ရင်းရင်းနှီးနှီး ဆွေးနွေးကြရန် ရည်ရွယ်သည်။ သို့သော် ကမ္ဘာ့ကြီးပူးနွေးလာမှုနှင့် အလုပ်သမားအခွင့်အရေးတို့ ကဲ့သို့

mgyoe.com


mgyoe.com

သော နိုင်ငံတကာ ပြဿနာများအပါအဝင် အကြောင်းအရာများ ပို၍ကျယ်ပြန့်လာခဲ့သည်။ အကြီးဆုံး ဖွံ့ဖြိုးဆဲနိုင်ငံများပါဝင်သော နိုင်ငံ (၂၀) အုပ်စု G-20 သည်လည်းကောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံ အတော်များများပါဝင်သော (၇၇)နိုင်ငံအုပ်စုသည်လည်းကောင်း၊ ထွန်းသစ်စနိုင်ငံများ အထူးသဖြင့် ကြုံတွေ့နေရသော ပြဿနာများကို ဆွေးနွေးရန် ဖွဲ့စည်းထားခြင်း ဖြစ်သည်။

ကုလသမဂ္ဂသည်၊ ကမ္ဘာတဝှမ်းတွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို အားပေးရန်နှင့် အကျပ်အတည်းများကို ဖြေရှင်းရန်အတွက် အရေးပါသော နေရာတနေရာဖြစ်သည်။ ကုလသမဂ္ဂနှင့် ၎င်း၏လက်အောက်ခံအဖွဲ့အစည်းများသည် အခြားအကြောင်းအရာများထက် စီးပွားရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုအတွက် ပို၍အချိန်ပေးဆွေးနွေးကြရသည်ဟု ခန့်မှန်းတွက်ဆရသည်။ ဥပမာ– ကမ္ဘာကြီးပူနွေးလာမှု ဟူသော အကျပ်အတည်းကို ရင်ဆိုင်ရန်အတွက် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP) က ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စွမ်းအင်ထိရောက်မှုရှိရေးနှင့် ပတ်ဝန်းကျင် ညစ်ညမ်းမှု တိုက်ဖျက်ရေးအစီအစဉ်များအတွက် ရံပုံငွေထောက်ပံ့သည့် အစီအစဉ်တစ်ခုကို တည်ထောင်ခဲ့သည်။ ဤလိုက်လျောညီထွေဖြစ်ရေးရံပုံငွေ (Adaptation Fund) သည် ရာသီဥတု ပြောင်းလဲမှုနှင့် ပတ်သက်သောလုပ်ငန်းစီမံကိန်း အမျိုးမျိုးအတွက်၊ ရံပုံငွေထောက်ပံ့သည်။

ကမ္ဘာ့ခေါင်းဆောင်အတော်များများက ကမ္ဘာ့စီးပွားရေးပြဿနာများသည် နိုင်ငံရေးနှင့် စစ်ရေးပဋိပက္ခများနှင့် ခွဲခြား၍မရကြောင်း သဘောပေါက်လာကြသည်။ ဥပမာ– လွန်ခဲ့သော ရာစုဝက်အတွင်းဖြစ်ပွားခဲ့သော ပြည်တွင်းစစ်အများစုသည် ရေနံ၊ စိန်နှင့် ဆေးဝါးကဲ့သို့သော ကုန်စည်များကို ရယူရန်ကြိုးပမ်းမှုများကြောင့် တစ်စိတ်တစ်ပိုင်းအားဖြင့် ပေါ်ပေါက်ခဲ့ရကြောင်း၊ ကမ္ဘာ့ဘဏ်ကခန့်မှန်းသည်။ အနာဂတ်တွင် အစားအစာနှင့်ရေကဲ့သို့သော အခြေခံစီးပွားရေးလိုအပ်ချက်များကြောင့် စစ်တိုက်ကြမည့် အလားအလာတွေ ပိုများလာသည်။

နောက်ဆုံးတွင် ချေးငွေအကြပ်အတည်း၊ ကမ္ဘာကြီးပူနွေးမှု၊ ကုန်သွယ်ရေးတဘက်စောင်းနင်း ဖြစ်မှု၊ ကမ္ဘာ့သယံဇာတစွမ်းအင်စုကို ရယူနိုင်မှုတို့ကဲ့သို့သော နိုင်ငံတကာပြဿနာများကို ဖြေရှင်းရေးသည်၊ ဗဟိုဘဏ်များ စုစည်းညှိနှိုင်းဆောင်ရွက်ခြင်း၊ ကမ္ဘာ့ဘဏ်နှင့် ကုလသမဂ္ဂတို့ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများတွင် ကမ္ဘာ့စီးပွားရေးအကြပ်အတည်းကြောင့် ပေါ်ပေါက်လာသော စိန်ခေါ်မှုများကို ဖြေရှင်းရန် နိုင်ငံအားလုံးစုစည်းဆောင်ရွက်ခြင်းဟူသော နိုင်ငံများ၏ စုပေါင်းဆောင်ရွက်မှုအပေါ်တွင် မူတည်သည်။



mgyoe.com

mgyoe.com

## စီးပွားရေးနေးကွေးမှု (Recession) နှင့် စီးပွားရေးကပ် (Depression) တို့၏ခြားနားချက်

အအေးမိခြင်းနှင့် ရေရှည်မကျန်းမာခြင်းတို့၏ ခြားနားချက်ကို တွေးကြည့်ပါ။ တရားဝင်ထုတ်ပြန်ချက်များအရ စီးပွားရေးနှေးကွေးခြင်း ဆိုသည်မှာ (၃)လပတ်နှစ်ခုဆက်တိုက် ထွက်ကုန်ကျဆင်းခြင်းကို ဆိုလိုသည်။ (၁) နှစ်မကကြာသော ပြင်းထန်သည့် စီးပွားရေးနှေးကွေးမှုကို စီးပွားရေးကပ် ဟုခေါ်လေ့ရှိသည်။ အများအားဖြင့် စီးပွားရေးနှေးကွေးမှုကို ကျော်သွားမှသာ သိကြသည်။ စီးပွားရေးနှေးကွေးမှုနှင့် စီးပွားရေးကပ်တို့ကို သတ်မှတ်သော စီးပွားရေးစာရင်းအင်းများသည် အတက်အကျများပြီး လအတန်ကြာမှျသော်လည်းကောင်း နှစ်အတန်ကြာမှ သော်လည်းကောင်း သေသေချာချာအကဲဖြတ်နိုင်သည်။ ငွေကျုံ့ခြင်း (Deflation) ဟုခေါ်သော ဈေးနှုန်းများကျဆင်းခြင်းသည် အများအားဖြင့် ရေရှည်စီးပွားရေးကပ်နှင့်အတူ တွဲ၍တွေ့ရလေ့ရှိသည်။ စီးပွားရေးလုပ်ငန်းများ ကျဆင်းနေပါလျက် ဈေးနှုန်းများတက်ခြင်း၊ စီးပွားရေးနှေးကွေးမှုနှင့် ငွေဖောင်းပွမှုတို့ရောနေခြင်းကို Stagflation ဟုခေါ်လေ့ရှိသည်။ Stagflation ကြောင့် စီးပွားရေးအရ ထိခိုက်ဆုတ်ယုတ်မှုတွေရှိသော်လည်း စီးပွားရေးကျဆင်းမှုများသည် သာမန်စားသုံးသူများအတွက် ကောင်းကျိုးရော၊ ဆိုးကျိုးတွေကိုပါဖြစ်စေသည်။ စီးပွားရေးကျဆင်းချိန်၌ ငွေဖောင်းပွမှုနှုန်းလျော့ကျခြင်းကြောင့် စီးပွားရေးကျဆင်းချိန်ထက် စားသုံးသူများပေးရသော ဈေးနှုန်းများသက်သာပြီး တဘက်၌လခမတိုးတော့ခြင်း၊ အလုပ်ပြုတ်ခြင်းများကို တွေ့ရတတ်သည်။ အမေရိကန်သမ္မတဟယ်ရီထရူးမင်းက 'အိမ်နီးချင်းအလုပ်ပြုတ်လျှင် – Recession, ကိုယ်အလုပ်ပြုတ်လျှင် Depression' ဟုပင် ပြောစမှတ် ပြုခဲ့သည်။

## မျက်မှောက်ခေတ်သမိုင်းတွင်၊ အကြီးဆုံးသောဘဏ္ဍာရေးပျော်ကျမှု

၁၉၂၉ ခုနှစ်တွင် ဆိုးဆိုးဝါးဝါးစတော့ရှယ်ယာဈေးကွက်ပြိုလဲပြီးနောက် အမေရိကန်တို့က ကမ္ဘာ့ကုန်သွယ်ရေးတွင် ကြီးမားသောအဟန့်အတားများ ချထားရန်ဆုံးဖြတ်ချက် ချမှတ်လိုက်ခြင်းကြောင့် ပိုဆိုးသွားခဲ့ရာမှဖြစ်ပွားသော ကမ္ဘာ့စီးပွားပျက်ကပ်သည် မျက်မှောက်ခေတ်စီးပွားရေးသမိုင်းတွင် အထင်ရှားဆုံးသော ဘဏ္ဍာရေးအရည်ပျော်ကျမှုဖြစ်သည်။ သို့သော် ဗြိတိသျှအင်ပါယာခေတ်ကောင်းစဉ်မှစ၍၊ ကမ္ဘာ့စီးပွားရေးအဆောက်အအုံ စကတည်းက အခြားသော အကြပ်အတည်းပေါင်းများစွာ ဖြစ်ပွားခဲ့သည်။ စစ်ဖြစ်ခြင်း၊ ရာသီဥတုဆိုးဝါးခြင်း၊ နိုင်ငံရေး မတည်မငြိမ်ဖြစ်ခြင်း စသော အကြောင်းတရားအမျိုးမျိုးကြောင့် ဘဏ္ဍာရေးဈေးကွက်များကို ပြိုလဲကျစေခဲ့သည်။ ထို့အပြင် ထုတ်လုပ်မှုလွန်ကဲခြင်း၊ ဈေးကစားခြင်း၊ ဈေးကွက်တွင် ပြာလောင်ခတ်နေကြခြင်း ထို့နောက် စတော့ရှယ်ယာဈေးကွက်တွင် ပြိုလဲခြင်း၊ အလုပ်လက်မဲ့ဖြစ်ကြ၊ စက်ရုံတွေပိတ်ကြရခြင်း စသည်တို့သည်လည်း ဘဏ္ဍာရေးအကြပ်အတည်းများ၏ အဓိကအကြောင်း တရားများဖြစ်နေကြသည်ကို မကြာခဏ တွေ့ကြရသည်။ အရည်ပျော်မှု အတော်များများသည် နိုင်ငံတစ်ခု

mgyoe.com

mgyoe.com
အတွင်းရှိ အကြောင်းတရားများကြောင့် ဖြစ်ပွားခြင်း၊ နိုင်ငံအတွင်းတွင်ဖြေရှင်းနိုင်ခြင်း များမရှိဘဲ ကမ္ဘာနှင့်အဝန်းရှိနေသော အင်အားစုများကြောင့် ဖြစ်ရပြီး ကမ္ဘာနှင့်ချီ၍ဖြေရှင်းကြရသည်။ ဥပမာ– အမေရိကန်ပြည်တွင်းစစ်အပြီးတွင် ဈေးနှုန်းများကျဆင်းမှုသည်၊ တောင်အာဖရိကတွင် ရွှေတူးဖော်ထုတ်လုပ်မှုတိုးလာပြီး၊ ကမ္ဘာတဝန်း စီးပွားရေးဦး မော့လာမှသာ ၁၉ ရာစုနှစ် အဆုံးတွင် ဈေးတွေပြန်တက်လာသည်ကိုတွေ့ရသည်။

ဥရောပနှင့်အာရှတွင် ဒုတိယကမ္ဘာစစ်ဖြစ်ပွားခြင်းကြောင့် အမေရိကန်သုံးစက်မှု လုပ်ငန်းများ ပြန်လည်အသက်ရှင်လာပြီး ၁၉၄၀ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု စစ်ထဲမဝင်မီ စီးပွားပျက်ကပ်ကို အဆုံးသတ်စေခဲ့သည်။ ၁၉၇၀ ပြည့်လွန်နှစ်များတွင် စက်မှုနိုင်ငံကြီး အတော် များများကြုံတွေ့ခဲ့ရသော ကမ္ဘာ့စီးပွားရေးနေးကွေးမှုသည် ရေနံထုတ်လုပ်သော နိုင်ငံများက သပိတ်မှောက်ရန် ဆုံးဖြတ်ချက်ချမှတ်ခြင်း၏ တိုက်ရိုက်ရလဒ်ဖြစ်သည်။ ၁၉၈၇ ခုနှစ်ကစတော့ ဈေးကွက်ပြိုကွဲခြင်းမှအစ ၁၉၉၀ ပြည့်လွန်နှစ်များတွင် အင်တာနက်နည်းပညာ ကုမ္ပဏီများပြိုလဲခြင်း အလယ် ၂၀၀၁ ခုနှစ်စက်တင်ဘာလ(၁၁)ရက်နေ့ အကြမ်းဖက်သမားတို့၏ တိုက်ခိုက်မှုဖြစ်ပြီးနောက် ဈေးကွက်တွေပြိုကျခြင်းအပါအဝင် မကြာမီကဖြစ်ပွားခဲ့သော ဘဏ္ဍာရေး အရည်ပျော်ကျမှုများသည် ဘဏ္ဍာရေးစနစ်အတွင်းသို့ ငွေအလုံးအရင်းဖြင့်ထိုးထည့်ကာ ဗဟိုဘဏ်များက လျင်မြန်စွာဝင်ရောက်စွက်ဖက်ခဲ့ခြင်းကြောင့် ပြန်လည်ဦးမော့ခဲ့ရသည်။ ၂၀၀၈ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးအဆောက်အအုံကို ထိခိုက်စေခဲ့သော ဘဏ္ဍာရေးအရည်ပျော်မှုက တစ်မျိုးတစ်ဖုံဖြစ်သည်။ အမေရိကန်နိုင်ငံတွင် အိမ်ယာမြေဈေးကွက် အကြပ်အတည်းမှအစပြုလိုက်ရာ ကမ္ဘာနှင့်ချီ၍ ထိခိုက်ခဲ့ပြီး မည်သည့်ဗဟိုဘဏ်တစ်ခုတလေကမျှ စီးပွားရေးကျဆင်းမှုကို ဟန့်တားရန် စွမ်းဆောင်ခြင်း မပြုနိုင်ခဲ့ပေ။

**၂၀ ရာစုနှစ်နောက်ပိုင်းတွင် ဖြစ်ပွားသော အဓိကရာဘဏ္ဍာရေးအကြပ်အတည်းများ**

| | |
|---|---|
| ၁၉၇၁ | အမေရိကန်ဒေါ်လာအကြပ်အတည်း– ငွေဈေးနှုန်းပုံသေသတ်မှတ်ရန်၊ ဘရက်တန်ဝုဒ် သဘောတူညီချက်ပျက်ပြားခြင်း |
| ၁၉၇၃ | ပထမအကြိမ်ရေနံအကြပ်အတည်း– ရေနံထုတ်လုပ်သော နိုင်ငံများက ရေနံဈေးနှုန်းကို သိသိသာသာမြှင့်တင်လိုက်သဖြင့် စက်မှုနိုင်ငံကြီး အတော်များများတွင် စီးပွားရေး ကျဆင်းစေခြင်း |
| ၁၉၇၉ | ဒုတိယအကြိမ်ရေနံအကြပ်အတည်း– စီးပွားရေးတိုးတက်မှု နှေးကွေးနေပြီး၊ ငွေဖောင်းပွနေခြင်း |
| ၁၉၈၂ | နိုင်ငံများ၏ကြွေးမြီအကြပ်အတည်း– ဖွံ့ဖြိုးဆဲနိုင်ငံအတော်များများချေးငွေများကို ပြန်မဆပ် နိုင်ကြခြင်း |
| ၁၉၈၄ | ကွန်တီနင်တယ်လ်ဘီလီနွိုင်းဘဏ်ပြိုလဲပြီး အမေရိကန်ဘဏ် ၄၃ ခု ဆက်တိုက်လဲပြိုခြင်း |
| ၁၉၈၆ | ငွေစုငွေချေးအကြပ်အတည်း– အိမ်ချေးငွေများနှင့် ပတ်သက်သော ဈေးကစား |

mgyoe.com

မှုများမှာ အစပြုလိုက်သော ပြိုကွဲမှုများ အမေရိကန်ပြည်ထောင်စုတွင် ဖြစ်ပွားခြင်း

၁၉၈၇ အမေရိကန်ပြည်ထောင်စုတွင် စတော့ရှယ်ယာဈေးကွက်များ ပြိုကွဲခြင်းမှစ၍ ကမ္ဘာတဝန်းတွင် စတော့ရှယ်ယာဈေးကွက်များပြိုကွဲခြင်း

၁၉၈၉ ဂျပန်တို့ဆယ်နှစ်လုံးလုံး စီးပွားရေးကျဆင်းခြင်း၊ ဂျပန်အိမ်ယာမြေနှင့် စတော့ ရှယ်ယာ ဈေးကွက်ပူပေါင်းပေါက်သလို၊ ဈေးတွေထိုးကျရာမှ နှစ်ရှည်လများ စီးပွားရေး တန့်နေခြင်း

၁၉၉၂–၉၃ ဥရောပငွေကြေးအကြပ်အတည်း ဗြိတိသျှပေါင်စတာလင်နှင့် အီတလီ–လီရာ တို့ ဥရောပငွေကြေးစနစ်မှ နုတ်ထွက်ကြခြင်း

၁၉၉၇–၉၈ အာရှစီးပွားရေးအကြပ်အတည်း– အထူးသဖြင့်၊ ထိုင်း၊ အင်ဒိုနီးရှား၊ တောင်ကိုရီးယားနှင့် ဖိလစ်ပိုင်အပါအဝင် အာရှတောင်ခြမ်းတစ်လျှောက် ငွေကြေး အကြပ်အတည်းနှင့် စတော့ရှယ်ယာ ဈေးကွက်ပြိုကွဲမှုတို့ ဖြစ်ပွား ခြင်း

၁၉၉၈ ရုရှစီးပွားရေးအကြပ်အတည်း– နိုင်ငံ၏ချေးငွေများ ပြန်မဆပ်နိုင်ဖြစ်ကာ နှစ်ပေါင်းများစွာ စီးပွားရေးကျဆင်းခြင်း

၁၉၉၈–၉၉ ဘရာဇီးစီးပွားရေးအကြပ်အတည်း – ငွေဖောင်းပွခြင်း၊ ငွေတန်ဖိုးကျခြင်း တို့ကြောင့် နိုင်ငံတကာကြွေးမြီများကို ပြန်မဆပ်နိုင်တော့ခြင်း

၁၉၉၈ Lorg- Term Credit Bank ပြိုကွဲရာမှ အမေရိကန်ဘဏ္ဍာရေး ဈေးကွက် များတွင် မတည်မငြိမ်ဖြစ်ခြင်း

၂၀၀၀ အင်တာနက်ကုမ္ပဏီများပြိုကွဲခြင်း၊ အင်တာနက်ကုမ္ပဏီများ၏ စတော့ ရှယ်ယာများ ထိုးကျကာ အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းသိသိသာသာ ချပေးလိုက်ရခြင်း

၂၀၀၁ အာဂျင်တီးနား စီးပွားရေးအကြပ်အတည်း– ဒေါ်လာနှင့် ငွေကြေးချိတ်ဆက်မှု ကို ပယ်ဖျက်လိုက်ကာ၊ နိုင်ငံတကာကြွေးမြီများ ပြန်မဆပ်နိုင်ခြင်း

၂၀၀၇–၀၈ ကမ္ဘာ့ဘဏ္ဍာရေးအကြပ်အတည်း– အမေရိကန်ပြည်ထောင်စုတွင် အဆင့်နိမ့်အပေါင်ခံ လုပ်ငန်းများပြိုကွဲရာမှစ၍၊ ချေးငွေအကြပ် အတည်းနှင့် ကမ္ဘာတဝန်းဈေးကွက်များအကျပ်ရိုက်မှုတို့ကို ဖြစ်ပွားစေခြင်း၊ အဓိကရ အမေရိကန် ရင်းနှီးမြှုပ်နှံမှု ဘဏ်ကြီး jzpfaom Lehman Brothers ဒေဝါလီ ခံပြီးနောက် ဗဟိုဘဏ်က အမေရိကန်ဘဏ်များနှင့် အာမခံကုမ္ပဏီကြီးများ ကို အာမခံရန် ဝင်ရောက်ဆောင်ရွက်ရခြင်း၊ ကမ္ဘာတဝန်းရှိအစိုးရများနှင့် ဗဟိုဘဏ်များက စီးပွားရေးလုံးဝပြိုလဲမသွားစေရန် ဒေါ်လာထရီလီယံ ပေါင်းများစွာ သုံးစွဲကြရခြင်း။

mgyoe.com

## ငွေဖောင်းပွမှုနှင့်အလုပ်လက်မဲ့ ဖြစ်မှုတို့၏ဆက်စပ်မှု

ကလေးကစားကွင်းထဲက ဆီးချောတစ်ခုကို မျက်စိထဲမြင်ကြည့်ပါ။ တစ်ဖက်က တက်သွားလျှင် အခြားတစ်ဖက်ကျသည်။ သို့သော် အမြဲတမ်းထိုအတိုင်းမဖြစ်သော်လည်း စီးပွားရေး တိုးတက်နေပြီး ဈေးနှုန်းတွေတက်နေလျှင် အလုပ်လက်မဲ့ကျသွားတတ်သည်။ အလုပ်လက်မဲ့တွေ ရှားနေသဖြင့် စီးပွားရေးလုပ်ငန်းများအနေဖြင့် ဝန်ထမ်းများငှားရမ်းရန်ခက်သည်။ လိုအပ်သော အရည်အချင်းရှိဝန်ထမ်းများရရန် လခပိုပေးပြီးငှားရသည်။ ထို့ကြောင့် စီးပွားရေး လုပ်ငန်း လုပ်ဆောင်ရာတွင်ကုန်ကျသည့် စရိတ်ကိုတက်စေပြီး၊ ဈေးနှုန်းတွေကို တက်စေသည်။ ဗဟိုဘဏ်များက၊ ငွေဖောင်းပွမှုကို ထိန်းသိမ်းရင်း၊ အလုပ်လက်မဲ့တွေ လျှော့သွားစေရန် ချိန်ဆဆုံးဖြတ်ကြရသည်။

## ဦးဆောင်စီးပွားရေးညွှန်ကိန်းနှင့် နောက်ချန်စီးပွားရေးညွှန်ကိန်းတို့၏ ခြားနားချက်

ရထားတစ်စီး၏ရှေ့ပိုင်းက ရှေ့ကိုမျှော်ကြည့်နေပြီး နောက်ကိုလှမ်းကြည့်နေပုံကို တွေးကြည့်ပါ။ ဦးဆောင်စီးပွားရေးညွှန်ကိန်းများသည် စီးပွားရေးအဆောက်အအုံဘယ်ကို ဦးတည်နေကြောင်းပြောပြသည်။ ဘောဂဗေဒပညာရှင်များနှင့် နိုင်ငံရေးသမားများက၊ ထိုကိန်း ဂဏန်းများကိုကြည့်ပြီး လာမည့်လတွေနှစ်တွေတွင် စီးပွားရေးမည်မျှ မြန်မြန်တိုးတက်မည်ကို ပြောကြသည်။ အများအားဖြင့် စက်ရုံနှင့်စက်ကရိယာအသစ်များအတွက် သုံးစွဲခြင်း၊ လက်လီ အရောင်းနှင့် အိမ်ယာအသစ် စတင်ဆောက်လုပ်ခြင်းများသည်၊ ဦးဆောင်ညွှန်ကိန်းများဖြစ်သည်။ နောက်ချန် ညွှန်ကိန်းများက စီးပွားရေးအဆောက်အအုံ ဘာဖြစ်ခဲ့သည်ကို ညွှန်ပြသည်။ အလုပ် လက်မဲ့နှုန်းနှင့် ယခင်တိုင်းပြည်ဝင်ငွေတိုးတက်မှုနှုန်းတို့သည်၊ အနာဂတ်တွင်သာဖြစ်မည်ကို မပြောနိုင်၊ သို့သော် အတိတ်ကစီးပွားရေးအခြေအနေများ၏ လမ်းကြောင်းကို ဖော်ထုတ်ရန်အတွက် အသုံးဝင်သည်။

## အိုအီးစီဒီ (OECD) ဆိုသည်မှာ၊ OECD ဆိုသည်မှာ

ချမ်းသာသည့်နိုင်ငံများအသင်းဖြစ်သည်။ ပြင်သစ်နိုင်ငံပဲရစ်မြို့တွင် အခြေစိုက်သည့် (Organization for Economic Co-operation and Development ) စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအဖွဲ့အစည်းဖြစ်ပြီး ကမ္ဘာပေါ်တွင် အချမ်းသာဆုံးနိုင်ငံများပါဝင်ကြသည်။ အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးအဆောက်အအုံနှင့် ပတ်သက်၍စာရင်းအင်းများ ထုတ်ပြန်ခြင်း၊ စာရွက် စာတမ်းအထောက်အထားများ ထိန်းသိမ်းခြင်းတို့အပြင် စီးပွားရေးမူဝါဒများ ချမှတ်ရေးနှင့် ပတ်သက်၍ ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်းများပြုလုပ်ရာနေရာ တစ်ခုလည်းဖြစ်သည်။ အမေရိကန် ပြည်ထောင်စု၊ ကနေဒါ၊ မက္ကဆီကို၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် ပြင်သစ်၊ ဂျာမနီ၊ စပိန်ကဲ့သို့သော ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံ အတော်များများပါဝင်ကြသည်။

mgyoe.com

**စားသုံးသူဈေးဆန္နှုန်းကိန်း (Consumer Price Index) ဆိုသည်မှာ**

လိမ္မော်ရည်တွေ၊ ဒီဗီဒီတွေကဲ့သို့သော ကုန်စည်နှင့်ဝန်ဆောင်မှုတွေ ပြည့်နေသည့် ဈေးခြင်းတောင်းတတောင်း (သို့မဟုတ်) ဈေးဝယ်လှည်းတစ်စီးကို တွေးကြည့်ပါ။ ဗြိတိန်တွင် လက်လီဈေးဆန္နှုန်းကိန်းဟုခေါ်သော စားသုံးသူဈေးဆန္နှုန်းကိန်းသည်၊ ကွန်ပျူတာ(သို့) အိမ်ငှားခ၊ ဆံပင်ညှပ်ခတို့အပါအဝင်၊ ကုန်စည်နှင့်ဝန်ဆောင်မှုအမျိုးမျိုး၏ ဈေးနှုန်းကို ခြေရာကောက်ပြီး စီးပွားရေးအဆောက်အအုံတစ်ခုလုံးတွင် ဈေးနှုန်းတွေ ဘယ်လောက်တက်လာသည်ကို သိရှိရန် ကြိုးစားသည်။ ပင်စင်နှင့်လူမှုဖူလုံရေးရန်ပုံငွေကဲ့သို့သော ပုံသေဝင်ငွေများကို ပြန်လည် ညှိနှိုင်းရန်အတွက် ဤဈေးဆန္နှုန်းကိန်းကို မကြာခဏအသုံးများသည်။ စားသုံးသူဈေးဆန္နှုန်းကိန်းတွက်ချက်ရာတွင်ပါဝင်သည့် ကုန်စည်နှင့်ဝန်ဆောင်မှုများကို ကိုယ့်နိုင်ငံနှင့် ကိုယ်ဆုံးဖြတ်ကြပြီး ဝယ်နိုင်စွမ်းအားညီမျှမှု (Purchasing Power Parity) ကို ဆုံးဖြတ်ရာတွင် သုံးသည့်ကုန်စည်နှင့်ဝန်ဆောင်မှုများနှင့်မတူဘဲ PPP တွက်ရာတွင် နိုင်ငံ တစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား၊ ငွေတန်ဖိုးများကို ဘောဂဗေဒပညာရှင်များက နှိုင်းယှဉ်နိုင်ရန် အသုံးပြုသည်။

**လျှော့လဲနှုန်း (Discount Rate ) နှင့်**
**ဗဟိုဘဏ်နှုန်း (Fed Funds Rate ) တို့၏ခြားနားချက်**

လျှော့လဲနှုန်းကို ဗဟိုဘဏ်ကသတ်မှတ်ပြီး ဗဟိုဘဏ်နှုန်းကို ဗဟိုဘဏ်က မသတ်မှတ်ဟု စဉ်းစားကြည့်ပါ။ အမေရိကန်ဗဟိုဘဏ်က အဖွဲ့ဝင်ဘဏ်များကယူသော ချေးငွေများအပေါ် တောင်းခံသောအတိုးနှုန်းကို လျှော့လဲနှုန်းဟုခေါ်သည်။ စီးပွားရေးတိုးတက်မှုကို ထိန်းချုပ်ရန်အတွက် အတိုးနှုန်းကို ဩဇာလွှမ်းမိုးရန် ကြိုးစားရာတွင် ဗဟိုဘဏ်ကအခါအားလျော်စွာ သတ်မှတ်သည့်နှုန်း ဖြစ်သည်။ ဗဟိုဘဏ်နှုန်းသည် ဘဏ်တစ်ခုက အခြားဘဏ်တစ်ခုသို့ တစ်ရက်တာချေးငှားသော ချေးငွေများအပေါ် တောင်းခံသောနှုန်းဖြစ်သည်။ ဘဏ်အချင်းချင်း ချေးငှားသောနှုန်းကို ဗဟိုဘဏ်၏သတ်မှတ်ချက်အတိုင်း ချေးငှားရသဖြင့် ဗဟိုဘဏ်နှုန်းဟု



mgyoe.com

mgyoe.com
ခေါ်ခြင်းဖြစ်သည်။ ဗဟိုဘဏ်၏ မူဝါဒများက ကြီးကြီးမားမား သြဇာလွှမ်းမိုးသော်လည်း ဗဟိုဘဏ်နှုန်းကို တကယ်တော့ ဘဏ်အချင်းချင်းက သတ်မှတ်ကြခြင်းဖြစ်သည်။

## ဘဏ္ဍာရေးမူဝါဒနှင့် ငွေရေးကြေးရေးမူဝါဒတို့၏ခြားနားချက်

အမေရိကန်လွှတ်တော်ကို တစ်နှစ်မည်မျှသုံးစွဲမည်ဟု ဆုံးဖြတ်သူ၊ အိမ်ရှင်မလို သဘောထားပြီး ဗဟိုဘဏ်ကို စီးပွားရေးအဆောက်အအုံအတွင်းသို့ တစ်နှစ်ငွေမည်မျှ ထိုးထည့်ရမည်ကို ဆုံးဖြတ်သောဝင်ငွေရှာသူ အိမ်ထောင်ဦးစီးအဖြစ် ရှုမြင်ကြည့်ပါ။ ဘဏ္ဍာရေးမူဝါဒများသည် ရငွေသုံးငွေခန့်မှန်းချက်ဟူသော ဘတ်ဂျက်နှင့်သက်ဆိုင်သည်။ ဘတ်ဂျက်ပိုငွေ လိုငွေများသည်၊ အစိုးရ၏အသုံးစရိတ်အနည်းအများနှင့် ပတ်သက်သည်။ သို့သော်ငွေကြေးမူဝါဒကို အမေရိကန်ဘဏ်နှင့် ကမ္ဘာတဝန်းရှိအခြားသောဘဏ်များက သတ်မှတ်သည်။ ငွေကြေးပမာဏနှင့် အတိုးနှုန်းတို့ကို ထိန်းချုပ်ခြင်းအားဖြင့် ငွေကြေးအာဏာပိုင်များသည် နိုင်ငံ၏စီးပွားရေးအဆောက်အအုံကို ထိထိရောက်ရောက် ထိန်းချုပ်နိုင်ပြီး နောက်ဆုံးတွင် ငွေဖောင်းပွမှုနှုန်းနှင့် အလုပ်လက်မဲ့တို့ကို လည်း ထိန်းချုပ်နိုင်မည်ဟု မျှော်လင့်သည်။

## အမှန်တကယ်အတိုးနှုန်း (Real Interest Rates ) ဆိုသည်မှာ

Alice in the wonderlands ဇာတ်ကားထဲက အဲလစ်၏ကြည့်မှန်လို၊ အမှန်အတိုင်း မပေါ်သည်ကို စဉ်းစားကြည့်ပါ။ အမှန်တကယ်အတိုးနှုန်းနှင့် အမှန်တကယ် လုပ်ခကဲ့သို့သော ကိန်းဂဏန်းအမှန်များသည် ငွေဖောင်းပွမှုနှုန်းကို ထည့်တွက်ညှိနှိုင်းပြီးနောက် တကယ်ရှိသည့် တန်ဖိုးများကိုဖော်ပြသည်။ ငွေဖောင်းပွမှု အတန်အသင့်မြင့်မားနေသည့်အခါ ဘဏ်စုဆောင်းငွေတွေအပေါ်မှ ၁၀% အတိုးရနေသည်ဟု မဆိုနိုင်ပေ။ တကယ့်တန်ဖိုးလျော့ကျပြီး သွားစေနိုင်သည်။ ငွေဖောင်းပွမှုနှုန်းမသိသာလျှင် သတ်မှတ်ချက်အရ ဖြစ်နေသောကိန်းဂဏန်းများနှင့် တကယ့်ကိန်းဂဏန်းများ ခြားနားချက်မရှိပေ။ သို့သော် ကုန်စည်နှင့်ဝန်ဆောင်မှုများ၏ စရိတ်တွေ တက်လာလျှင် နှိုင်းယှဉ်ရန်အတွက် ငွေဖောင်းပွမှုက အရေးပါလာသည်။ အမှန်တကယ်အတိုးနှုန်း နိမ့်နေသည် (သို့မဟုတ်) အနုတ်လက္ခဏာဆောင်နေသည်ဆိုလျှင် ငွေစုသည်ထက် ငွေချေးရန် ပိုကောင်းသည်။ တကယ့်လုပ်ခတိုးတက်မှုသည် သာမန်လုပ်ခတိုးတက်မှုထက် ပိုမိုဆိလျော်သည်။ ဈေးနှုန်းတွေက တစ်နှစ် ၆ %တက်နေပြီး လုပ်ခ ၅ %သာတက်လျှင် တကယ်တော့ လုပ်ခဖြတ်တောက်လျှော့ပေါ့ပေးရာ ရောက်သည်။

mgyoe.com

**ငွေကြေးပမာဏ (Money Supply ) ဆိုသည်မှာ**

မိုနိုပိုလီကစားနည်းတစ်ခုကို စဉ်းစားကြည့်ပါ။ ကစားသမားတွေကို ပိုက်ဆံပိုပေးလိုက်လျှင် အခြားကစားသမားတွေထံမှ ပိုင်ဆိုင်မှုတွေ ဝယ်ယူရန်အတွက် ငွေပိုသုံးနိုင်သည်။ နိုင်ငံတစ်နိုင်ငံ၏ ငွေကြေးပမာဏတွင် အကြွေနှင့် ငွေစက္ကူများ၊ စုဆောင်းငွေနှင့် စာရင်းရှင်အပ်ငွေများပါဝင်သည်။ သတင်းများတွင်ပြောကြသော ငွေကြေးပမာဏဆိုသည်မှာ စီးပွားရေးအဆောက်အအုံအတွင်း လှည့်ပတ်နေသော ငွေကြေးများနှင့် အလွယ်တကူရရှိနိုင်သော ဘဏ်စာရင်းများပါဝင်သည့် M1 ကို ဆိုလိုခြင်းဖြစ်သည်။ M2, M3 စသည်တို့တွင် အလွယ်တကူမရနိုင်သော အချိန်ဆိုင်းအပ်ငွေများ၊ အခြားရေရှည်ရင်းနှီး မြှုပ်နှံမှုများပါဝင်သည်။

**ကမ္ဘာ့စီးပွားရေးဖိုရမ် (World Economic Forum ) ဆိုသည်မှာ**

ဆွစ်ဇာလန်၊ အဲလ်ပဲတောင်တန်းများ၏ တောင်စခန်းတွင် တည်ဆောက်ထားသောသူဌေးတွေ၏အိမ်တစ်လုံးအဖြစ် မြင်ကြည့်ပါ။ ဂျိုနီဗာအခြေစိုက်လုပ်ငန်းရှင် Klaus Schwarz ကတည်ထောင်ပြီး Davos ရှိ ရေခဲပြင်လျှောစီးစခန်း နှစ်စဉ်နှစ်တိုင်းပြုလုပ်သည်။ စီးပွားရေးနှင့် နိုင်ငံရေးထိပ်သီးများ တက်ရောက်လေ့ရှိသော ပွဲတော်ကြီးတစ်ပွဲနှင့်တူသည်။ စီးပွားရေးလုပ်ငန်းခေါင်းဆောင်များ၊ ဝန်ကြီးချုပ်အစပါတီ ဥက္ကဋ္ဌအဆုံး နိုင်ငံရေးသမားများ၊ အင်ဂျလီနာဂျိုလီ၊ ရှရွန်စတုန်းနှင့် ဘိုနိုတို့ကဲ့သို့သော စိတ်ဝင်စားသည့် နာမည်ကြီးများများသည် ဆောင်းရာသီတိုင်းအလွတ်သဘော ထိပ်သီးအစည်းအဝေးကြီးတွင် စုဝေးကြကာ ကမ္ဘာကြီး၏အဓိက လူမှုရေးနှင့် စီးပွားရေးပြဿနာများကို ဖြေရှင်းရန်ကြိုးစားကြသည်။ ကမ္ဘာ့ဆန့်လာမှု ဆန့်ကျင်ရေး ဆန္ဒပြသူများက ဝင်ရောက်ခွင့်ရရန်ကြိုးစားကြသော်လည်း ထူထဲစွာချထားသော စစ်တပ်နှင့် ရဲတို့က ကာကွယ်တားဆီးထားသည်။

ထိပ်သီးအစည်းအဝေးကို မျှမျှတတဖြစ်စေရန်ဟူသော ရည်ရွယ်ချက်ဖြင့် နိုင်ငံတကာအကူအညီပေးရေး အဖွဲ့အစည်းများ၊ နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ (Amnesty International) Oxfam နှင့် Save the Children ကဲ့သို့သော အစိုးရမဟုတ်သည့် အဖွဲ့အစည်းများကိုပါ စတင်ဖိတ်ကြားလျက်ရှိသည်။

ကမ္ဘာ့လူမှုရေးဖိုရမ် (World Social Forum) ဟုခေါ်သည့် စင်ပြိုင်ဆွေးနွေးပွဲတစ်ခုကို ဒေးဗို့စ်တွင် ကမ္ဘာ့စီးပွားရေးဖိုရမ်ကျင်းပချိန်နှင့် တိုက်ဆိုင်ပြီး၊ နှစ်စဉ်ကျင်းပကာ ကမ္ဘာ့အရေးအရာများကို အရင်းရှင်သိပ်မဆန်သော ပုံစံဖြင့် ဆွေးနွေးကြသည်။

mgyoe.com

mgyoe.com

အခန်း

The 21st CENTURY ECONOMIC

# ၄

## လွတ်လပ်သောကုန်သွယ်ရေးနှင့် အထီးကျန်ဝါဒ
## ၂၁ ရာစုတွင် ကုန်သွယ်မှုစစ်ပွဲများကို မည်သို့ရှောင်ရှားကြမည်နည်း

နှစ်တစ်နှစ်တွင် မိမိတို့စားသုံးသောကုန်စည်နှင့် ဝန်ဆောင်မှုအားလုံးကို ကိုယ်တိုင်သာ ထုတ်လုပ်ကြမည်ဆိုလျှင် လူနေမှုအဆင့် သိပ်မြင့်မည်မဟုတ်။ ကိုယ့်အဝတ်အစား ကိုယ်စီးသည့်ကား၊ ကိုယ်နေမည့်အိမ်၊ ညနေပိုင်းတွင်ကြည့်စရာရုပ်မြင်သံကြား အစီအစဉ်တွေကို ကိုယ့် ဘာသာကိုယ်ထုတ်လုပ်နေပုံကို စဉ်းစားကြည့်ပါ။

၂၁ ရာစုစီးပွားရေးအဆောင်အအုံတွင် ပါဝင်ပတ်သက်နေကြသူအများစုက ရှားပါးသော ရုပ်ဝတ္ထုများနှင့် လူ့စွမ်းအားအရင်းအမြစ်များကို မိမိအတော်လေး ကောင်းကောင်းမွန်မွန် လုပ်ဆောင်တက်သောကုန်စည်နှင့် ဝန်ဆောင်မှုများကို ထုတ်လုပ်ရာတွင် အသုံးပြုကာ ပို့ကုန်မှ ရသော ဝင်ငွေဖြင့် အခြားကုန်ပစ္စည်းများကို တင်သွင်းခြင်းသည် အဓိပ္ပာယ်ရှိကြောင်း သဘောတူ လက်ခံကြသည်။ သို့သော် အချို့နိုင်ငံများ၌ အခြားနိုင်ငံများထက် သယံဇာတတွေပိုရှိသည်။ ထို့ကြောင့် မည်သူတစ်ဦးတစ်ယောက် မည်သည့်နိုင်ငံတစ်နိုင်ငံကိုမျှ ထိခိုက်မှုမရှိစေရန် နိုင်ငံခြား ကုန်သွယ်မှုကို ထိန်းချုပ်ရန်ပြဿနာ ပေါ်ပေါက်လာသည်။

လွတ်လပ်သောကုန်သွယ်မှု၏ ရည်ရွယ်ချက်မှာ လူတစ်ဦးချင်းနှင့် ကုမ္ပဏီများသည် ၎င်းတို့၏ ကုန်စည်နှင့် ဝန်ဆောင်မှုများကို အခြားနိုင်ငံများသို့ရောင်းချ၍ရသော ပြန့်ပြူးညီညာသော ကစားကွင်းတစ်ခုကဲ့သို့သော အခြေအနေမျိုးရရှိရန်ဖြစ်သည်။ သီအိုရီအရ ကမ္ဘာပေါ်က နိုင်ငံတိုင်းသည် အကောင်းဆုံးလုပ်တတ်သည့် အလုပ်ကိုလုပ်ခွင့်ရကြလျှင် ပြင်သစ်တွေက ဖက်ရှင်

mgyoe.com

mgyoe.com
ဒီဇိုင်းတွေလုပ်၊ အမေရိကန်တွေက လေယာဉ်တွေ၊ ရုပ်ရှင်တွေထုတ်။ ဂျပန်တွေက အိမ်သုံး အီလက်ထရွန်းနစ်ပစ္စည်းတွေ ထုတ်ခွင့်ရကြလျှင် ကမ္ဘာ့စီးပွားရေး အဆောက်အအုံ ကြွယ်ဝချမ်းသာလာနိုင်သည်။ ယေဘုယျအားဖြင့် ကုန်သွယ်မှုကြောင့် ဝင်ငွေတိုးပွားပြီး ကုမ္ပဏီတွေ၊ စားသုံးသူတွေအနေဖြင့် တိုးပွားလာသောဝင်ငွေဖြင့် ဘာဝယ်ရမည်ကို ရွေးချယ်စရာတွေ များလာနိုင်သည်။

သို့သော်လည်း ကံဆိုးသည်မှာ အရောင်းအဝယ်လုပ်သော ကုန်စည်နှင့် ဝန်ဆောင်မှုတို့ကို ငွေကြေးဖြင့်တန်ဖိုးသင့်ကြည့်လျှင် ပိုငွေတွေ လိုငွေတွေပြနေသည်ကို တွေ့ရသည်။ ထို့ကြောင့် အချို့သူတွေက လွတ်လပ်သောကုန်သွယ်မှုသည် နိုင်သူ–ရှုံးသူတွေ ပြတ်ပြတ်သားသားရှိနေသည်။ တစ်ယောက်နိုင်ဖို့ တစ်ယောက်က အရှုံးပေးရသည့် ကစားပွဲနှင့် တူနေသည်ဟု မြင်စရာဖြစ်နေသည်။ လွတ်လပ်သောကုန်သွယ်မှုကြောင့် ပြည်တွင်း၌ ထုတ်လုပ်သူများသည် ပြည်ပထုတ်လုပ်သူများ၏ ပြိုင်ဆိုင်မှုနှင့်တွေ့ရပြီး စွမ်းရည်နိမ့်စီမံခန့်ခွဲမှုညံ့ကုမ္ပဏီများအနေဖြင့် အခက်တွေ့နိုင်သည်။ ထိုအခါ အလုပ်သမားတွေအကုန်ပြုတ်ရခြင်း၊ စက်ရုံတွေပိတ်ရခြင်း၊ အလုပ်အကိုင်နှင့် အခွန်တော်ငွေအတွက် ပြည်တွင်းလုပ်ငန်းစုများကို အားကိုးနေရသော မြို့ငယ်များ၊ နိုင်ငံများကို ပျက်စီးစေခြင်းများဖြစ်ပေါ်စေသည်။

သို့သော် အလျင်အမြန်ပြောင်းလဲနေသော ကမ္ဘာ့စီးပွားရေးအဆောက်အအုံ၌ မည်သည့်အရာမှ ကြာရှည်တည်တံ့နေခြင်းမရှိပေ။ နိုင်ငံခြားမှ ပြိုင်ဆိုင်မှုများနှင့် ထိပ်တိုက်ရင်ဆိုင် ရသောအခါ ပြည်တွင်းကုမ္ပဏီများသည် ပို၍စွမ်းရည်မြင့်လာအောင် အပင်ပန်းခံလုပ်ဆောင်ကြပြီး၊ ပြည်တွင်း၌သာမက ပြည်ပ၌ပါ ဝင်ခွင့်ရကြသောကုမ္ပဏီများသည် ကုန်စည်နှင့်ဝန်ဆောင်မှုများကို စရိတ်သက်သက်သာသာထုတ်လုပ်နိုင်ကာ ပြည်တွင်းပြည်ပရှိ စားသုံးသူများ၊ စရိတ်သက်သာသည့် အကျိုးကျေးဇူးကို ခံစားခွင့်ရကြသည်။

နိုင်ငံများအနေဖြင့် ကုန်သွယ်မှုအတွက် နယ်စပ်တွေကို ဖွင့်ပေးရန်၊ စီးပွားရေးရှုထောင့်က စဉ်းစားကြည့်လျှင် အဓိပ္ပာယ်အပြည့်အဝရှိသော်လည်း နိုင်ငံရေးသမားများအနေဖြင့် လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်များကြောင့် ထိခိုက်သည့် ကုမ္ပဏီများ၊ ပုဂ္ဂိုလ်များ၏ ကန့်ကွက်သံကိုခံရမည်။ နိုင်ငံရေးသမားများ ယုံကြည်လက်ခံအောင် ဆွဲဆောင်ရန်ခဲယဉ်းသည်။ ထို့ကြောင့် ကိုယ်ကျိုးစီးပွားကာကွယ်ရေး အဟန့်အတားများချမှတ်ကာ နောက်ဆုံး၌ ကုန်သွယ်ရေးစစ်ပွဲ ဖြစ်လာစေနိုင်သည်။

ကုန်သွယ်ရေးစစ်ပွဲရော လက်နက်သုံးတိုက်ခိုက်သည့် စစ်ပွဲတွေကြောင့် လူအများ ဒုက္ခရောက်ကြသည့် ကုန်သွယ်ရေးစစ်ပွဲတွေက လက်နက်သုံးတိုက်ခိုက်သည့်စစ်ပွဲတွေလောက် မဆိုးလှသော်လည်း နောက်ဆုံးတွင် မိမိတို့ ကာကွယ်စောင့်ရှောက်ရန်ရည်ရွယ်ထားသည့် လူတွေကိုပါ ဒုက္ခပေး လုပ်ငန်းတွေက အလုပ်အကိုင်အချို့ကို အကာအကွယ်ပေးခြင်းဖြင့် အစိုးရ များသည် စားသုံးသူများနှင့် စီးပွားရေးလုပ်ငန်းများ ဈေးကြီးသည့်ပြည်တွင်းထုတ်ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဝယ်ယူအောင် လုပ်ရာရောက်သူ ဥပမာအားဖြင့် ၂၁ ရာစုအစပိုင်းနှစ်များ၌ အမေရိကန်နိုင်ငံရှိ သကြားလုပ်ငန်းများသည် ကမ္ဘာ့ဈေးကွက်တွင် နှစ်ဆမြင့်နေသော အမေရိကန် ပြည်တွင်းထုတ်
mgyoe.com

mgyoe.com

သကြားများ၏ ဈေးနှုန်းကို ထိန်းထားနိုင်ရန် အစိုးရ၏အာမခံမှုကို ရရှိကြသည်။ နေးသော သွင်းကုန်ခွန်စနစ်နှင့် ထောက်ပံ့ကြေးများကို အသုံးပြု၍ နိုင်ငံခြားမှ ပြိုင်ဆိုင်မှုများကို ထိန်းချုပ်ထားပြီး ချိုချဉ်ထုတ်လုပ်ငန်းကဲ့သို့သော သကြားအများအပြားသုံးရသည့် ဒေသခံ ကုမ္ပဏီများ၊ စက်ရုံပိတ်ရခြင်း၊ သကြားဈေးသက်သာသော အခြားနိုင်ငံများသို့ စက်ရုံပြောင်းရွှေ့ ထုတ်လုပ်ရခြင်းများကို ဖြစ်ပေါ်စေသည်။

အမေရိကန်အစိုးရကပြုလုပ်သော ကုန်သွယ်မှုအဟန့်အတားများသည် ချမ်းသာသည့် သကြားထုတ်လုပ်သူအချို့ကို ကာကွယ်စောင့်ရှောက်သော်လည်း တရားမျှတသောဈေးကွက်ပေါက်ဈေးအပေါ် အားကိုးအားထား ပြုနေရသည့် လုပ်ငန်းစုများတွင် အလုပ်သမား ထောင်ပေါင်းများစွာကို အလုပ်ပြုတ်စေသည်။ ထို့အပြင် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လယ်သမားများနှင့် ထုတ်လုပ်သူများသည် အမေရိကန်ဈေးကွက်အတွင်းသို့ ဝင်ရောက်ခွင့်မရကြသဖြင့် ပိုမိုဒုက္ခရောက်ကြရသည်။ အကယ်၍သာ ကုန်သွယ်မှုအဟန့်အတားများ မရှိခဲ့သော် ၎င်းတို့ယခုလို ဒုက္ခရောက်ကြမည် မဟုတ်ပေ။ နိုင်ငံခြားမှ သွင်းကုန်များကို ကန့်သတ်ထားခြင်းကြောင့် အမေရိကန်မော်တော်ယာဉ်များအတွက် ပတ်ဝန်းကျင်ညစ်ညမ်းမှု သက်သာစေသည့် လောင်စာဆီများအသုံးပြုကာ ကမ္ဘာကြီးပူနွေးလာမှု လျော့ကျစေနိုင်ခြင်း၊ နိုင်ငံခြားမှတင်သွင်းရသော လောင်စာအပေါ် မှီခိုမှု လျော့ချနိုင်ခြင်းဟူသော အခွင့်အလမ်းများ ဆုံးရှုံးရသည်။ အတ္တလန္တိတ်သမုဒ္ဒရာ၏ အခြား တစ်ဖက်၌ ထိုအချိန်တွင်ဥရောပသမဂ္ဂက၊ တရုတ်နိုင်ငံမှ ဓာတ်အားသုံးစွဲမှု သက်သာသည့်မီးသီးကဲ့သို့သော သွင်းကုန်များအပေါ်စည်းကြပ်သော သွင်းကုန်များ ဖယ်ရှားရန် ငြင်းပယ်ခဲ့သည်။ ပြည်တွင်းတွင် လတ်တလောအသုံးများနေသော မီးသီးများကို ဖြည်းဖြည်းချင်းဖယ်ရှားကာ ရာသီဥတုပြောင်းလဲမှု ပြဿနာကို ဖြေရှင်းရန်ကြိုးပမ်းကာ ထုတ်မှုများကိုလည်း သွင်းကုန်ခွန်များက ဒုက္ခပေးလျက်ရှိသည်။ လောင်စာဆီအသုံးပြုမှုနည်းပါးသော မီးသီးများကို ပြည်တွင်း၌ အနည်းငယ်သာ ထုတ်လုပ်နိုင်သည်။ ပြည်တွင်းထုတ်လုပ်သူများ၏ နိုင်ငံရေးဖိအားများကြောင့် ကုန်သွယ်မှု အဟန့်အတားများကို ဖယ်ရှားခြင်းမပြုသေးပေ။

အများဆုံးအသုံးပြုကြသော ကုန်သွယ်မှုအဟန့်အတားများမှာ ခွဲတမ်းသတ်မှတ်ခြင်း၊ သွင်းကုန်ခွန်ကောက်ခံခြင်းနှင့် ထောက်ပံ့ကြေးပေးခြင်းတို့ဖြစ်သည်။ ခွဲတမ်းသတ်မှတ်လိုက်ခြင်းအားဖြင့် နိုင်ငံတစ်နိုင်ငံမှ အခြားနိုင်ငံများမှ တင်သွင်းနိုင်သော ထုတ်ကုန်အရေအတွက်ကို ကန့်သတ်လိုက်သည်။ သွင်းကုန်ခွန်ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံအတွင်းသို့ ဝင်ရောက်လာသော ကုန်စည်များအပေါ်မှ ကောက်ခံသောအခွန်ဖြစ်သည်။ ခွဲတမ်းသတ်မှတ်ခြင်း၊ သွင်းကုန်ခွန်ကောက်ခံခြင်း နည်းလမ်းနှစ်ခုစလုံးသည် နိုင်ငံခြားဖြစ်ပစ္စည်း၏ ဈေးနှုန်းကို မြင့်မားစေသည်။ အစိုးရများသည် အခွန်ထမ်းဆောင်ငွေကို အသုံးပြုနိုင်သည်။ ထိုအခါ ပြည်တွင်းထုတ်ပစ္စည်းများသည် နိုင်ငံခြားဖြစ်ပစ္စည်းများထက် ဈေးသက်သာသယောင်ဖြစ်သွားသည်။

မတည့်သောအိမ်နီးချင်းများအကြား ခြံစည်းရိုးကာသလို နိုင်ငံတစ်နိုင်ငံက အခြားနိုင်ငံများမှ သွင်းကုန်များကို ဟန့်တားရန်အတွက် တစ်ဖက်သတ်ချမှတ်သော အဟန့်အတား

mgyoe.com

mgyoe.com

များလည်းရှိသည်။ ထိုအဟန့်အတားများသည် အများအားဖြင့် ပြည်တွင်းထုတ်လုပ်သူများကို နိုင်ငံခြားလုပ်ငန်းများ၏ ပြိုင်ဆိုင်မှုမှ ယာယီကာကွယ်ရန် လုပ်ဆောင်ခြင်းဖြစ်သဖြင့် သဘော တရားအရဆိုလျှင် ပြည်တွင်း၌ ထုတ်လုပ်မှုစွမ်းအားမြင့်မားလာစေရန် အချိန်ပေးလိုက်သလို ဖြစ်သည်။ သို့သော် အကာအကွယ် ခံစားနေရသော ပြည်တွင်း ထုတ်လုပ်သူများသည် ၎င်းတို့ ထုတ်ကုန်များ အရည်အသွေးမြင့်မားရန် ထုတ်ကုန်ဈေးနှုန်းများ လျှော့ချနိုင်ရန်တို့အတွက် ကြိုးစားလုပ်ကိုင်ခဲ့သည်။ ကံဆိုးသည်မှာ တစ်နိုင်ငံက တစ်ဖက်သတ် ကုန်သွယ်မှုအဟန့်အတားများ လုပ်ဆောင်လျှင်၊ တခြားနိုင်ငံများကပါ လိုက်လုပ်ကြပြီး ကုန်သွယ်မှုစစ်ပွဲကြီးလုံးလုံး ဖြစ်သွားစေနိုင်သည်။

ကုန်သွယ်ရေးပဋိပက္ခများကို ဖြေရှင်းရန်အတွက် အစိုးရများက အခြားတစ်နိုင်ငံသည် ထုတ်ကုန်တစ်ခုအပေါ် သွင်းကုန်ကန့်သတ်မှုကို ပယ်ဖျက်ပေးပါက မိမိတို့ကလည်း ထုတ်ကုန်တစ်ခုအပေါ် ကန့်သတ်ချက်များကို ပယ်ဖျက်ပေးပါမည်ဟု အလဲအလှယ်ပြုလုပ်ကြသည်။ တကယ်တော့ ဤသို့လုပ်ဆောင်ခြင်းသည် မှားသလိုလိုနှင့် မှန်သည်။ လွတ်လပ်သော ကုန်သွယ်ရေးသည် အမြဲတမ်းသူလည်းအကျိုးရှိ၊ ကိုယ်လည်းအကျိုးရှိသည့် အခြေအနေဖြစ်သည်။ သို့သော်လည်း နိုင်ငံအတော်များများက ကုန်သွယ်မှုအဟန့်အတားများ ဖယ်ရှားရေးကို နိုင်ငံရေး အကြောင်းများအတွက် အပြန်အလှန်အသုံးပြုနေသည်ကို တွေ့ရသည်။ ကုန်သွယ်မှုနှင့် ပတ်သက်၍ တင်းမာသော သဘောထားရှိသယောင်ပြသခြင်းဖြင့် အစိုးရသည် ပြည်တွင်းတွင်မဲများရရှိစေနိုင်သော်လည်း စီးပွားရေးအရ၊ ကုန်သွယ်မှုအဟန့်အတားများကို ဖယ်ရှားခြင်းသည်သာလျှင် နောက်ဆုံး၌ နိုင်ငံအတွက် အမြဲတမ်းအကျိုးရှိစေနိုင်သည်။ သမိုင်းကြောင်းကို ပြန်ကြည့်လျှင် ဖွံ့ဖြိုးဆဲနိုင်ငံများသည် လွတ်လပ်သော ကုန်သွယ်မှုကို အများဆုံးသော နိုင်ငံများဖြစ်သည်။ ထိုသို့ ထောက်ခံကြခြင်းမှာ စဉ်ဆက်မပြတ်



mgyoe.com

တိုးတက်ရေး အတွက် မိမိတို့၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို ရောင်းချနိုင်သော နိုင်ငံတကာ ဈေးကွက် အတွင်းသို့ ဝင်ရောက်ခွင့်ရမှသာဖြစ်မည်ဟု မျှော်လင့်ကြသောကြောင့်ဖြစ်သည်။

ကန့်လန့်နိုင်လှသော ကိစ္စတစ်ခုမှာ လွတ်လပ်သော ကုန်သွယ်ရေးကို ဆန့်ကျင်သူများက သူတို့သည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ အလုပ်သမားတွေကို ကာကွယ်စောင့်ရှောက်ရန် ကြိုးစားနေခြင်းဖြစ်သည်ဟု ပြောဆိုခြင်းဖြစ်သည်။ သို့သော်သွင်းကုန်ခွန်များနှင့် ထောက်ပံကြေးများသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ အလုပ်သမားများကို အများဆုံးထိခိုက်ကာ အဆုံးသတ်ကြသည်။ ဥပမာ အမေရိကန် ဝါဂွမ်းထောက်ပံ့ကြေးများသည် ၂၁ ရာစု အစပိုင်းတွင် အနောက်အာဖရိက အဓိက အားဖြင့် မာလီ၊ ချဒ်၊ ဘာဇီနာ–ဖာဆိုအီနှင် ဟူသော သက်မွေးဝမ်းကျောင်းမှုအတွက် ဝါဂွမ်းကို အားကိုးရသော ဝါဂွမ်းစိုက်လယ်သမားတို့၏ ဝင်ငွေကို ၃၀ %ကျဆင်းစေသည်။

ဖွံ့ဖြိုးဆဲနိုင်ငံအတော်များများ၏ ပို့ကုန်သည် အဓိကအားဖြင့် လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်များဖြစ်ရာ အဓိကအားဖြင့် ဂျပန်၊ အမေရိကန်၊ ဥရောပတို့ပါဝင်သော မြောက်ဘက်ခြမ်းမှ ဖွံ့ဖြိုးပြီးနိုင်ငံများရှိ လယ်သမားများသည် စရိတ်သက်သက်သာသာနှင့် ဝင်ရောက်ပြိုင်ဆိုင်မှုကြောင့် ၎င်းတို့၏အမြတ်ထိခိုက်မည်ကို စိုးရိမ်ကြသည်။ သို့ဖြစ်၍ ပြင်းပြင်းထန်ထန်ပင်၊ ဖွံ့ဖြိုးဆဲနိုင်ငံများကို ၎င်းတို့အားအကာအကွယ် အစောင့်အရှောက် ပေးထားသော ဈေးကွက်အတွင်း ဝင်ရောက်ခွင့်ပြုရန် အားထုတ်မှုများကို တစ်ခါတစ်ရံ ပြင်းပြင်းထန်ထန်ပင် ဆန့်ကျင်သည်။ ဥပမာ– ဥရောပသမဂ္ဂတွင် သွင်းကုန်ပမာဏခွဲတမ်း သတ်မှတ်မှုနှင့် ထောက်ပံ့ကြေးပေးမှု အမျိုးမျိုးကြောင့် နိုင်ငံခြားမှလယ်ယာစိုက်ပျိုးရေး ထုတ်ကုန်များ မဝင်ရောက်နိုင်ကြဘဲ၊ အလွန်အမင်း ထောက်ပံ့ကြေးပေးခြင်းကြောင့် ချမ်းသာသောနိုင်ငံများမှ လယ်သမားများအင်အားကြီးမားလာပြီး ဖွံ့ဖြိုးဆဲနိုင်ငံများ လယ်ယာစိုက်ပျိုးရေး ပို့ကုန်များ တိုးပွားကာ အရေးပါသော နိုင်ငံခြားငွေ ရရှိနိုင်သည့် အလားအလာကို ဖျက်ဆီးပစ်လိုက်ကြသည်။

မမှန်ဟုထင်ရသော်လည်း အကယ်၍ဖွံ့ဖြိုးဆဲနိုင်ငံများ အစားအစာတင်ပို့ခွင့်ပြုလိုက်လျှင် ငတ်မွတ်ခေါင်းပါးမှုကို ပို၍ရှောင်ရှားနိုင်မည်။ ကန့်သတ်တားဆီးထားသော သွင်းကုန်ခွန်နှင့် ခွဲတမ်းသတ်မှတ်ချက်များ၊ ချမ်းသာသောနိုင်ငံများမှ လယ်သမားများကို အလုံးအရင်းနှင့်ပေးသော ထောက်ပံ့ကြေးများသည် ဆင်းရဲသောနိုင်ငံများမှ စိုက်ပျိုးရေးကဏ္ဍတိုးတက်ကြီးပွားရန် အလားအလာကို လျော့နည်းစေသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် မိုးလေဝသအပေါ်မူတည်၍ အတက်အကျလှည့်ပတ်ပြောင်းလဲနေသော လုပ်ငန်းဖြစ်ရာ အထွက်တိုးသည့်နှစ်များ အထွက်ဆုတ်သည့်နှစ်များ တစ်လှည့်စီဖြစ်နေကြသဖြင့် ဆင်းရဲသောနိုင်ငံများမှ လယ်သမားများအနေဖြင့် ရာသီဥတုကောင်းချိန်တွင် ပိုမိုစိုက်ပျိုးကြွယ်ဝရန် မတတ်နိုင်၍ အခက်အခဲနှင့်တွေ့ကြုံချိန်တွင် ရှင်သန်နိုင်စွမ်းကို လျော့ကျစေသည်။

ဆင်းရဲသော စိုက်ပျိုးရေးနိုင်ငံများမှ လယ်သမားများအနေဖြင့် ကြွယ်ဝချမ်းသာရန် အကောင်းဆုံးနည်းမှာ ပိုလျှံသောသီးနှံများကို တင်ပို့ရောင်းချခြင်းပင်ဖြစ်သည်။ ထို့အပြင် အကူအညီပေးရေး အစီအစဉ်အတော်များများက သူတို့အကူအညီပေးသော ရိက္ခာသည် ဖွံ့ဖြိုးဆဲ နိုင်ငံ

mgly . co m

mgyoe.com

များမှရသော ရိက္ခာများဖြစ်ရမည်ဟု သတ်မှတ်ထားသည်။ အထူးသဖြင့် အမေရိကန်နှင့် ဥရောပ သမဂ္ဂ၏ အကူအညီပေးရေးအစီအစဉ်များတွင် ထိုသို့ သတ်မှတ်ထားသည်။ ထိုအကူအညီ ပို့ကုန်များသည် နိုင်ငံခြားဈေးကွက်ကို ကြီးပွားပြီး ပြည်တွင်းထုတ်လုပ်မှုကို ဖျက်ဆီးပစ်သည်။

တစ်ကမ္ဘာလုံးအကျုံးဝင်သော လွတ်လပ်သည့်ကုန်သွယ်ရေး သဘောတူညီချက်သည် မည်သည့် အဟုန့်အတားတွေကို ပယ်ဖျက်ဟု ဆုံးဖြတ်ရခက်နေသော ပြဿနာကို ဖြေရှင်းပေးပြီး ကမ္ဘာ ပေါ်ကနိုင်ငံတိုင်း၏ သဘောတူညီမှုရရှိရေးသည် လွယ်ကူသောအလုပ် မဟုတ်ပေ။ လွတ်ဂလပ်သော ကုန်သွယ်ရေးဆွေးနွေးပွဲများသည် ၂၁ ရာစု အစပိုင်းတွင် အရှိန်နှေးသွားခြင်းမှာ မြောက်ဘက်ခြမ်းရှိ ချမ်းသာသော နိုင်ငံများက စိုက်ပျိုးရေးထုတ်ကုန်များ အပေါ်အတားအဆီးများ လျှော့ချရန် ဝန်လေးနေကြခြင်းကြောင့် ဖြစ်သည်။ ပို၍ဆိုးစေသော အကြောင်းတရားမှာ ဖွံ့ဖြိုးဆဲနိုင်ငံများကလည်း ကုန်ချောထုတ်ကုန်များအတွက် မိမိတို့၏ဈေးကွက်ကို ဖွင့်ပေးရန် ပို၍ဝန်လေးလာကြခြင်းကြောင့်ဖြစ်သည်။

ဤအခါ နိုင်ငံငယ်အတော်များများက အကျိုးကျေးဇူးကို မြင်လွယ်ပြီး အမြစ်တွယ်နေသော ထောက်ပံ့ကြေးတွေကို များများစားစားလျှော့ချရန်မလိုသော အကျိုးကျေးဇူးတွေကပိုမိုမြင်သာသိသာသဖြင့် လက်ခံရန် လွယ်ကူသော နှစ်နိုင်ငံချင်း သဘောတူညီချက် အငယ်စားလေးဖြင့် စတင်ရန် ဆုံးဖြတ်ကြသည်။ ဥပမာ– မလေးရှားက ပထမဆုံးလွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ်ကို ဂျပန်နိုင်ငံနှင့် လက်မှတ်ထားသည်။ ဂျပန်သည် ယခင်က ကာကွယ်စောင့်ရှောက်ထားသော မလေးရှားဈေးကွက်အတွင်းသို့ မော်တော်ယာဥ်များ တင်ပို့နိုင်ပြီး အတို့အလှည့်အားဖြင့် မလေးရှားမှသုံးထပ်သားများ၊ အပူပိုင်းဒေသထွက် သစ်သီးများ၊ ပုဇွန်များကို ဂျပန်က လက်ရှိထောက်ပံ့ကြေးပေးနေသည့် စနစ်ကိုပြောင်းလဲရန်မလိုဘဲ တင်သွင်းခွင့်ပြုသည်။ အမေရိကန်ပြည်ထောင်စုကလည်း တောင်ကိုးရီးယား၊ ဗီယက်နမ်၊ လက်တင်အမေရိကနိုင်ငံအတော်များများတို့နှင့် နိုင်ငံလွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ်များ ရေးထိုးသည်။ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ်များ လက်မှတ်ရေးထိုးပြီးလျှင် ထိုစာချုပ်ပါကတိအတိုင်း နိုင်ငံများလေးစားလိုက်နာစေမည့် ယန္တရားတစ်ရပ်လိုအပ်သည်။ ထို့အပြင် ကုန်သွယ်မှုကို စောင့်ကြည့်ရန် နှစ်နိုင်ငံကော်မရှင်များကိုလည်း တည်ထောင်သည်။ ကမ္ဘာတစ်ဝန်း ကုန်သွယ်ရေးကိစ္စများကို စောင့်ကြည့်ကာ အငြင်းပွားမှုများကို စနစ်တကျဖြေရှင်းပေးမည့် ဆွစ်ဇာလန်အခြေစိုက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization) လို အဖွဲ့လေးတွေ ဖြစ်သည်။

အခြား နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံအဆင့်ကိုကျော်သွားသည့် အဖွဲ့အစည်းများကဲ့သို့ပင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကို ၂၁ ရာစု စီးပွားရေးအဆောက်အအုံတွင် ကြုံတွေ့ရသော ပြဿနာအမျိုးမျိုးအတွက် အပြစ်တင်ကြသော်လည်း အငြင်းပွားနေကြသူများက မိမိတို့၏ မကျေနပ်ချက်များဖော်ထုတ်ရန် နေရာတစ်ခုထက်မပိုဘဲ ဖြစ်နေသည်။ အခြေခံအားဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သည် မည်သည့်နိုင်ငံကိုမျှ ၎င်းနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ကျော်လွန်၍ လုပ်ဆောင်ရန် ဖိအားပေးနိုင်သော စွမ်းအားမရှိပေ။ တစ်ခုတည်းသော ပြစ်ဒဏ်ပေးနိုင်သည့်

mgyoe.com

mgyoe.com


နည်းလမ်းမှာလည်း တရားမဝင်ကုန်သွယ်ရေး အဟန့်အတားဒဏ် ခံစားနေရသော နိုင်ငံတစ်နိုင်ငံကလည်း သွင်းကုန်ခွန်လို၊ ကုန်သွယ်ရေးအဟန့်အတား တစ်ခုတည်ထောင်ရန် ခွင့်ပြုသည့် နည်းဖြစ်သည်။ ဥပမာ–အမေရိကန်နိုင်ငံကို ဥရောပသမဂ္ဂက လွတ်လပ်စွာ ငှက်ပျောသီး တင်သွင်းခွင့်မပြုသည့်အခါ အမေရိကန်ကို truffles Roquefort ဒိန်ခဲနှင့် အီတလီထွက်ကုန်များ အပါအဝင် ထုတ်ကုန်အမျိုးမျိုးကို သွင်းကုန်ခွန်ကောက်ခံခွင့်ပြုခဲ့ခြင်းဖြစ်သည်။

နိုင်ငံအတော်များများက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်အားလုံးကို သဘောမတူသော်လည်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ မူဘောင်အတွင်းမှ ကုန်သွယ်ခြင်းသည် ၎င်းတို့၏အကျိုးစီးပွားအတွက် အကောင်းဆုံးဖြစ်ကြောင်း တွေ့ရှိရသည်။ အားနည်းချက်ရှိသော ဖျန်ဖြေရေးစနစ်တစ်ခုသည် ကုန်သွယ်မှုကို ထိမ်းကျောင်းရန်မူဘောင်မရှိသဖြင့် ပရမ်းပတာဖရိုဖရဲဖြစ်ရသည် ထက်ပိုကောင်းသည်ဟု လက်ခံကြသည်။ အဆိုးဆုံးအခြေအနေမှာ နိုင်ငံတစ်နိုင်ငံက ကြိုက်သည့်အချိန်တွင် နှုတ်ထွက်နိုင်ပြီး ထိုသို့ နှုတ်ထွက်ခြင်းကြောင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးခံစားရသည့် ပဋိပက္ခများဖြေရှင်းရာတွင် စနစ်တကျ ဖြေရှင်းခွင့်မျိုးကိုမူ စွန့်လွှတ်ရမည်ဖြစ်သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကို ချမ်းသာသည့်နိုင်ငံများမှ ဆန္ဒပြသူများက ပတ်ဝန်းကျင်နှင့် အလုပ်သမားစံချိန်စံညွှန်းများ အထူးသဖြင့် ကမ္ဘာပေါ်က ဆင်းရဲသောနိုင်ငံများကို ကာကွယ်စောင့်ရှောက်ရန် ခိုင်ခိုင်မာမာမရှိသည့်အတွက် ဝေဖန်ခံရသည်။ အခြားတစ်ဖက်၌လည်း ဖွံ့ဖြိုးဆဲနိုင်ငံများက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သည် ချမ်းသာသောနိုင်ငံများ၏ ပတ်ဝန်းကျင်နှင့် လုပ်သားစံချိန်စံညွှန်းတောင်းဆိုမှုကို ဖြည့်ဆည်းရန်ကြိုးစားနေခြင်းသည် ဖွံ့ဖြိုးပြီးနိုင်ငံများက ကမ္ဘာ့စီးပွားရေးအဆောက်အအုံအတွင်းသို့ အပြည့်အဝဝင်ရောက်ခြင်း မပြုနိုင်ရန်တားဆီးသောနည်းလမ်းတစ်ခုထက်မပိုမည်ကို စိုးရိမ်ကြသည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ကုန်သွယ်ရေးအငြင်းပွားမှုများကို ဖြေရှင်းပေးသည့် ဖိုရမ်တစ်ခုသာဖြစ်သဖြင့် ကုလသမဂ္ဂနှင့် နိုင်ငံတကာ အလုပ်သမားအဖွဲ့ချုပ်တို့ကဲ့သို့သော တခြားအဖွဲ့အစည်းများက ပတ်ဝန်းကျင်နှင့် အလုပ်သမား စံချိန်စံညွှန်းကိစ္စများနှင့် ဆက်နွယ်သော အငြင်းပွားမှုများကို ဖြေရှင်းရန် တိုက်တွန်းသည်။

လွတ်လပ်သော ကုန်သွယ်ရေးကြောင့် ထင်ရှားသိသာသော အကျိုးကျေးဇူးများ ရှိသော်လည်း ကုန်သွယ်ရေးအဟန့်အတားများသည် အမြဲတမ်းရှိနေပြီး နောင်လည်း အမြဲတမ်း ရှိနေဦးမည်ဖြစ်သည်။ အဓိကအချက်မှာ လက်ရှိလုပ်ငန်းစုတွေ လုပ်ငန်းတွေကို ထိခိုက်မှုအနည်းဆုံးဖြစ်ကာ ကမ္ဘာပေါ်ရှိ ဆင်းရဲသောဒေသများကို ဖွံ့ဖြိုးစေသောနည်းဖြင့် လွတ်လပ်သော ကုန်သွယ်မှုမြှင့်တင်မည့်နည်းလမ်းကို ရှာဖွေရန်ဖြစ်သည်။ ကမ္ဘာ့ကုန်သွယ်ရေးစနစ်ကို ဖျက်သိမ်းခြင်းသည်၊ လက်ရှိစီးပွားရေးပြဿနာများကို ပိုမိုဆိုးဝါးစေပြီး အလုပ်သမားများ စက်မှုလုပ်ငန်း ခေါင်းဆောင်များကို ထိခိုက်စေမည့် စီးပွားရေးတိုးတက်မှု နှေးကွေးခြင်းနှင့် တွေ့ရစေနိုင်ပါသည်။ ဥပမာ–အလုပ်သမားများ၏ အမှန်တကယ်လုပ်ခများ တိုးမြှင့်ရန်အတွက် အစိုးရများက ပို့ကုန်လုပ်ငန်းများ တိုးတက်ကြီးပွားလာစေရန် ပြည်ပဈေးကွက်ဝင်ရောက်မှုကို ချဲ့ထွင်ရန်လိုအပ်ပါသည်။

mgyoe.com

mgyoe.com

နိုင်ငံခြားမှယှဉ်ပြိုင်မှုများသည် ကုမ္ပဏီများထုတ်လုပ်မှု စွမ်းအားပိုမိုမြင့်မားလာစေရန် ထိုမှတစ်ဆင့် နိုင်ငံတစ်ခုလုံး၏ ဘဏ္ဍာရေးပိုမိုကြွယ်ဝချမ်းသာလာစေရန်အတွက် ခေတ်ကူပစ္စည်းတစ်ခု အဖြစ်ဆောင်ရွက်နိုင်သည်။ စင်စစ်၊ အလုပ်လက်မဲ့ဖြစ်သွားသော လုပ်သားတွေကို လေ့ကျင့်သင်ကြားပေးမှုများ တတ်နိုင်သမျှ အလုပ်လက်မဲ့အာမခံကာလ တိုးချဲ့ပေးခြင်းတို့ဖြင့် အကူအညီပေးနိုင်ပါသည်။ သို့သော်ကုန်သွယ်မှုမလုပ်ဘဲ နေခြင်းသည်။ ၂၁ ရာစု အမေရိကန်စီးပွားရေးအဆောက်အအုံတွင် ဒေါ်လာ ၁ ထရီလီယံကျော် ထိခိုက်ပြီး တိုက်ရိုက်ထိခိုက်မှုများသာမကဘဲ ကမ္ဘာ့စီးပွားရေး အဆောက်အအုံကြီးတစ်ခုလုံးကို ပြင်ဆင်ဖာထေး၍ မရတော့သည့် အန္တရာယ်များ ဖြစ်စေနိုင်သည်။

ကုန်သွယ်မှုကို အမှန်တကယ် ထိထိရောက်ရောက် လှုံ့ဆော်ပေးသည့်နည်းမှာ ဒေသအလိုက်သော်လည်းကောင်း ကမ္ဘာတစ်ခုလုံးနှင့်ခြုံ၍သော်လည်းကောင်း လွတ်လပ်သော ကုန်သွယ်ရေးဇုန်များ တည်ထောင်ခြင်းဖြစ်သည်။ လွတ်လပ်သောကုန်သွယ်ရေးဇုန်၏ အခြေခံသဘောတရားမှာ ဇုန်အတွင်းရှိနိုင်ငံများအကြား အရင်းအနှီး၊ ကုန်စည်နှင့်ဝန်ဆောင်မှုများ ရွေ့လျားနိုင်ရန်အတွက် အဟန့်အတားအားလုံး ဖယ်ရှားရန်ဖြစ်သည်။ အများအားဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား သွင်းကုန်ခွန်နှင့် သွင်းကုန်အချိုးအစားခွဲတမ်း သတ်မှတ်ချက်များ ဖြုတ်လှဲလေ့ရှိသည်။

ဥရောပသမဂ္ဂက ၁၉၅၇ ခုနှစ်တွင် ဥရောပစီးပွားရေး အဝန်းအဝိုင်းကို ထူထောင်ကာ ပြင်သစ်၊ အနောက်ဂျာမနီ၊ အီတလီ၊ ဘယ်လ်ဂျီယမ်၊ နယ်သာလန်၊ လူဇင်းဘတ်တို့ကို လွတ်လပ်သော ကုန်သွယ်ရေးဇုန်ထဲဆွဲထည့်ခဲ့သည်။ နှစ် ၅၀ ကြာသည့်အခါ တိုက်ကြီးတစ်တိုက်လုံးပါဝင်လာခဲ့သည်။ ၂၁ ရာစု ပထမပိုင်းနှစ်များအတွင်း နိုင်ငံသစ် ၁၀ နိုင်ငံထပ်ဝင်လာကာ အဖွဲ့ဝင် ၂၅ နိုင်ငံဖြစ်လာခဲ့ပြီး၊ တူရကီနှင့်ယခင်ယူဂိုဆလားဗီးယားသမ္မတနိုင်ငံမှ နိုင်ငံများသည်၊ အနာဂတ်တွင်အဖွဲ့ဝင်နိုင်ငံများဖြစ်လာနိုင်သည်။

ဥရောပသမဂ္ဂသည်၊ ကုန်သွယ်ရေးသက်သာကိုသာ ဦးတည်သော သမဂ္ဂအဖြစ် အစပျိုးခဲ့သော်လည်း ၂၁ ရာစုနှစ်အဆုံးတွင် လက်မှတ်ရေးထိုးခဲ့သော မက်စထရစ်သဘောတူ စာချုပ်သည် ဘုံဈေးကွက်ကို တကယ့်စီးပွားရေးနှင့် နိုင်ငံရေးသမဂ္ဂဖြစ်လာစေခဲ့သည်။ မက်စထရစ် စာချုပ်ပေါ်ပေါက်ပြီးနောက် ပေါ်တူဂီနိုင်ငံသားများသည် လန်ဒန်မှ အေသင်အထိ ကြိုက်ရာဒေသတွင် နေထိုင်အလုပ်လုပ်ကိုင်နိုင်ကြသည်။ မည်သည့်လုပ်ထုံးလုပ်နည်းတွေမှ မလိုဘဲကုန်ပစ္စည်းတွေ ဖင်လန်မှ အီတလီအထိ စီးဆင်းနိုင်ကြပြီး ငွေကြေးတွေကလည်း မက်ဒရစ်မှ ဖရန့်ဖတ်အဆုံး အတားအဆီးမရှိ စီးဆင်းနိုင်ကြသည်။

၁၉၉၉ ခုနှစ်တွင် ယူရိုငွေကို မိတ်ဆက်ကျင့်သုံးခြင်းသည်၊ ဘုံငွေကြေးကို လက်ခံကျင့်သုံးရန် ဆုံးဖြတ်သော ဥရောပသမဂ္ဂအဖွဲ့ဝင် ၁၁ နိုင်ငံအကြား တကယ့်အဟန့်အတားမဲ့ ကုန်သွယ်ရေးကို ဖြစ်ပေါ်စေသည်။ ဒိန်းမတ်၊ ဆွီဒင်နှင့် ယူကေတို့သည် မိမိနိုင်ငံ၏ငွေကြေးကို ဆက်လက်ကိုင်တွယ်ရန် ဆုံးဖြတ်ခဲ့သကဲ့သို့ အဖွဲ့ဝင်နိုင်ငံသစ်ပေါင်းများစွာကလည်း ဆက်လက်

mgyoe.com


ကျင့်သုံးနေကြသည်။ ၎င်းတို့သည် ဥရောပဗဟိုဘဏ်က ယူရိုဇုန်တွင် ဝင်ရောက်ရန် ခွင့်ပြုချက်ကို စောင့်ဆိုင်းနေကြသည်။ ဥရောပသမဂ္ဂပဋိညာဉ်ကို အတည်ပြုနိုင်ခြင်းမရှိခဲ့သော်လည်း အဖွဲ့ဝင်နိုင်ငံများသည် ၂၀၀၇ ခုနှစ်တွင် ဥရောပသမဂ္ဂဆုံးဖြတ်ချက်တွင် တညီတညွတ်တည်း သဘောတူညီမှုရရန် လိုအပ်ချက်ကို ဖျက်သိမ်းခြင်းအပါအဝင် ဥရောပသမဂ္ဂ၏ လုပ်ထုံးလုပ်နည်းများ ချောမွေ့ရန် အားထုတ်ခဲ့သည်။ ဥရောပသမဂ္ဂ၏ ဥက္ကဋ္ဌရာထူးကိုလည်း ၆ လ တစ်ကြိမ်အလှည့်ကျ ထမ်းဆောင်မည့်အစား ၂ နှစ်ဆက်တိုက် ထမ်းဆောင်စေသည်။

ဆွစ်ဇာလန်၊ လိုင်ချင်စတိန်း၊ အိုက်စလန်နှင့် နော်ဝေးတို့ကဲ့သို့သော သမဂ္ဂအဖွဲ့ဝင်မဟုတ်သည့် အနောက်ဥရောပနိုင်ငံများက စောင့်ကြည့်သည့်မူဝါဒကို ချမှတ်ခဲ့သည်။ သမဂ္ဂအတွင်းသို့ တရားဝင် ဝင်ရောက်ခြင်းမပြုသေးပဲ နှစ်နိုင်ငံကုန်သွယ်ရေး သဘောတူညီချက်များမှတစ်ဆင့် ဥရောပဈေးကွက်ကို ဝင်ရောက်ခွင့်ရရန် ရွေးချယ်မှုပြုလုပ်လာကြမည်။ အတန်အသင့်ပိုမိုကြွယ်ဝချမ်းသာသောနိုင်ငံများသည် ဥရောပလွတ်လပ်သော ကုန်သွယ်ရေးအသင်း (European Free Trade Association) ဖွဲ့ကာ ၎င်းတို့ အချင်းချင်းအကြား အတားအဆီးမဲ့ ကုန်သွယ်ရေးကို ယခင်က လုပ်ဆောင်ခဲ့ကြသည်။

ဥရောပသမဂ္ဂနှင့်မတူဘဲ မြောက်အမေရိက လွတ်လပ်သော ကုန်သွယ်ရေးအဖွဲ့ (The North American Free Trade Organization) ကို ကနေဒါ၊ အမေရိကန်ပြည်ထောင်စုနှင့် မက္ကဆီကိုတို့က ဖွဲ့စည်းခဲ့ပြီး မူလရည်ရွယ်ချက်ဖြစ်သော ကုန်စည်နှင့် ဝန်ဆောင်မှုလွတ်လပ်စွာ ကုန်သွယ်မှုမြှင့်တင်ရေးကိုသာ ဆောင်ရွက်သည်။ စီးပွားရေး၊ ငွေရေးကြေးရေးနှင့် နိုင်ငံရေးသမဂ္ဂဖြစ်ရန် စီမံကိန်းလုံးဝမရှိပေ။ ထို့အပြင် အုပ်စုပြင်ပမှဝင်ရောက်လာသော ကုန်စည်များအပေါ် ဘုံသွင်းကုန်ခွန်နှင့် အရေအတွက်ခွဲတမ်းသတ်မှတ်ရန်လည်း ကြိုးစားခြင်းမရှိပေ။ အာတိတ်ဒေသမှ ကာရေဘီယံကမ်းခြေများအထိ ကျယ်ပြန့်သော်လည်း၊ NAFTA ၏ရည်မှန်းချက်သည် နိုင်ငံတိုင်း၊ မိမိ၏အားသာချက်မှ အကျိုးရှိစေရန်ဖြစ်သည်။ ဥပမာ Yukon တွင်ဆေးရွက်ကြီးနှင့် ငှက်ပျောသီးတွေ စိုက်ပျိုးရန်မကြိုးစားဘဲ ကနေဒါလူမျိုးတွေက တောင်ဘက်အရပ်ရှိ အိမ်နီးချင်းများထံမှ ထိုပစ္စည်းတွေသွင်းယူပြီး သစ်နှင့် ဘဏ်လုပ်ငန်းကဲ့သို့သော အခြားကုန်စည်နှင့်ဝန်ဆောင်မှုတွေကို ပြန်ပေးလျှင် ပိုကောင်းမည်ဟု တွက်ဆသည်။

အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါတို့ရှိ အမြော်အမြင်ကြီးမားသော အစိုးရအရာရှိတွေက မက္ကဆီကိုရှိလုပ်ခနိမ့် စက်မှုလုပ်ငန်းများ၏ ကြီးမားလာသော ပြိုင်ဆိုင်မှုတွေရှိနေသော်လည်း ရေရှည်၌ NAFTA သည်၊ ဒေသခံစက်မှုလုပ်ငန်းစုများတွင် အလုပ်အကိုင်များ တိုးပွားလာကာ ကုန်သွယ်မှု တိုးချဲ့ခြင်း၏ အခွင့်အလမ်းကို ရယူနိုင်မည်ဖြစ်သည်။

အများအားဖြင့်သူတို့ မှန်သည်။ ၂၁ ရာစု အစပိုင်းတွင် ကုန်စည်နှင့်ဝန်ဆောင်မှု ကုန်သွယ်ရေးကို တိုးချဲ့လာသည်နှင့်အမျှ ပြိုင်ဆိုင်မှုကြောင့် အလုပ်ပြုတ်သူတွေထက် အလုပ်အကိုင် အတော်များများကို ဖန်တီးနိုင်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့၌ အလုပ်အကိုင်တွေတိုးပွားကာ စီးပွားရေးတိုးတက်လာခဲ့ရာ၊ NAFTA က မက္ကဆီကိုတွင် အလုပ်



အကိုင်သစ်နှင့် စီးပွားရေးလုပ်ငန်းများကို ဖန်တီးနိုင်ပြီး ဆင်းရဲမှုလျှော့ပါးရေး၊ မြောက်ဘက်ခြမ်းရှိ နိုင်ငံများသို့ ရွှေ့ပြောင်းမှု ဖိအားလျှော့ကျရေးတို့အတွက် အထောက်အကူပေးနိုင်ခဲ့သည်။

ဥရောပနှင့်မြောက်အမေရိကတွင် လွတ်လပ်သော ကုန်သွယ်ရေးဇုန်များ၏ အောင်မြင်မှုကို အားကျ၍ ကမ္ဘာပေါ်ရှိသေသ အတော်များများက ကိုယ်ပိုင်လွတ်လပ်သော ကုန်သွယ်ရေးဇုန်ကြီးများကို တည်ထောင်ရန်ကြိုးစားလာကြသည်။ မြောက်အမေရိကတွင် Mercosur သည်၊ တောင်ဘက်ခြမ်းရှိ နိုင်ငံများကို လွတ်လပ်သောကုန်သွယ်ရေးဇုန်အုပ်စုတွင် ထည့်သွင်းနိုင်ခဲ့သည်။ တောင်ဘက်ခြမ်းတွင် အကြီးဆုံးနိုင်ငံနှစ်ခုဖြစ်သော ဘရာဇီးနှင့် အာဂျင်တီးနားတို့ကို ပါရာဂွေးနှင့် ဥရုဂွေး၊ ထို့နောက် ချီလီနှင့် ဘိုလီဗီးယားတို့က ပူးပေါင်းခဲ့ကြသည်။ ဥရောပသမဂ္ဂကဲ့သို့ပင် Mercosur သည် အဖွဲ့ဝင်နိုင်ငံများအကြား သွင်းကုန်များအပေါ် ဘုံသွင်းခွန်ကောက်ခံသည်။ ဘီယာနှင့် မော်တော်ယာဉ်မှအစ သစ်သီးဝလံနှင့် ဘဏ်လုပ်ငန်းအဆုံး၊ ကုန်သွယ်မှုအဆပေါင်းများစွာ တိုးတက်လာခဲ့သည်။

ထိုအချိန်တွင် မြောက်ဘက်အစွန်း၌ Ardean Pact ကို ချုပ်ဆိုပြီး ဗင်နီဇွဲလား၊ ကိုလံဘီယာ၊ ပီးရူး၊ အီကွေဒေါ်နှင့် ဘိုလီးဗီးယားတို့အကြား ကုန်သွယ်မှုအဟန့်အတားများ ဖယ်ရှားရန် ဖွဲ့စည်းခဲ့ကြသည်။ ဗဟိုအမေရိကနှင့် ကာရေဘီယန်ရှိ နိုင်ငံများကလည်း နှစ်ခုထက်မကသော လွတ်လပ်သည့် ကုန်သွယ်ရေးဇုန်များကို ဖွဲ့စည်းခဲ့ကြသည်။ ဗဟိုအမေရိက လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်တွင် အမေရိကန်နှင့် ဂွာတီမာလာ၊ ကိုစတာရီကာ၊ အယ်လ်ဆာဗာဒို၊ ဟွန်ဒူရပ်စ်၊ နီကာရာဂွာနှင့် ဒိုမိုနီကန် သမ္မတနိုင်ငံတို့ပါဝင်သည်။

mgyoe.com

mgyoe.com

ကာရေဘီယံအဝန်းအဝိုင်းတွင် ဂျမေကာ၊ ထရီနီဒက်၊ တိုဘာဂိုနှင့် အခြား ကာရေဘီယံ ကျွန်းနိုင်ငံ ၁၃ နိုင်ငံတို့ပါဝင်ခဲ့သည်။ အနောက်ဘက်ခြမ်းမှ ခေါင်းဆောင်များသည် ထိုသို့ တစ်ခုစီပြန့်ကျဲနေသော အုပ်စုများကို စုစည်းကာ အမေရိကနိုင်ငံများ၏ လွတ်လပ်သော ကုန်သွယ် ရေးဒေသ ဖွဲ့စည်းရန် ကြံစည်သော်လည်း နိုင်ငံတစ်နိုင်ငံစီအတွင်းရှိ အုပ်စုများ၏စီးပွားရေးနှင့် နိုင်ငံရေးဖိအားများကြောင့် နောက်ဆုံးသဘောတူညီချက်တစ်ရပ် ထွက်ပေါ်လာနိုင်ခြင်းမရှိပေ။

အာရှဒေသတွင် လွတ်လပ်သော ဈေးကွက်ဇုန် ပေါ်ပေါက်ရေးအတွက် နိုင်ငံဆယ်နိုင်ငံ က အာဆီယံအသင်းကြီးကို ဖွဲ့စည်းတည်ထောင်ပြီး ၂၀၁၅ ခုနှစ်တွင် လွတ်လပ်သော ကုန်သွယ် ရေးဇုန် တစ်ခုပေါ်ပေါက်လာမည်ဖြစ်သည်။ ယခုအခါ တရုတ်နှင့် ဂျပန်တို့ကို ဆွေးနွေးနေပြီး အမေရိကန် ပြည်ထောင်စုနှင့် လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်မှာ ရေးထိုးပြီးဖြစ်သော တောင်ကိုရီးယားနှင့် ဗီယက်နမ်တို့ကဲ့သို့သော အခြားအာရှနိုင်ငံများ၏ လှုပ်ရှားမှုကို တန်ပြန်ရန် ကြိုးစားနေကြသည်။ သို့သော် စိုက်ပျိုးရေးသွင်းကုန်များအပေါ် ၈၀၀ ရာခိုင်နှုန်းအထိ အခွန် ကောက်ခံရာမှ အကျိုးရှိနေသော အုပ်စုများ၏ဆန့်ကျင်မှုကြောင့်၊ စားနပ်ရိက္ခာတင်ပို့သော နိုင်ငံ များနှင့် သဘောတူစာချုပ်ချုပ်ဆိုရန် အရေးမှာဝေးနေဆဲ ဖြစ်သည်။

ကမ္ဘာ့ကုန်သွယ်ရေးဆွေးနွေးပွဲများတွင် အရေးပါသည့် အကြောင်းအရာတစ်ခုမှာ တရုတ် နှင့် အိန္ဒိယနိုင်ငံတို့ပါဝင်ရေးဖြစ်ပြီး သူတို့၏ကုန်သွယ်မှုအဟန့်အတားတွေ အတော်များများ ဖယ်ရှားပေးအောင် ဆွဲဆောင်နိုင်ဖွယ်ရှိသည်ဟု ယုံကြည်ခြင်းဖြစ်သည်။ ထိုအချက်သည် ကမ္ဘာနှင့် ချီ၍လွတ်လပ်သော ကုန်သွယ်မှုဇုန် ပေါ်ပေါက်လာရေးအတွက် အရေးကြီးသော ခြေလှမ်းတစ်ခု ဖြစ်သည်။ အရှေ့အာရှနှင့် တောင်အာရှရှိအခြား ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ပေါင်းလိုက်လျှင်၊ ကမ္ဘာ လူဦးရေ၏ တစ်ဝက်ကျော်ခန့်ရှိလာပြီး ဖွံ့ဖြိုးပြီးနိုင်ငံများထက် အဆပေါင်းများစွာရှိသော စီးပွားရေး တိုးတက်မှုနှုန်းကိုလည်း ရထားသည်။ အချို့စီးပွားရေး သုံးသပ်သူများက 'မဟာခေတ်မီရေး' ဟု ရည်ညွှန်းကြသလို ဒေသ၏ စီးပွားရေးစန်းပွင့်မှုသည် စီးပွားရေး အကျိုးသက်ရောက်မှုအရ ကြည့်လျှင် စက်မှုတော်လှန်ရေးနှင့် ဆင်တူသည်။ ကမ္ဘာနှင့်ချီ၍ လွတ်လပ်သော ကုန်သွယ်ရေးဇုန် မရှိသေးသောကာလတွင် ဒေသဆိုင်ရာသဘောတူစာချုပ်(သို့) နှစ်နိုင်ငံသဘောတူစာချုပ်ချုပ်ဆိုရန် ကြိုးစားသောနိုင်ငံတစ်နိုင်ငံသည် ၎င်းတို့၏ကုန်သွယ်ဖက်လောင်းလျာစာရင်းတွင် စန်းပွင့်နေသော အာရှနိုင်ငံများကိုလည်း ထည့်သွင်းရန်လိုသည်။

ကုန်သွယ်မှုအဟန့်အတားများသည် စီးပွားရေးတန်ဖိုး တစ်စုံတစ်ရာရှိသော်လည်း နိုင်ငံများ၏ အပြုအမူကိုပြောင်းလဲပစ်ရန်သိသာသော စွမ်းအားများရှိသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများ ကလေးလုပ်သား ကျွန်ပြုမှု၊ နှိပ်စက်မှု၊ စစ်ပွဲနှင့်အကြမ်းဖက်မှုဟူသော ကမ္ဘာ့ စီးပွားရေး အဆောက်အအုံတွင် တရားမဝင် ကျင့်ကြံပြုမူမှုများကို စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်ကာ ပြောင်းလဲပစ်နိုင်သည်။ အခြေခံအားဖြင့် စီးပွားရေးပိတ်ဆို့မှုနှစ်မျိုးရှိသည်။ စားသုံးသူများက သပိတ်မှောက်ခြင်းနှင့် ကုန်သွယ်မှုပိတ်ဆို့ခြင်းတို့ဖြစ်သည်။ စားသုံးသူများက သပိတ်မှောက်ခြင်း သည် ပုံစံအမျိုးမျိုးရှိပြီး စားသုံးသူတစ်ဦးချင်းက နိုင်ငံတစ်နိုင်ငံရှိထုတ်လုပ်သူများထံမှ ထုတ်ကုန်

mgyoe.com

 mgyoe.com 

များဝယ်ယူမှု ရပ်ဆိုင်းရန် ဆုံးဖြတ်ခြင်းမှအစ စားသုံးသူနှင့်စတိုးဆိုင်ပိုင်ရှင် သန်းပေါင်းများစွာ ပါဝင်သော လှုပ်ရှားမှုကြီးအထိ ရှိသည်။

ကံဆိုးသည်က အရောင်းလျော့သွားရုံဖြင့် နေ့ချင်းညချင်းအပြောင်းအလဲ ဖြစ်မသွားနိုင်ပေ။ သို့သော် ကမ္ဘာနှင့်ချီ၍ စားသုံးသူများ၏ သပိတ်မှောက်မှုသည် ပို၍အင်အားကြီးသော စီးပွားရေးမက်လုံးဖြစ်သည့် အမြတ်ကိုထိခိုက်နိုင်သဖြင့်၊ ထိရောက်သောလက်နက်ဖြစ်နိုင်သည်။ ဥပမာ– ရွှတ်တိုက်ပိုက်ဆွဲငါးဖမ်းရာမှ ရလာသော တူနာငါးများကို ဝယ်ယူရန်ငြင်းပယ်ခြင်းဖြင့် စားသုံးသူအုပ်စုများက နှစ်စဉ်လမ်းပိုင်းထောင်ချီ၍ သေနေသောလုပ်ထုံးလုပ်နည်းကို ရပ်တန့်သွားအောင် ဆောင်ရွက်နိုင်သည်။

ကုန်သွယ်ရေးပိတ်ဆို့မှုများကို အစိုးရများ (သို့) အစိုးရများပါဝင်သော ကုလသမဂ္ဂကဲ့သို့သော အဖွဲ့အစည်းများက နိုင်ငံတစ်နိုင်ငံ၏ အန္တရာယ်များသော (သို့) တရားမဝင်သော အပြုအမူကို ပြောင်းလဲရန်ဖိအားပေးရာတွင် အသုံးပြုသည်။ ကုန်သွယ်ရေးပိတ်ဆို့မှုများသည်၊ စီးပွားရေးအရတန်ဖိုးသိပ်မရှိဘဲ တင်ပို့သောနိုင်ငံသည် အခြားဝယ်ယူမည့်နိုင်ငံများ၊ မိမိတို့၏ကုန်စည်နှင့်ဝန်ဆောင်မှုကို တောင်းဆိုမှုနည်းသော ဈေးကွက်များတွင် ရောင်းချနိုင်သည်။ သို့သော်လည်းနိုင်ငံရေးနှင့် လူမှုရေးအပြောင်းအလဲများပြုလုပ်ရန် ထိရောက်သည်။ ဥပမာ– မြောက်အမေရိက အပေါ်ချမှတ်သော စီးပွားရေးပိတ်ဆို့မှုများသည် နျူကလီးယားလက်နက်များ ထုတ်လုပ်မည့် အစီအစဉ်ကို ရပ်ဆိုင်းစေသော အဓိကအကြောင်းတရားများတွင် အကြောင်းတရားတစ်ခုဖြစ်သည်ဟု ပြုယမ်းကထုတ်ဖော်ပြောကြားသည်။ ဒီမိုကရက်တစ် ကိုရီးယားသမ္မတနိုင်ငံကို အကြမ်းဖက်မှုအား ထောက်ခံအားပေးသော နိုင်ငံများစာရင်းမှ ပယ်ဖျက်လိုက်ခြင်းအားဖြင့် စီးပွားရေး၊ ပိတ်ဆို့မှုများကို ရုပ်သိမ်းလိုက်ခြင်းအားဖြင့် အမေရိကန်ပြည်ထောင်စုနှင့် အခြားနိုင်ငံများသည် စစ်ရေးခြိမ်းခြောက်မှုက နှစ်ပေါင်းများစွာရအောင် မလုပ်နိုင်သည်တို့ကို ရအောင်လုပ်နိုင်ကြသည်။

စီးပွားရေးပိတ်ဆို့မှုများ၏ သော့ချက်မှာ ထောက်ခံသူအလုံအလောက် ရရှိရေးပင်ဖြစ်သည်။ အကယ်၍ တစ်နိုင်ငံနှစ်နိုင်ငံကသာ စီးပွားရေးပိတ်ဆို့မှုလုပ်လျှင် ပိတ်ဆို့မှုခံရသော နိုင်ငံကသူ၏ အပြုအမူကို ပြောင်းလဲမည်မဟုတ်ပေ။ အမေရိကန်ပြည်ထောင်စုက အီရန်အပေါ်စီးပွားရေးပိတ်ဆို့မှု ပြုလုပ်သောအခါ အီရန်နှင့် ဆက်ဆံရန်ငြင်းပယ်ခြင်း၊ အီရန်ရေနံကို ဝယ်ယူရန်ငြင်းပယ်ခြင်းတို့ အီရန်ကနျူကလီးယားရည်မှန်းချက်ကို စွန့်လွှတ်ကာ၊ အကြမ်းဖက်မှုကို မထောက်ခံတော့သည်အထိ ပြုလုပ်သည်။ ထိုအခါအခြားနိုင်ငံများက ဝင်ရောက်ပြီး အီရန်လုပ်ငန်းများနှင့် သဘောတူစာချုပ်များလက်မှတ်ရေးထိုးသည်။ သို့သော်လည်း အမေရိကန်ပြည်နယ်နှင့် တက္ကသိုလ်အတော်များများက ရင်းနှီးမြှုပ်နှံမှုတွေကို ရွှေ့ပြောင်းပစ်ကြသည်။ အီရန်နှင့် အရောင်းအဝယ်လုပ်နေသော ကုမ္ပဏီများ၏ရှယ်ယာများကို ထုတ်ရောင်းကြသည်။ သို့သော် အခြား နိုင်ငံတွေက လိုက်မလုပ်လျှင် ရောင်းလိုက်သော အစုရှယ်ယာ လက်မှတ်များသည် အခြား ပင်စင်ရံပုံငွေများ ရင်းနှီးမြှုပ်နှံသူများထံရောက်သွားကာ အကျိုးသက်ရောက်မှု နည်းသွားသည်။

တစ်ဖက်သတ်ချမှတ်သော စီးပွားရေးပိတ်ဆို့မှုများသည်လည်း ခုတ်ရာတခြားရှရာတလွဲ

mgyoe.com

mgyoe.com
ဖြစ်နိုင်သည်။ မဟာမိတ်နိုင်ငံများနှင့် စိတ်ဝမ်းကွဲပြီး၊ နိုင်ငံတကာလှုပ်ရှားမှုများတွင် အခြားနိုင်ငံများ၏ ပူးပေါင်းပါဝင်လာနိုင်မှုကို လျော့ကျစေသည်။ အိရန်နိုင်ငံအပေါ် အမေရိကန်ပြည်က စီးပွားရေးပိတ်ဆို့သောအခါ အခြားနိုင်ငံများကိုလည်း ပါဝင်ရန်ဖိတ်ခေါ်သည်။ ညှိနှိုင်းမှုအားနည်းသော စီးပွားရေးပိတ်ဆို့မှု အစီအစဉ်များသည် ပစ်မှတ်ထားသောနိုင်ငံက ကုန်သွယ်မှု အတားအဆီးများ ချမှတ်သည်နှင့်ကြုံရပြီး နစ်ဖက်စလုံးရှိစားသုံးသူများနှင့် စီးပွားရေးလုပ်ငန်းများကို ထိခိုက်ကာ စီးပွားရေးပိတ်ဆို့မှုချမှတ်သော နိုင်ငံက ပစ်မှတ်နိုင်ငံအပေါ် အနာဂတ်တွင် သြဇာလွှမ်းမိုးနိုင်စွမ်းကို ထိခိုက်သည်။

နိုင်ငံအများစုပေါင်းကာ စီးပွားရေးသတင်းစကား ရှင်းရှင်းလင်းလင်းပါးသည့်အခါ လက်တုံ့ပြန်မည့်အလားအလာများ လျော့ပါးသွားသည်။ ဥပမာ– ကုလသမဂ္ဂ၌ သဘောတူညီလုပ်ဆောင်သော စီးပွားရေးပိတ်ဆို့မှုများသည် နိုင်ငံအတော်များများ၏ သဘောတူညီမှုကို ယူရသဖြင့် ပို၍ထိရောက်မှုရှိသည်။ ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်များသည် မလိုက်နာလျှင် အရေးယူမည့်နည်းလမ်းမရှိ၍ မလိုက်နာလျှင်လည်းဖြစ်သော်လည်း ကမ္ဘာတဝန်းလုံးမှ ထောက်ခံမှုကျယ်ကျယ်ပြန့်ပြန့်ရရှိထား၍ အတင်းအကြပ်လုပ်ရသည့် အခြေအနေမျိုးကို ရှောင်ရှားနိုင်သည်။

နောက်ဆုံး၌ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သည် သန်းပေါင်းများစွာသော လူတို့အတွက် သေရေးရှင်ရေးဖြစ်သည်။ ၂၁ ရာစုစီးပွားရေးအဆောက်အအုံတွင် ကမ္ဘာတဝန်းငတ်မွတ်ခေါင်းပါးမှုနှင့် စီးပွားရေးနေးကွေးမှုတို့သည် နိုင်ငံအတော်များများက ကြောင့်ကျစိုက်နေရသော ကိစ္စများဖြစ်သည်။ ချမ်းသာသည့်နိုင်ငံများမှ နိုင်ငံသားများက လွတ်လပ်သော ကုန်သွယ်မှုကို ဆန့်ကျင်ခြင်းသည် မှန်ကန်သည်ဟု ယူဆကြသည်။ ဒေသခံကုမ္ပဏီတွေ ဒေသခံအလုပ်သမားတွေကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်ဟု အကြောင်းပြသည်။ သို့သော် ကမ္ဘာတဝန်းက အလုပ်သမားတွေ၊ လယ်သမားတွေလည်း အလုပ်အကိုင်တွေ၊ ငွေကြေးအထောက်အပံ့တွေ လိုအပ်သည်။ ကမ္ဘာ့ဆင်းရဲသောဒေသများမှ အလုပ်သမားများအတွက် စဉ်ဆက်မပြတ်ရေရှည် တိုးတက်ရေးအတွက် တစ်ခုတည်းသော မျှော်လင့်ချက်မှာ ၎င်းတို့၏ကုန်စည်နှင့် ဝန်ဆောင်မှုများကို ရောင်းချနိုင်သော နိုင်ငံတကာဈေးကွက်များသို့ ဝင်ရောက်ခွင့်ရရေးပင်ဖြစ်သည်။

## ထောက်ပံ့ကြေးဆိုသည်မှာ

မိဘတွေထံမှ မုန့်ဖိုးရသည့် ကလေးတစ်ယောက်အကြောင်းကို စဉ်းစားကြည့်ပါ။ ထောက်ပံ့ကြေးများသည် အစိုးရက စီးပွားရေးလုပ်ငန်းများ အခက်အခဲအကြပ်အတည်းနှင့် ကြုံတွေ့ချိန်တွင် အကူအညီဖြစ်စေရန်ပေးသည်။ ထောက်ပံ့ကြေးအတော်များများသည် အခွန်ထမ်းများ၏ ငွေကိုအလဟဿဖြုန်းပစ်ခြင်းဖြစ်သည်ဟု စွပ်စွဲခံရသည်။ စွမ်းရည်နိမ့်သူကို အားပေးရာရောက်နေခြင်းကြောင့် ထိုသို့ စွပ်စွဲခံရခြင်းဖြစ်သည်။ နိုင်ငံအတော်များများ၌ စီမံခန့်ခွဲမှု ညံ့ဖျင်းကာ၊ စွမ်းရည်လည်းနိမ့်သောလုပ်ငန်းများသည် အစိုးရထံမှ ထောက်ပံ့ကြေးမရလျှင် ရှင်သန်နိုင်ကြမည်မဟုတ်ပေ၊ သင်္ဘောတည်ဆောက်ရေးလုပ်ငန်း၊ သံမဏိလုပ်ငန်းနှင့် အချို့သော စိုက်ပျိုးစီးပွားရေး
mgyoe.com